

ပဲခူးမြို့ ဆုတောင်းပြည့်

# ရွှေမော်ဓော

# စေတီတော်မြတ်ကြီး

# သမိုင်း



အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုန္ဒာစာရ ဆရာတော်ဘုရားကြီး
ပြုစီဖြည့်စွက်တည်းဖြတ်တော်မူသည်

ကောဒသမအကြိမ်



**Sabbapapassa akaranam, kusalassa upasampada, sacittapariyodapanam; etam buddhana' sasanam.**

**Not to do all evil,**
**to fulfil good,**
**to completely purify one's mind-**
**this is the Teaching of the Buddhas.**
**(from the book of Mahasi Abroad)**

ရွှေမော်ဓောစေတီတော် ဂေါပကအဖွဲ့မှ
ကေဒဿမအကြိမ်
ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့
# ဆုတောင်းပြည့်
# ရွှေမော်ဓောစေတီတော်မြတ်ကြီး
# သမိုင်း
## (မူဟောင်း)


နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
ပဲခူးမြို့၊ မြို့မစာသင်တိုက်ဦးစီးနာယကဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဘဒ္ဒန္တ ဣန္ဒာစာရ
မှ
ပြင်ဆင်ဖြည့်စွက်တည်းဖြတ်တော်မူသည်

# ရွှေမော်ဓောသမိုင်း

စီစဉ်သူ - ၂၀၁၇ ခုနှစ် ဂေါပကအဖွဲ့
ဆုတောင်းပြည့်၊
ရွှေမော်ဓောစေတီတော်မြတ်ကြီး
ပဲခူးမြို့

ထုတ်ဝေသူ - ဦးကျော်ကျော်ဝေ၊ ရွှက်စိမ်းစာပေ၊
(၀၀၀၄၇)၊ လမ်းမတော်၊ ရန်ကုန်။

ပုံနှိပ်သူ - ဦးခင်စိုး(၀၈၁၈)
မင်္ဂလာသောင်းပုံနှိပ်တိုက်
အမှတ်(၇၇)၊ (၂၀)လမ်း၊ ဈေးပိုင်း၊
ပဲခူးမြို့

မျက်နှာဖုံးရိုက် - မင်္ဂလာသောင်းပုံနှိပ်တိုက်၊ ပဲခူးမြို့

မျက်နှာဖုံးပန်းချီ - နေပန်းချီအောင်လှိုင်ဦး

၂၀၁၇ ခုနှစ် ဂေါပကအဖွဲ့၊ ဆုတောင်းပြည့်၊ရွှေမော်ဓောစေတီတော်မြတ်ကြီး
ပဲခူးမြို့

မှ


ပြင်ဆင်တည်းဖြတ်သည်

ကောဒသမအကြိမ်၊ ဇွန်လ (၂၀၁၇)ခုနှစ်

အုပ်ရေ (၃၀၀၀)



" ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး "
(ဒုတိယအကြိမ်) လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးနောက်ဖူးမြော်ရပုံ
(၁၃၆၀–၆၁) (၁၉၉၈–၉၉)



ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ညအချိန် ( SODIUM ) ဆလိုက်မီးများဖြင့်
ပူဇော်ထားစဉ် ဖူးမြော်ရပုံ (၁၉၉၃)



ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီးအား အနောက်ဘက် ခြင်္သေ့မုခ်ဦးမှ ဖူးမြော်ရပုံ
(၁၃၆၀–၆၁ / ၁၉၉၈–၉၉)



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
နိုင်ငံတော် ပရိယတ္တိသာသနာ တက္ကသိုလ်ကြီးများ၏ အဓိပတိ
ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက
ပဲခူးမြို့ ရွှေမော်ဓောစေတီဂေါပကအဖွဲ့ ညွှန်ကြားရေးမှူး ဩဝါဒါစရိယ
ပဲခူးမြို့ မြို့မစာသင်တိုက်ကြီး ၏ ပဓာနနာယက
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
**ဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော်ဘုရားကြီး**

# အချီး နိဒါန်း

တြိနာထ သကျသာကီဇာနည်ဥက္ကဋ္ဌ အလောင်းတော် သိဒ္ဓတ္ထသည်

ဘဝသု မေဓာ ဟိုအခါက –

**"သဗ္ဗညုတံ ပါပုဏိတွာန၊**

**သန္တာရေဿံ သဒေဝကံ"** ဟု

ထက်သန်သောစိတ်အားဖြင့် ကြုံးဝါးတော်မူခဲ့တိုင်း ဆုတ်ဆိုင်းမရှိ ပကတိ မြင့်မြတ်သောဆန္ဒတော်ဖြင့် သုံးဖြာစရိယ ပါရမီသမ္ဘာရတို့ကို ဖြည့်ကျင့်တော်မူပြီးလျှင် သုံးခွင်လောက၌ (**ဘိုးတော်အဋ္ဌနမင်း ဖြိုကြွင်းသက္ကရာဇ်(၁၀၃)ခု ဥတုဂီမှ ကဆုန်လပြည့်နေ့**) ဗုဒ္ဓအဖြစ်သို့ စင်စစ်ရောက်ရှိခဲ့လေ၏။ ယင်းသို့ရောက်ရှိပြီး ဗောဒိမဏ္ဍိုင် အနီး၌ သတ္တ သတ္တာဟာ စံနေတော်မူစဉ် ဒီ လှိုင်းပမာ ကရုဏာဖြင့် –

(က) ဥက္ကလာဇနပုဒ်မှ ရောက်ရှိလာသော တပုဿ၊ ဘလ္လိကညီနောင်တို့အား ဘုရားရှင်၏ ဇီဝသန္တာန်တော်မှ ဆံတော်ဓာတ်(၈)ဆူတို့ကိုလည်းကောင်း။

(ခ) ဆဋ္ဌဝါ–မကုလတောင်၊ ချယားတော်၌နေစဉ် **ဒုံဖိုင်းတူ** ခေါ်(**ဇောင်းတူ**)မြို့သား စူဠသာလ၊ မဟာသာလညီနောင်တို့အား အသက်ရှိဆဲ ဇီဝသန္တာန်တော်မှပင် ဆံတော်ရှင် (၂)ဆူတို့ကိုလည်းကောင်း။

ကိုယ်စားတော် ကိုးကွယ်ကြရန်ချီးမြှင့်ပေးသနားတော်မူကြောင်းများကို စာပေကျမ်းဂန်နှင့်သမိုင်းရာဇဝင်များ၌ တွေ့မြင်သိရှိရလေသည်။ ညွှန်ပြရာပါ ဆံတော်ဓာတ်များအနက် တပုဿ၊ ဘလ္လိကညီနောင်တို့ ပင့်ဆောင်ခဲ့သော ဆံတော်ဓာတ်ကို တိဂုမ္ဘစေတီတော်ကြီး(ရွှေတိဂုံ)၌ ဌာပနာ၍၊ စူဠသာလ၊ မဟာသာလညီနောင်တို့ ပင့်ဆောင်လာသော ဆံတော်ဓာတ်ကို ဟံသာဝတီ(ပဲခူး)နေပြည်တော် မော်ဓောစေတီတော်ကြီး(ရွှေမော်ဓော)၌ ကိန်းဝပ်ဌာပနာကြောင်းကိုလည်း ရှေးဟောင်း**"စေတီယဝံသကထာ"**တို့၌ တိုက်ရိုက်ဖွင့်ဆိုထားကြ၏။

သက္ကရာဇ်(၉၂၈)ခုတွင် ထင်ရှားသောနဝဒေးကြီး၏ ဟံသာဝတီမြို့ဖွဲ့(ရတု)တွင်လည်း –

**"နန္ဒဝန်က ၊ သက္ကမနှင့် ၊**

**မျှတနိုင်းချိန် ၊ တာဝတီ မှာ ၊**

**နန္ဒဝါသို့ ၊ ကြိုင်စွာပျံ့လှောင်း ၊**

**နံ့ကောင်းပန်းမန် ၊ ကျိုက်ပွန် ကျိုက်ပေါ ၊**

**မော်ဓော ကေသာ ၊ မဟာစေတီ ၊**

**လျှံညီရောင်မောင်း ၊ ရွှေကျောင်းဗိမာန်"** ဟူ၍ စပ်ဆိုထားသောကြောင့် ဆံတော်ဓာတ်အမှန်ဟု ဝေဖန်ယူဆနိုင်သည့်ပြင် **သီဃပူရမည်သော ဒုံဗိုင်းတူမြို့**မှ ဆံတော်ဓာတ်မြတ်(၂)ဆူကို ပင့်ဆောင်ခဲ့၍ **သုဒဿနကုန်း**သို့ ဆိုက်ရောက်လာရာ ထို(**သုဒဿန**)ကုန်း၏ တောင်မျက်နှာတွင် **ဘူမိဝဏ္ဏ စိတြရပ်ဌာနဌ် ပြည် ကွမ်းစားပမာ ဏ ဥဒကရေစင် ကြည်လင်သန့်ရှင်းရှိနှင့်ခြင်း** သတင်းစကားကြားဖူးထားသဖြင့် ရှာဖွေကြရာတွင် တွေ့မြင်လေရကား ဝမ်းမြောက်ရွှင်ပျ ဆံတော်ကို ရေသပ္ပါယ်ကြပြီးလျှင် ဌာပနာတိုက်မပြီးမီ ခေတ္တရပ်တန့်ပူဇော်ရာဌာနဖြစ်၍ ယနေ့တိုင်(**ဆံတော်တွင်း၊ ဆံတော်တွင်းရပ်ကွက်စသည်ဖြင့်ခေါ်ဝေါ်သုံးနှုန်းလျက်ရှိနေသည်**)များကို ပစ္စက္ခ လောကယုတ္တိ အားဖြင့် နားလည်နိုင်တော့၏။

**မှာထားချက် ။ ။ ဆံတော်ရေသပ္ပါယ်သောတွင်းနေရာမှာ ယခုစေတီပောင်းကို တွေ့ရှိရ၍ ထိုစေတီကို ဆံတော်တွင်းစေတီ(သို့မဟုတ်)ရွှေမော်ဓောနောင်တော်ကြီးစေတီဟူ၍ ခေါ်ဆိုကြ၏။ ထိုနောက်ဘုရင့်နောင်မြို့တည်စဉ်အခါ နန်းတော်ဦးဌာနဖြစ်၍ နန်းဦးစေတီ၊ နန်းဦးကျောင်းတိုက်ခေါ်တွင်ပြန်သည်ဟုသိရှိရ၏ ။**

# သွားတော်ဓာတ်

ကောဇာ(၃၄၄)ခုနှစ်၊ နန်းတက်သောအနုရုဒ္ဓမင်းလက်ထက် ဂဝံပထိထေရ်ကိုမှီ၍ သုဝဏ္ဏဘူမိတိုင်းသထုံဘုရင် သီရိမာသောက ရလိုက်သောဗုဒ္ဓ၏သွားတော်ဓာတ်တို့အနက် တစ်ဆူကို ဟံသာဝတီဘုရင်က ရခဲ့ရာ မူလဆံတော်ဓာတ်ကိန်းဝပ်ရာစေတီတော်၌ပင် ဌာပနာသည်ဟူ၏။

# စွယ်တော်

ထို့နောက် သက္ကရာဇ်(၅၄၅)ခုနှစ်တွင် ဗညားနွဲ့ဘွဲ့ခံ ရာဇာဓိရာဇ်မင်းလက်ထက်၌ သီဟိုဠ်ကျွန်းပဏ္ဍုရာမမင်းက သုမုတ္တာဒေဝီမည်သော သမီးတော်နှင့် ဗုဒ္ဓ၏စွယ်တော်၊ ထိုစွယ်တော်ဓါတ်ထည့်သောရွှေသပိတ်စသည်တို့ကို ဆက်သလာ၍ အဆိုပါ

စွယ်တော် သပိတ်ကိုလည်း မူလဆံတော်၊ သွားတော်တို့နှင့်အတူ ရွှေမော်ဓောစေတီ၌ပင် ဌာပနာ သည်ဟူ၏။

အချုပ်အားဖြင့်ပြဆိုရလျှင် ဆံတော်ရှင်နှင့်တကွ သွားတော်၊ စွယ်တော် စသော သရီရဓာတ်တော်အမျိုးမျိုးတို့၏ ကိန်းဝပ်စံပါယ်ရာစေတီတော်ကြီးဖြစ်၍ ထိုဓာတ်တော်၊ မွေတော်တို့၏ တန်ခိုးတေဇော်အာနုဘော်တော်ကြောင့် **ယိုးဒယားသို့ရောက်ရှိနေသောမွန်အမျိုးသားတို့ကမူ တိဂုမ္ဘစေတီတော်ကြီးထက်ပင် ဆုတောင်းပြည့်သည်**ဟုပြောစမှတ်ပြုကြ၏။ မြန်မာနိုင်ငံရှိ မွန်၊ မြန်မာ စသော ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ကလည်း **ဤရွှေမော်ဓောစေတီတော်ကြီးကို ဆုတောင်းပြည့်မြတ်စွာဘုရား** ဟု မှတ်သားနားလည်ကြကုန်၏။

## ပြည်ထောင်စုခေတ်

ထိုဆံတော်ရှင်(မော်ဓော)စေတီတော်မှာ မူလတည်ဦးစက လုံးရပ်ပမာဏအားဖြင့် မကြီးမားလှသော်လည်း တစ်စ၊ တစ်စ နောက်ကာလ၌ သာသနာ့ဒါယကာဘုရင် ထီးဆောင်း မင်းပေါင်းသုံးကျိပ်ကျော်တို့၏ ကုသိုလ်တော်ကြီးတစ်ရပ်ဖြစ်လာရကား ယခုပြည်ထောင်စုသမ္မတနိုင်ငံတော်ခေတ်၌ သမိုင်းစာအုပ်တွင်ညွှန်ပြထားသည့်တိုင်းတာချက်များအရ**"ရင်ပြင်မှစိန်ဖူးတော်ထိပ်အထိ အမြင့်ဉာဏ်တော်ပေပေါင်း(၃၇၃)ပေ၊(၉)လက်မ"**ရှိနေသဖြင့် မားမားစွင့်စွင့် မိုးယံသို့မြင့်အောင် ရွှေတောင်ကြီးပမာကျက်သရေ မင်္ဂလာကြီးတစ်ရပ်ဖြစ်ရှိခဲ့ပါသည်။ သို့စဉ် ကာလမြင့်ကြာပြီး၊ အုံ့ချီးဖွယ်၊ ကြည်ညိုဖွယ်ဂုဏ်တို့ဖြင့် လွှမ်းထုံကာ ရွှေရောင်ဝင်းဝါထီးထွတ်ခြာနှင့်တကွ ပဲခူးမြို့သာမက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ကျက်သရေမင်္ဂလာကြီး တစ်ဆူဖြစ်ရှိနေသော ဤရွှေမော်ဓောစေတီတော်ကြီး၏**"ထူပဝင်"**ကို ဖြူစင်သောစေတနာ၊ လေးနက်သော ဩကာပ္ပနသဒ္ဓါတို့ဖြင့် ဗုဒ္ဓါနုဿတိဘာဝနာပွားများနိုင်ကြရန် ရည်သန်ပြီးလျှင် ရွှေမော်ဓောဂေါပကအဖွဲ့က **ဒသမအကြိမ်ပုံနှိပ်ကာ** ဝေငှဖြန့်ဖြူးအပ်ပါသတည်း။

**ပဲခူးမြို့**
**ရွှေမော်ဓောဂေါပကအဖွဲ့**

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ ။ | ပဏာမကိုပြခြင်း ... ... | ၁ |
| ၂ ။ | ဗုဒ္ဓဝင်အကျဉ်းချုပ် ... ... | ၂ |
| ၃ ။ | ဝါဆိုစဉ် ... ... | ၄ |
| ၄ ။ | စူဠသာလ၊မဟာသာလညီနောင်တို့ရာဇဂြိုလ်ပြည်သို့ရောက်ခန်း ... | ၄ |
| ၅ ။ | မြတ်စွာဘုရားထံမှောက်သို့ရောက်ခန်း ... ... | ၅ |
| ၆ ။ | ကုန်သည်ညီနောင်တို့ဒုံဖိုင်းတူမြို့သို့မြတ်စွာဘုရားကိုပင့်လျှောက်ခန်း ... | ၆ |
| ၇ ။ | ဆံတော်ဓာတ်မြတ်နှစ်ဆူကိုကုန်သည်ညီနောင်တို့အား ပေးသနားတော်မူခန်း ... ... ... ... ... ... | ၇ |
| ၈ ။ | မြတ်စွာဘုရားဗျာဒိတ်ပေးတော်မူခန်း ... ... ... | ၈ |
| ၉ ။ | ဒေသစာရီကြွချီတော်မူခန်း ... ... ... | ၉ |
| ၁၀ ။ | ဆံတော်ဓာတ်မြတ်နှစ်ဆူကို ပင့်ဆောင်လာခန်း ... ... ... | ၁၀ |
| ၁၁ ။ | သထုံမဏ္ဍာလိပ်မင်းကြွရောက်ပူဇော်ခန်း ... ... ... | ၁၁ |
| ၁၂ ။ | သထုံမဏ္ဍာလိပ်မင်းသမန္တရာဇာဘွဲ့ခံယူတော်မူခန်း ... ... ... | ၁၁ |
| ၁၃ ။ | ဒုံဖိုင်းတူမှ တန်ဆောင်းတူဟုမြို့အမည်ပင်ဘွဲ့ထူးတိုးခြင်း ... ... ... | ၁၂ |
| ၁၄ ။ | ဆံတော်ဓာတ်မြတ်စေတီတည်ရန်သုဒဿနတောင်တော်ရှာဖွေခန်း ... | ၁၃ |
| ၁၅ ။ | ဆံတော်ဓာတ်မြတ်ဌာပနာရန်ကြိုတင်စီမံခန်း ... ... ... | ၁၄ |
| ၁၆ ။ | ဆံတော်မြတ်ကို ဌာပနာရန်ပင့်ဆောင်ခန်း ... ... ... | ၁၅ |
| ၁၇ ။ | ဆံတော်ဓာတ်မြတ်ရပ်တန့်တော်မူရာ ... ... ... | ၁၆ |
| ၁၈ ။ | ဌာပနာတိုက်တော်အတွင်းပူဇော်ထားသောအစီအစဉ်များကိုပြခြင်း ... | ၁၇ |
| ၁၉ ။ | ဌာပနာတော်အဖြစ်လှူဒါန်းသောရတနာများနှင့်ကောင်းမှုရှင်များ ... | ၁၉ |
| ၂၀ ။ | ဌာပနာတိုက်၏ အစောင့်အရှောက်အရံအတားများ ... ... | ၂၀ |
| ၂၁ ။ | ဆံတော်ဓာတ်မြတ်စေတီတော်ပြီးမြောက်ခန်း ... ... ... | ၂၁ |

၂၂ ။ စေတီတော်မြတ်ကြီး၏ဘွဲ့တော် ... ... ... ၂၁
၂၃ ။ သီရိဓမ္မာသောကမင်းကြီး၏ ရွှေမော်ဓောစေတီတော်မြတ်ကို ပြုပြင်တော်မူခြင်း ... ... ... ... ... ... ၂၃
၂၄ ။ ရွှေမော်ဓောစေတီတော်မြတ်ကြီးကိုမင်းအဆက်ဆက်ပြုပြင်၍ မြှင့်တင်မွမ်းမံခဲ့သော ဉာဏ်တော်နှင့် ဟံသာဝတီပထမမြို့တည် မင်းဆက် နန်းစံအဖြစ်စဉ်များကိုဖော်ပြခြင်း ... ... ... ... ၂၃
၂၅ ။ သက္ကရာဇ်(၂၃၇)ခုနှစ်၊ မင်းငါးဆက်မြောက်၌ပထမဆုံးငလျင်ဘေး ကြုံတော်မူခြင်း ... ... ... ... ... ... ၂၆
၂၆ ။ သွားတော်ဓာတ်ဌာပနာခန်း ... ... ... ... ... ... ၂၉
၂၇ ။ ဟံသာဝတီ ဒုတိယမြို့တည်မင်းဆက် ... ... ... ... ... ... ၃၄
၂၈ ။ စွယ်တော်ဓာတ်ဌာပနာခန်း ... ... ... ... ... ... ၃၄
၂၉ ။ သက္ကရာဇ်(၈၅၄)ခုနှစ်တွင်ထီးတော်မြတ်သည် လေမုန်တိုင်းဒဏ်ကြောင့် လွင့်စဉ်၍မြေသို့ ခ ခြင်း ... ... ... ... ... ... ၃၉
၃၀ ။ အင်းဝ-မြန်မာမင်းများနန်းဆက် ... ... ... ... ... ... ၄၉
၃၁ ။ ကောဇာသက္ကရာဇ်(၁၁၉၅)ခုနှစ်တွင် ဒုတိယအကြိမ် မြေငလျင်အရှိန်ကြောင့် စေတီတော်ကြီးပြိုကျတော်မူခြင်း ... ... ... ... ... ... ၅၀
၃၂ ။ (၁၂၃၄)ခုနှစ်၊ တတိယအကြိမ်ငလျင်ဘေးအရှိန်ကြောင့် စေတီတော်မြတ်ကြီးပျက်စီးတော်မူပြန်ခြင်း ... ... ... ၅၃
၃၃ ။ စိန်ဖူးတော်တွင်ပါသောစာတမ်း(မူအတိုင်း) ... ... ... ၅၄
၃၄ ။ ငှက်မြတ်နားတွင်ပါသောစာတမ်း(မူအတိုင်း) ... ... ... ၅၄
၃၅ ။ (၁၂၇၉)ခုနှစ်၊ စတုတ္ထအကြိမ်မြေငလျင်အရှိန်ကြောင့် စေတီတော်မြတ်ကြီး ပျက်စီးတော်မူပြန်ခြင်း ... ... ... ၅၅
၃၆ ။ (၁၂၉၂)ခုနှစ်၊ ပဉ္စမအကြိမ်မြေငလျင်ဘေးကြီးအရှိန်ကြောင့် စေတီတော်မြတ်ကြီး ပျက်စီးတော်မူပြန်ခြင်း ... ... ... ၅၆

၃၇ ။ အနှစ်နှစ်ဆယ် ဒုက္ကရစရိယ ... ... ... ... ... ... ၅၇
၃၈ ။ ဂျပန်ခေတ်အတွင်း၌အသစ်တည်ရန်ကြိုးစားကြပြန်ခြင်း ... ... ၅၇
၃၉ ။ ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့မြန်မာနိုင်ငံတော်ပထမသမ္မတကြီးနှင့်
ဝန်ကြီးချုပ်ကြွရောက်ပန္နက်တော်ချခြင်း ... ... ... ... ... ... ၅၉
၄၀ ။ ရွှေမော်ဓောစေတီတော်မြတ်၏ရင်ပြင်တော်၌သရီရဓာတ်တော်များ
ကိန်းဝပ်စံပယ်တော်မူခြင်း ... ... ... ... ... ... ၆၁
၄၁ ။ ရွှေမော်ဓောစေတီတော်၏ရင်ပြင်ပေါ် အင်္ဂါထောင့်၌
ဗောဓိပင်ပျိုးစိုက်ပျိုးခြင်း ... ... ... ... ... ... ၆၂
၄၂ ။ ဘုရားပျက်ပြင်ခြင်းအကျိုး ... ... ... ... ... ... ၆၃
၄၃ ။ အနုသာသနီ နိဂုံး ... ... ... ... ... ... ၆၅
၄၄ ။ ပြန်လည်တည်ဆောက်ပြီးသော ရွှေမော်ဓောစေတီတော်မြတ်ကြီး၏
သမိုင်းကဏ္ဍသစ် ... ... ... ... ... ... ၆၇
၄၅ ။ (၁၂၉၂)ခုနှစ် ငလျင်ဘေးဒဏ် ... ... ... ... ... ... ၆၉
၄၆ ။ ဘီလူးရန်နိုင်ရုပ်ပွားတော်နှင့်ယက္ခမယ်တော် ... ... ... ... ... ၆၉
၄၇ ။ ပန္နက်တင်နှင့်အုတ်မြစ်ချမင်္ဂလာ ... ... ... ... ... ... ၇၂
၄၈ ။ စိန်ဖူးတော်နှင့်ရွှေငွေ၊ဆင်းတုများကိုလှူ၊ ဌက်စွာထိန်းသိမ်းခဲ့ရပုံ ... ၇၈
၄၉ ။ ထီးတင်ပွဲကျင်းပခြင်းအကြောင်း ... ... ... ... ... ၈၂
၅၀ ။ အကျဉ်းသားများလျှော့ရက်နှင့်ဘေးမဲ့လွတ်ငြိမ်းခွင့်ပေးခဲ့ပုံ ... ... ၈၃
၅၁ ။ ရွှေသင်္ကန်းနှင့်ရောင်စုံကျောက်ပြားများ ... ... ... ၈၅
၅၂ ။ ကြေးငွေစာရင်းချုပ် ... ... ... ... ... ... ၈၆
၅၃ ။ အာရုံခံတန်ဆောင်းများ ... ... ... ... ... ... ၈၆
၅၄ ။ မီးသင့်ခဲ့သော တောင်ဘက်စောင်းတန်းသစ်ကြီး ... ... ... ၈၇
၅၅ ။ ငါးဆူရှင်ဗမ္မာ့အေးစေတီ ... ... ... ... ... ... ၈၉



' စိန်ဖူးတော်ကြီးအထွတ်တွင်တပ်ဆင်ထားသော ၆၄ ရတီရှိ စိန်ကြီး '
ပဲခူးမြို့ သူဌေး ဦးစိန်ဝင်း ၏ ဖခင် သူဌေး ဦးဖိုးလှိုင် လှူဒါန်းသည်။

# ရွှေမော်ဓောသမိုင်း

**သီရိဘာဂျဝန္တဿ မေ နမော ။**

**ပဌာမ**

**ဦ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ,**
**ဓမ္မံ သရဏံ ဂစ္ဆာမိ,**
**သံဃံ သရဏံ ဂစ္ဆာမိ ၊ ( သာဝတ္ထိ ) ။**

ဤ **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** စသော သုံးပါဒကို သာသနာတော်၌ သက်ဝင်ယုံကြည်သူတို့သည် ရှေးဦးစွာ ရွတ်ဆိုအပ်သည်ဖြစ်၍ ပိဋကတ်သုံးပုံ၏ အစအဦးဖြစ်သောကြောင့် အရိယ ***သာဝတ္ထိဆန်းဂါထာ** ဟူ၏။ **(သုတ္တနိပါတ် အဋ္ဌကထာ–သေလသုတ်)**

**ဦ**။ ဘုရား၊ တရား၊ သံဃာရတနာမြတ် အို သုံးပါးနတ်။ ဗုဒ္ဓံ။ သစ္စာတရားပိုင်းခြားသိမြင်ဘုရားရှင်ကို။ **သရဏံ**။ ပဉ္စုပ္ပန်၊သံသရာနှစ်ဖြာသောစီးပွားချမ်းသာတို့ကို စီရင်တတ်ပေးတတ်သော ဘုရားမြတ်ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ**။ ကြည်စွာသဒ္ဒါဆည်းကပ်ပါ၏။ **ဓမ္မံ**။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သောတရားတော်မြတ်ကို။ **သရဏံ**။ ဘေးရန်ကင်းကွာ ကိုးကွယ်ရာဟူ၍ **ဂစ္ဆာမိ**။ ရိုသေတုပ်ဝပ်ဆည်းကပ်ပါ ၏။ **သံဃံ**။ ကလျာဏပုတုဇဉ်နှင့်တကွ ရှစ်ယောက်သောအရိယာမြတ်သံဃာကို။ **သရဏံ**။ စီးပွားချမ်းသာကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ**။ မြတ်နိုးတနာဆည်းကပ်ပါ၏ဘုရား။

* သာဝတ္ထိ ဆန္ဒသော မုခံ၊ ( သေလသုတ် )

## ဗုဒ္ဓဝင်အကျဉ်းချုပ်

ဗုဒ္ဓရှင်တော်မြတ်အကြောင်းကို သိသင့်ရုံအကျဉ်းသာ မဟာဗုဒ္ဓဝင်(အတွဲ-၁)မှ ဖော်ပြအပ်ပါသည်။

ဂေါတမမြတ်စွာဘုရားအလောင်းအလျာသည် ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်တော် သုမေဓါရသေ့ဘဝတွင် ဘုရားကြွရာလမ်း၌ ရွှံ့ညွန်အိုင်၌ ကိုယ်ခန္ဓာကို ဝမ်းလျားမှောက်တံတားအဖြစ်အသုံးပြုရန်တောင်းပန်သည်။ ဘုရားက အနာဂတ်ကိုရှုမြင်၍ လူနတ်ဗြဟ္မာတို့မှ ပါရမီအလိုက်ဗုဒ္ဓတရားထူးကိုရရှိပြီး နိဗ္ဗာန်နန်းသို့လှမ်းဝင်နိုင်ရန် တရားဟောပြရမည့်ဘုရားလောင်းတစ်ဆူဖြစ်ကြောင်းသိတော်မူသဖြင့် ဗျာဒိတ်ချီးမြှင့်ပါသည်။ သုမေဓါရသေ့လည်း ဘဝပေါင်းများစွာဘုရားဖြစ်ရန် ပါရမီဖြည့်ဆည်းကြိုးစားတော်မူခဲ့သည်။ ပါရမီရင့်သော် တေ၊ဇ၊သု၊နေ၊မ၊ဘူ၊စန်၊ဒါ၊ဝိ၊ဝေ ဟူသောပါရမီရင့် ဆယ်ဘဝဖြည့်ပြီး တုသိတာနတ်ပြည်၌စံစားနေပါသည်။ သိကြား၊နတ်၊ဗြဟ္မာတို့သည် တရားတော်နာယူလိုကြ၍ ဘုရားအလောင်း သေတကေတုနတ်သားထံ ချဉ်းကပ်ပြီး ဘုရားအဖြစ်ပွင့်တော်မူရန် နှိုးဆော်ပန်ကြားကြသည်။ အလောင်းတော်နတ်သားသည် လက်ခံပြီး လူ့ဘောင်သို့ ကြည့်ခြင်းငါးပါး (ဘုရားဖြစ်ရာကာလ၊ ပွင့်ရမည့်ကျွန်း၊ ဒေသ၊ အမျိုးအနွယ်၊ မယ်တော်၏ အသက်အရွယ်)တို့ကို ကြည့်ရှုဆင်ခြင်တော်မူ၏။ ဇမ္ဗူဒိပ်ကျွန်း၊ ကပိလဝတ်တိုင်းပြည်၌ ဘိုးတော်ဇေယျသိန်မင်းကြီး၏သား သီဟဟနုမင်းနန်းစံလျက်ရှိသည်။ ဒေဝဒဟပြည်၌ ဒေဝဒဟမင်းကြီး၏သား အဥ္စနမင်းနန်းစံသည်။

ဒေဝီလရသေ့ကြီးနှင့် မင်းနှစ်ပါးတိုင်ပင်၍ မာဃစန္ဒေ ဟူသောကိန်းဖြိုဖျက်ပြီး၊ နောက်လာမည့်သက္ကရာဇ်ကိုသာ မဟာသက္ကရာဇ် ဟုခေါ်ဆိုညီညွတ်ကြသည်။ တစ်နှစ်၊ နှစ်နှစ်စသည်ဖြင့် မဟာသက္ကရာဇ်(၆၇) တွင် ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ ဥတ္တရာသဠ်စန်း နက္ခတ်နှင့်ယှဉ်

သောကာလ ကပိလဝတ်တိုင်း၊ သုဒ္ဓေါဒနမင်း၏ မိဘုရားကြီး သီရိမဟာ မာယာ၏ဝမ်းကြာတိုက်တွင် သန္ဓေယူတော်မူသည်။ မဟာသက္ကရာဇ်(၆၈) ခုနှစ်၊ ကဆုန်လဆန်း(၁၅)ရက်လပြည့်၊ သောကြာနေ့ နံနက်တစ်ချက်တီး အချိန်၊ သိဟ်လက်ဗြိဠာစန်းဝိသာခါနက္ခတ်နှင့် ယှဉ်ချိန် နှစ်ပြည်ကြားလုမ္ဗိ နီအင်ကြင်းတောဝယ် အင်ကြင်းကိုင်းကို ကိုင်လျက်အားပြုပြီး အလောင်း တော်မင်းသားကို ဖွားမြင်တော်မူသည်။ တပြိုင်တည်းတွင်ပင် –

(၁) ယသော်ဓရာမင်းသမီး

(၂) အာနန္ဒာ

(၃) ဆန္နအမတ်

(၄) ကာဠုဒါယီအမတ်

(၅) ကဏ္ဍကမြင်း

(၆) မဟာဗောဓိပင်

(၇) ရွှေအိုးကြီးလေးလုံး

ခုနစ်ပါးတို့ ဖွားဖက်တော်ဖြစ်၏။ မြောက်ဘက်အရပ်သို့ ခုနစ် ဖဝါးလှမ်းတော်မူပြီးရပ်၍ လောကကိုရှုကြည့်ကာ –

**အဂ္ဂေါဟမသ္မိ လောကဿ**

ငါသည် လူသုံးပါးတွင် အမြတ်ဆုံးဖြစ်၏။

**ဇေဋ္ဌောဟမသ္မိ လောကဿ ဇေဋ္ဌောဟ**

ငါသည် လူသုံးပါးတွင်ထက် အကြီးဆုံးဖြစ်၏။

**သေဋ္ဌောဟမသ္မိ လောကဿ**

လောကလူသုံးပါးတို့တွင် အချီးမွမ်းအပ် ဆုံးသူဖြစ်၏။

**အယမန္တိမာဇာတိ**

ငါ့အဖို့အနောက်ဆုံးပဋိသန္ဓေနေခြင်းဖြစ်၏။

**နတ္ထိဒါနိ ပုနဗ္ဘဝေါ**

ငါ့အဖို့ ဘဝအသစ်တဖန်ဖြစ်ရန်မရှိ ဆိုရိုးဟူသော ရဲရဲတောက်

စကားတို့ကို ကိုယ်တော်၏ အသံတော်ဖြင့် လောကဓာတ်စကြဝဠာတိုက် တစ်သောင်းလုံး တပြိုင်နက်ကြားစေ၏။

**ဝါဆိုစဉ်**

ဖြဟ္မာ၊နတ်၊လူ၊ပဟိန္ဒဂူတို့၏ ပူဇာဝိသေသကို ခံတော်မူထိုက်လှသောကြောင့် အန္ဒတ္ထာနာမံအရဟံမည်ရ လူ့ဘပရမေ မြတ်စိန္တေသည် ရုက္ခ ဗောဓိသိရီဆာယာညောင်ရိပ်သာ၌ သစ္စာ(၄)ပါး အမှန်တရားတို့ကို ပိုင်းခြား ထင်ထင်သိမြင်တော်မူပြီးကာ သုံးဖြာသောလောက၌ ဗုဒ္ဓအဖြစ်သို့ စင်စစ် ရောက်ရှိတော်မူ၏။ ယင်းသို့ရောက်ရှိခဲ့ရာ **ပဌမဝါ** ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဝါဆိုတော်မူသည်။ **ဒုတိယ၊ တတိယ၊ စတုတ္ထဝါ**များကို ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဆိုတော်မူ၏။ ပဉ္စမဝါကို ဝေသာလီပြည်၊ လိစ္ဆဝီမင်းတို့ ဆောက်လုပ်လှူဒါန်းအပ်သော မဟာဝုန်ကျောင်း၌ ဝါဆိုတော်မူ၏။

**အမှာစကားချုပ်။** ။ ဤဝါဆိုစဉ်ကား-"တက်ထွန်းကျက်သရေ၊ သုံးလူ့ဆွေကား၊ အောင်မြေသမိပ၊ ရပ်ဌာနဦ၊ နှစ်လမှန်ကယ်၊ ရက်ခြောက်ဆယ်ဖြင့် သပ္ပာယ်မျှတနေပြီးမှလျှင်၊ ပဌမဝါ၊ ဗာရာဏသီ၊ မြိုင်တောမို၏။ နောက်ချီဒုတိယ၊ တတိယနှင့် စတုတ္ထဝါ၊ ပြည်ရာဇဂြိုလ်၊ ငါးညီကျောင်းလှ ဝါကပ်မျှ၏။ ပဥ္စမဝါ၊ ပြည်ဝေသာလီ၊ လိစ္ဆဝီမင်းပေါင်း၊ ဆောက်တုံရှောင်းသည့်၊ ကျောင်းမဟာဝန်၊ တစ်ဆ[illegible]ဆင္ဘ၊ မကုလတောင်မှာ"ဟု (သမန္တစက္ခုဒီပနီ)တွင်ဆိုသောလင်္ကာနှင့်အညီတည်း။

## စူဠသာလ၊ မဟာသာလ ညီနောင်တို့ ရာဇဂြိုလ်ပြည်သို့ရောက်ခန်း

**ဓောင်းတူသား**

အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် အပရာဇိတ မည်တွင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူ

ပြီး၍ ငါးဝါလွန်မြောက်၊ ခြောက်ဝါသို့အရောက်တွင် ရာဇဂြိုလ်မြို့အနီး မကုလတောင် ချယားတောမှာ ယာပထလေးဖော်ဖြင့် မျှတစွာစံတော်မူ သောအခါ၌ ဒုံဗိုင်းတူမြို့၊ ယခု(**ဖောင်းတူမြို့**)နေ မဟာဘောဂသာရ ဘွဲ့တံဆိပ်နာမံအထူးရှိသောသူဌေးကြီးပိဏ္ဍိကနှင့်သူဌေးကတော်သုမနက လျာဏီ ဇနီးမောင်နှံတို့၏ ရင်သွေးအစစ်သားများဖြစ်ကြသော စူဠသာလ၊ မဟာသာလညီနောင်နှစ်ယောက်တို့သည် ဝါဏိဇ္ဇနွယ်မီ ကုန်သည်တို့ ဘာဝရောင်းဝယ်မှုကိစ္စဖြင့် မဇ္ဈိမဒေသ"အိန္ဒိယပြည်"တွင်းရှိ ရာဇဂြိုလ်မြို့ သို့ သင်္ဘောဖြင့်ထွက်ခွာကြရာ ချမ်းသာလွယ်ကူစွာနှင့်(ရာဇဂြိုလ်)သို့ ရောက်ရှိကြလေ၏။

## မြတ်စွာဘုရားထံဖျောက်သို့ရောက်ခန်း

### ဆွမ်းကျွေးခြင်း

စူဠသာလ၊ မဟာသာလကုန်သည်ညီနောင်တို့သည် ရာဇဂြိုလ် ပြည်သို့ရောက်သော ထိုအချိန်အခါတွင် မြတ်စွာဘုရားသခင်သည် ရာဇ ဂြိုလ်ပြည်၏အနီး မကုလတောင်ချယားတော၌ ဝါကပ်သီတင်းသုံးနေ တော်မူကြောင်းနှင့် ရွှေစက်တော်အစုံသို့ ခိုလှုံခစားဖူးမြော်ရန်ရောက်လာ ကြကုန်သောပုဂ္ဂိုလ်တို့အား အစစ်အမှန်ဖြစ်သော အကောင်းဆုံးတရားအ မြိုက်ဆေးကို အမြဲတိုက်ကျွေးသောအားဖြင့်သဘောကျအောင်ဟော ပြဆုံးမတော်မူကြောင်း စသည့်သတင်းကောင်းများသည် အထူးအားဖြင့် ပျံ့နှံ့ကျော် ကြားလျက်ရှိရာ စူဠသာလ၊ မဟာသာလကုန်သည် ညီနောင် တို့သည် ထိုသတင်းကောင်းကိုကြားရလျှင် အလွန်ရွှင်လန်းသဒ္ဓါပန်း စေတနာ အညွန့်အဖူးတို့ဖြင့် တလွန့်လွန့်ကွန့်မြူးလျက်ဆွမ်းဘောဇဉ်တို့ကို ချက်ပြုတ်စီမံပြီး လျှဒါန်းဖွယ်အတန်တန်တို့ကို စီစဉ်ယူဆောင်၍ မြတ်စွာ

ဘုရား၏ထံတော်မှောက်သို့ ချဉ်းကပ်လျက် နှစ်သက်မြတ်နိုး အလွန်ရှိသော စွာရှိခိုးပြီး လှူဒါန်းပူဇော်ကြကုန်၏။

ဂရုဏာတော်ဘုရင် ဘုရားရှင်သည် ကြည်လင်ပြတ်သားစွာ ဟောကြားတော်မူအပ်သော တရားအဆီကို မနသီစွဲအောင်ကြားနာရ သဖြင့် ထက်သန်သဒ္ဒါ စေတနာဗလဝဖြင့် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်ကိုလည်း နှစ်သက်စွာ ခံယူဆောက်တည်ကြကုန် ၏။ မြတ်စွာဘုရားနှင့်တကွ သံဃာတော်အရှင်သူမြတ်များအား ခုနစ်ရက်ပတ်လုံးဆွမ်း ဘောဇဉ်အာဟာရတို့ဖြင့် ကြည်ကြည်ဖြူဖြူ လှူဒါန်း ပူဇော်ကြကုန်၏။

## တဖုဿ ဘလ္လိက ညီနောင်တို့ ဒုံဗိုင်းတူမြို့သို့ မြတ်စွာဘုရားကို ပင့်လျှောက်ခန်း

**ပင့်လျှောက်ခြင်း**

ထိုသို့ဆက်ကပ်လှူဒါန်းပြီးလျှင် ငါတို့သည် အလွန်အဖိုးထိုက်တန်သောရတနာသုံးပါးနှင့်တကွ သီလတော်မြတ်ကို ကံကောင်းထောက်မ,သဖြင့် ခံယူဆောက်တည်ကျင့်သုံးကြရကုန်၏။ ငါတို့၏မိဘများနှင့်တကွမြို့သူမြို့သားတို့သည်လည်း ဤကဲ့သို့မြတ်စွာဘုရား၏တရားတော်အစစ်အမှန်ကို နာခံကြရမူကား လောကသံသရာ နှစ်ဖြာကောင်းကျိုး အလွန်တိုးတက် ကုန်လတ္တံ့ဟု ကြံစည်ကြပြီးလျှင် ဘုန်းတော်ကြီးမားမြတ်စွာဘုရား၊ တပည့်တော်တို့၏နေရာဌာန ဒုံဗိုင်းတူဒေသ (ယခု ဓောင်းတူရွာ) သို့ အများသတ္တဝါ ဝေနေယျာတို့အား တရားရေအေးအမြိုက် ဆေးကိုတိုက်ကျွေးတော်မူရန် မဟာကရုဏာတော်အရှင်ဘုရားသည်ဒေသစာရီကြွချီ ချီးမြှင့်တော်မူပါမည့်အကြောင်းဖြင့်ပင့်လျှောက် တောင်းပန်လျှောက်ထားကြလေကုန်၏။

## ဆံတော်ဓာတ်မြတ် နှစ်ဆူကို ကုန်သည်ညီနောင်တို့အား ပေးသနားတော်မူခန်း

**ဆံတော်ရွှေကြုတ်**

ထိုသို့လျှောက်ထားသောအခါ လောကဝိဒူသယမ္ဘူထွတ်ထား မြတ်ဘုရားသည် အနာဂတံသဉာဏ်**"ဖြစ်လတ္တံ့အမှန်ကို သိနိုင်သော ဉာဏ်တော်"**ဖြင့် ဆင်ခြင်တော်မူပြီးလျှင် နောင်သောအခါ ငါဘုရား၏ ဆံတော်ဓာတ်မြတ် ကိန်းဝပ်တော်မူရာ ဒုံဖိုင်းတူမြို့(ဖောင်းတူမြို့)နယ် အပါအဝင်ဖြစ်သောအရပ်၌ ဟံသာဝတီအမည်ရှိသောပြည်ကြီးသည် တည်ထွန်းပေါ်လတ္တံ့ ထိုပြည်ကြီး၌ သမလမင်းမှစ၍ မင်းအဆက်ဆက်တို့သည် ငါဘုရား၏သာသနာတော်ကိုသက်ဝင်ယုံကြည်ကာ ထောက်ပံ့ကုန်လတ္တံ့၊ ထိုအခါ ငါဘုရား၏ သာသနာတော်သည် ကြည်ကြည်လင်လင် အလွန်ပင်ထွန်းလင်းတောက်ပတော်မူလတ္တံ့ဟု ရွှေဉာဏ်တော်တွင် ထင်မြင်တော်မူသောကြောင့် ဆဒ္ဒန်ဆင်မင်း၏နှာမောင်းပမာ ညီညာဖြောင့်တန်းသော လက်ယာလက်မောင်းတော်ကို ဆန့်တန်းတော်မူပြီး ဦးခေါင်းတော် ကို သုံးသပ်တော်မူလျှင် နှစ်ဆူသောဆံတော်ဓာတ်တို့သည် အလိုလို လက်တော်၌ ကပ်ငြိပါလာတော်မူကြကုန်၏။ ထိုဆံတော်ဓာတ်မြတ်နှစ်ဆူကို ဗူဇသာလ၊ မဟာသာလကုန်သည် ညီနောင်တို့အား သာသနာအရှည် အမှန်တည်မည့်အရေးကြောင့် ပေးသနားတော်မူလိုက်လေ၏။

ထိုသို့ဆံတော်ဓာတ်မြတ်နှစ်ဆူကို ဗူဇသာလ၊ မဟာသာလ ညီနောင်တို့အား ပေးသနားတော်မူကြောင်းကို သိကြားမင်းသည် ချက်ချင်းသိ၍ တစ်ပြည်ဝင်လောက်သောရတနာရွှေကြုတ်ကို ပတ္တမြားအဖုံးနှင့်တကွ ဖန်ဆင်းယူဆောင်ပြီး ဆံတော်ဓာတ်မြတ်နှစ်ဆူထည့်ရန် ကုန်သည် ညီနောင်တို့အား ပေးလေ၏။ ကုန်သည်ညီနောင်တို့လည်း ဆံတော်

ဓာတ်မြတ်နှစ်ဆူကို ဦးတိုက်ကာ အလွန်ရှိသေလေးမြတ်စွာ ရှိခိုးကြကုန် ၏။ အဖုံးနှင့်တကွသော ရတနာဗွေကြုတ်တော်သည် အစောက်အားဖြင့် တစ်တောင်အတိုင်းအရှည်ရှိ၏။

## မြတ်စွာဘုရားဗျာဒိတ်ပေးတော်မူခန်း

### သုဒဿနတောင်

ထိုကုန်သည်ညီနောင်တို့သည် ဆံတော်ဓာတ်မြတ်နှစ်ဆူမြတ်စွာ ဘုရားကိုယ်စားကိုရလျှင် အလွန်ရွှင်လန်းပီတိပန်းဖြင့် တစ်ကိုယ်လုံးဖျန်း ထားသကဲ့သို့ အထူးနှစ်သက်ကြသောကြောင့် တစ်ဖန်နောက်ထပ်ခုနစ် ရက်ပတ်လုံးမြတ်စွာဘုရားနှင့်တကွ သံဃာတော်များအား ဆွမ်းဘောဇဉ် အာဟာရတို့ဖြင့် အလွန်ကြည်ဖြူစွာ ဆက်ကပ်လှူဒါန်းကြပြန်၏။ လှူဒါန်းပြီးသောအခါ ဓမ္မိဿာရဓမ္မသာမိ စရိုဖုံဖုံဂုဏ်တော်အနန္တနှင့် စုံညီ ပြည့်ဝတော်မူသောမြတ်စွာဘုရား၊ ကျေးဇူးတော်သခင်ဘုရားရှင်သည် ကိုယ်စားတော်သတ်မှတ်ပြီး ပေးသနားတော်မူအပ်သော ဤဆံတော်ဓာတ် မြတ်နှစ်ဆူကို ဘယ်အရပ်ဌာန၌ ဌာပနာ၍တည်ထားကိုးကွယ်ရပါအံ့နည်း ဟုလျှောက် ထားကြလေ၏။

ထိုသို့လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဟံသာဝတီ မည်သောတောင်၏အနောက်ဘက် မနီးမဝေးသောအရပ်၌ ပေါ်ထွန်း လျက်ရှိသော သုဒဿနတောင်ထိပ်တွင် ဌာပနာ၍ ကိုးကွယ်ကြလော့ဟု ပဌမဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ ထိုအခါညီနောင်နှစ်ယောက်တို့က သမန္တစက္ခုသဗ္ဗညုအစစ်ဓမ္မရာဇ်မှန်ငြား မြတ်စွာဘုရား၊ တပည့်တော် တို့သည် မိန့်တော်မူအပ်သော ဟံသာဝတီတောင်ကိုလည်းကောင်း၊ သုဒ ဿနတောင်ကိုလည်းကောင်း မသိကြပါဘုရားဟု ထပ်မံလျှောက်ထား

ကြပြန်လျှင် ဒါယကာညီနောင်တို့ ထိုနှစ်ခုသောတောင်တို့သည်ကား သမုဒ္ဒရာအလယ်၌ရှေး ဦးစွာပေါ်ထွန်းကုန်လတ္တံ့၊ ငါဘုရား၏ ကိုယ်စားဆံတော်ဓာတ်မြတ်နှစ်ဆူကို ဌာပနာရန်ဌာနကို နတ်သိကြားတို့ကိုယ်တိုင်ညွှန်ပြကြကုန်လတ္တံ့ဟု မိန့်ကြားတော်မူ၏။

**မှတ်ချက်။ ။ ဗျာဒိတ်-ဖြစ်လတ္တံ့သောအကြောင်းကို အထူးမှန်ကန်အောင်မိန့်တော်မူခြင်းကို ဗျာဒိတ်ဟုခေါ်သည်။ ထိုဗျာဒိတ်စကားသည် မည်သည့်အခါမျှလွဲသည်မရှိချေ။**

## ဒေသစာရီကြွချီတော်မူခန်း

### ဗျာဒိတ်ရဟံသာဝတီ(ပဲခူး)

ဗုဒ္ဓရှင်တော်မြတ်သည် မဟာသက္ကရာဇ်(၁၁၁)ခုနှစ်တွင် အရှင်အာနန္ဒာစသောရဟန္တာအပေါင်း(၅၀၀)နှင့်တကွ ဒေသစာရီဖြန့်ချီကြွတော်မူရာ ရှေးဦးစွာ မာလယုကျွန်းဆွယ်မြို့ရွာနယ်များသို့ ရောက်တော်မူ၏။ ထိုမှတစ်ဖန် သောက္ကဒဲ **အယုဒ္ဓရ(ဒွါရဝတီ)ယောနက၊ သာဂလ၊ ကမ္ဘောဇ** အစရှိသော ရှမ်းယွမ်းတို့တိုင်းပြည်များသို့ ရောက်တော်မူ၏။ ယင်းသို့ကြွရောက်တော်မူသော တိုင်းပြည်မြို့ရွာရှိ မင်းအစရှိသော ပြည်သူအပေါင်းတို့အား သရဏဂုံ ပဥ္စသီကို ကျင့်သုံးဆောက်တည်စေလျက် တရားအမြိုက်ဆေးတိုက်ကျွေးပေးသနားတော်မူ၏။ ထိုမှတစ်ပါး **ဆံတော်ဓာတ်၊ ကြာဇုဓာတ်**များကိုလည်း အရှည်ကိုးကွယ်ပူဇော်ကြစေရန် ပေးသနားတော်မူသတတ်။ ထိုနောက် ရာမညတိုင်း သုဝဏ္ဏဘူမိ (သထုံ)ပြည်သို့ရောက်တော်မူ၏။ သည်ကတစ်ဖန် လှည့်လည်ကြွရောက် တော်မူပြန် ရာ ဟံသာဝတီကျွန်းပေါ်ဦးစ သဲသောင်စွန်းကို ရောက်သဖြင့် ခေတ္တရပ်တန့်တော်တော်မူ၏။ ထိုစဉ်အခါ ဟင်္သာဖို၊မတို့သည် ပျံလည်ဝဲကာ သုံးကြိမ်၊သုံးခါ လူတို့ပူဇော်ကြသည့်ပမာ အတောင်နှစ်ဘက်ကို ညွတ်ဝိုက်ပြီး

ဘာဝဓမ္မတာ ပူဇနီယမင်္ဂလာပြုကြသည်တွင် ရွှေဘုန်းတော်သခင် ဘုရားရှင်သည် အနာဂတံသဉာဏစက္ခုဖြင့် မျှော်ရှုဆင်ခြင်ကာ–

**"ဤသဲသောင်စွန်းမြေမျက်နှာသည် ဟသာ်ဒဖိုမတို့ ဘာဝစရိုက် ပျော်ပိုက်မြူးကစားရာဒေသဖြစ်၍ နောင်အခါ ဟံသာဝတီတွင်လီမ့်လတ္တံ့၊ ငါဘုရားသာသနာ မြင့်ရှည်ကြာအောင် စည်ပင်ပွင့်လင်းလတ္တံ့၊ အရှေ့အရပ်က ရေနတ်မျိုးနွယ်ဖြစ်သော ရေသူနဂါးမ နှင့် ဝိဇ္ဇာဓိုရ်ရသင့်၍ ဖွားမြင်လာသော ရာဇာဥဿျှောင် မင်းညီနောင် တို့အား သိကြားမင်းကူညီပြီးလျှင် ထီးသစ်နန်းဆောင်တည်ထောင်ဖန်ဆင်း၍ပေးလတ္တံ့"**

ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူပြီးလျှင် မဇ္ဈိမဒေသသို့ ကြွတော်မူလေသတည်း။

## ဆံတော်ဓာတ်မြတ်နှစ်ဆူကို ပင့်ဆောင်လာခန်း

**(၁၀၉)ခုနှစ်**

စူဠသာလ၊ မဟာသာလကုန်သည်ညီနောင်နှစ်ယောက်တို့သည် မြတ်စွာဘုရား၏ဗျာဒိတ်တော်ကို ကြားရလျှင်အလွန်ကြည်ရွှင်နှစ်သက်သောစိတ်အစဉ်ရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို အကြိမ်ကြိမ် လက်ယာရစ်ရှိခိုးပြီး ဆံတော်ဓာတ်မြတ်ကိန်းဝပ်သောရတနာရွှေကြုတ်တော် ကို သင်္ဘောဖြင့်ပင့်ယူဆောင်၍ ပြန်လာကြရာ ဆံတော်ဓာတ်မြတ်၏ တန်ခိုးတော်ကြောင့် သမုဒ္ဒရာလမ်းခရီး၌ အလွန်ကြီးသောလေပြင်းမုန်တိုင်းလှိုင်းစသောဘေးအန္တရာယ်အသွယ်သွယ်တို့မှ လွယ်ကူချမ်းသာစွာလွတ်ကင်း၍ မကြာမီပင်မဟာသက္ကရာဇ်(၁၀၉)ခုနှစ်တွင် မိမိတို့နေရပ်ဖြစ်သော ဒုံဖိုင်းတူမြို့(ဓောင်းတူမြို့)သို့ ရောက်ကြကုန်လေ၏။ ထိုသို့ရောက်ကြလာ

လျှင် ဖခင်သူဌေးကြီး၊ မိခင်သူဌေးကတော်တို့နှင့်တကွ မြို့သူ/သား၊ နယ်သူ/သားအားလုံးတို့သည် စုရုံးပြီး ဆံတော်ဓာတ်မြတ်ကို အထပ်ထပ်ပူဇော်ကြကုန်၏။

## သထုံမဏ္ဍလိပ်မင်းကြွရောက်ပူဇော်ခန်း

### သထုံဘုရင်

ဤသို့အထူးအချွန်အလွန်အဖိုးထိုက်တန်သော မြတ်စွာဘုရား၏ ကိုယ်စားဆံတော်ဓာတ်မြတ်နှစ်ဆူကို ဒုံဖိုင်းတူမြို့(ဇောင်းတူမြို့)သို့ပင့်ဆောင်လာသဖြင့် ဆိုက်ရောက်တော်မူပြီးဖြစ်ကြောင်းကို သထုံဘုရင် သီဟရာဇာဘွဲ့ခံ မဏ္ဍလိပ်မင်းမြတ်ထံသို့ သံတော်ဦးတင်လျှာအလျှင်အမြန်ဆက်သွင်းကြလေ၏။ မဏ္ဍလိပ်မင်းကြီးလည်းသံတော်ဦးတင်လျှာအရ သိတော်မူရသောအခါ၌ ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ ပျောင်းအိသောရွှေနှလုံးတော်ဖြင့် ရွှင်ပြုံးဝမ်းမြောက်တော်မူလှ၍ မိဖုရားမောင်းမ၊ မိဿံ၊ ခြွေရံပရိသတ်၊ ရဲမက်၊ လက်နက်ကိုင်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ဗိုလ်ထု၊ ဗိုလ်ခြေနှင့်တကွတင့်တယ်ခမ်းနားစွာ ချီတက်တော်မူရာ ဒုံဖိုင်းတူမြို့(ဇောင်းတူမြို့)သဘော်ဆိပ်သို့ ဆိုက်ရောက်လေ၏။

## သထုံမဏ္ဍလိပ်မင်းသမန္တရာဇာဘွဲ့ခံယူတော်မူခန်း

### ဘွဲ့သစ်တော်

ထိုသို့ ဆံတော်ဓာတ်မြတ်ကို အလွန်ကြည်ညိုစွာဖူးမြော်ရန် ဆိုက်ရောက်လာသောသထုံမဏ္ဍလိပ်မင်းမြတ်အား မြို့သူ/သားပရိသတ်များစွာတို့သည် အုတ်အုတ် ကျက်ကျက် ဝိုင်းဝန်း၍ အထူးစည်ကားစွာကြို

ဆိုကြကုန်၏။ ကောင်းကင်ပျံသွားငှက်အစားစားတို့သည်လည်း၊ ကောင်းကင်ပြည့်မျှ သောသောညံညံဝန်းရံခလျက် ဆိပ်ကမ်းသို့ သဘော်မဆိုက်ခင်ကြိုဆိုကြသောကြောင့် ၎င်းသထုံမဏ္ဍလိပ်မင်းမြတ်ကို သမန္တရာဇာဟုဘွဲ့ဂုဏ်တစ်မျိုးနောက်ထပ်တိုးကာခေါ်ကြလေ၏။

သမန္တရာဇာဘွဲ့ခံ ဘုရင်မဏ္ဍလိပ်မင်း၊ မဟာဘောဂသာရဘွဲ့ခံ သူဌေးကြီး ပိဏ္ဍိက၊ သူဌေးကတော်သုမနကလျာဏီ၊ ဒုံဗိုင်းတူ မြို့သူ မြို့သားတို့နှင့်တကွ ပြည်သူအပေါင်းတို့သည် အလွန်ကြည်ညိုနှစ်သက် ဝမ်းမြောက်သောစိတ်ရှိကြကုန်၍ ရတနာရွှေကြုတ်အတွင်းရှိ ဆံတော်ဓာတ်မြတ်နှစ်ဆူကို ရွှေပန်းဆိုင်းအစရှိသော ပန်းဆိုင်းအမျိုးမျိုးတို့ဖြင့် အစီအရီတွဲရရွဲဆွဲပြီး ကြီးကျယ်ခမ်းနားစွာပူဇော်ကြကုန်၏။

## ဒုံဗိုင်းတူမှ တန်ဆောင်းတူဟုမြို့အမည်ပင် ဘွဲ့ထူးတိုးခြင်း

**ဓောင်းတူပူဇော်ပွဲ**

သမန္တရာဇာမင်းကြီးသည်ဆံတော်ဓာတ်မြတ်နှစ်ဆူကို အလွန်ကြည်ညိုတော်မူသောကြောင့် အထူးတင့်တယ်ကြီးကျယ်ခမ်းနားဆန်းပြားလှစွာသောတန်ဆောင်းပြာသာဒ်ကြီးတစ်ဆောင်ကို ဆောက်လုပ်ရန်စီမံလေ၏။ သူဌေးကြီးပိဏ္ဍက၊ သူဌေးကတော်သုမနကလျာဏီ၊ သားစူဠသာလ၊ မဟာသာလတို့ကလည်း သမန္တရာဇာမင်းကြီးလှူသောတန်ဆောင်း နှင့်တူညီစွာတန်ဆောင်းတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းကြကုန်၏။ ထိုတန်ဆောင်းကြီးနှစ်ခုတို့သည် အနိမ့်အမြင့်အပြင်အဆင်အထားအသိအားလုံး တူညီလှသောကြောင့် ၎င်းဒုံဗိုင်းတူမြို့ကို **တန်ဆောင်းတူမြို့** ဟုဘွဲ့ဂုဏ်တစ်မျိုးထပ်မံ၍ တိုးလေသည်။

မှတ်ချက်။ ။ထိုသို့တန်ဆောင်းတူဟုခေါ်ကြရာ ကာလကြာပြီဖြစ်သော ယခုအခါ

တခေါင်းတူမှ"ခေါင်းတူ"ဟု ခေါ်လျက်ရှိလေသည်။ ပဲခူးမြို့နှင့်မိုင်(၃၀)ခန့်အကွာ ရာဟုထောင့်အရပ်၌ ယခုအထိအထင်အရှားရှိလေသည်။ ယခုအခါရေအားလျှပ်စစ်ဆည်ကြီးတည်ဆောက်ထား၏။

ထိုတန်ဆောင်းကြီးနှစ်ဆောင်တွင် တစ်ဆောင်လျှင်(၇)ရက်စီအားဖြင့် ဆံတော်ဓာတ်မြတ်နှစ်ဆူကိန်းဝပ်ရာ ရတနာရွှေကြုတ်ကို တစ်လှည့်စီထား၍ တူရိယာအမျိုးမျိုးတို့ဖြင့် တီးမှုတ်ကြကုန်လျက် ကြီးစွာသောပွဲလမ်းသဘင်ဖြင့် ဆင်ယင်ကျင်းပပူဇော်ကြကုန်၏။ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင်အစရှိသောတင့်တယ်သပ်ယပ်မြင့်မြတ်ဆန်းကြယ်လှုဖွယ်ဝတ္ထုအစုစုတို့ကို အလွန်ကြည်ညိုသောစိတ်ဓာတ်ဖြင့် ညဥ့်နေ့မပြတ်အထူးစည်ကားစွာ ပူဇော်ကြကုန်၏။

## ဆံတော်ဓာတ်မြတ်စေတီတည်ရန်သုဒဿနတောင်တော်ရှာဖွေခန်း

**သမန္တရာဇာနှင့် မြေငလျင်**

သထုံပြည်မှလာသော**"သီဟရာဇာ"**သမန္တရာဇာဘွဲ့ခံ မဏ္ဍလိပ်မင်းကြီးသည် ပြန်ကြွတော်မမူသေးဘဲ ဆံတော်ဓာတ်မြတ်ကို အလွန်ကြည်ညိုလှသောကြောင့် **ဒုံဇိုင်းတူ(တန်းဆောင်းတူ' ခေါင်းတူ)**မြို့ကိုပင် **သီဃပုရမြို့တော်** ဟု သမုတ်တော်မူပြီး မော်ကွန်းတိုင်စိုက်ထူ၍ ခေတ္တမျှစံနေတော်မူ၏။ ထိုသို့ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် တိုးသည်ထက်တိုး၍ ပူဇော်ကြစဉ် မြတ်စွာဘုရား၏ဗျာဒိတ်တော်အရ **သုဒဿနတောင်တော်**ရှာရန်တိုင်ပင်ကြကုန်ပြီး သမန္တရာဇာမင်းကြီးသည် ဗဟုသုတအဝဝနှင့်ပြည့်စုံသော **"အဂ္ဂမဟာသေနာပတိ"**ဘွဲ့ခံ နန်းရင်းဝန် အမတ်ချုပ်ကြီး **"အမတ်ဟာန်"**ကို လူပေါင်းသုံးရာနှင့်တကွ **သုဒဿနတောင်တော်**ကို

ရှာရန်စေလွှတ်တော်မူသည်ကြောင့် မဟာသက္ကရာဇ်(၁၁၃)ခုနှစ်တွင် လိုက်လံရှာဖွေကြသောအခါ သိကြားမင်းညွှန်ကြားချက်အရ ခဏချင်းပင် ဗျာဒိတ်တော်အတိုင်း **သုဒဿနတောင်တော်**ကို လွယ်ကူစွာတွေ့လေ၏။ ထိုသို့တွေ့လျှင် အလွန်ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ အမတ်ချုပ်ကြီး **"ဟန်"**သည် ဤယခုတွေ့သောတောင်တော်သည် မြတ်စွာဘုရား ဗျာဒိတ်တော်အရ **သုဒဿနတောင်တော်**ဟုတ်မှန်ပါလျှင် တစ်စုံတစ်ခုထူးကဲကြီးကျယ်သောအတိတ် နိမိတ်ကိုပြစေသော(ဝ်)ဟု အဓိဋ္ဌာန်ပြုသော ခဏ၌ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည် တော်လည်းလျှောင်ပဲ့တင်ဟည်းလျက် တုန်လှုပ်ကာ ဟုတ်မှန်ကြောင်း သက်သေခံလေတော့၏။

## ဆံတော်ဓာတ်မြတ်ဌာပနာရန် ကြိုတင်စီမံခန်း

### ဌာပနာတိုက်ကြီး

ဤသို့အတိတ်နိမိတ်အဖြစ်လျှောင်လှုပ်သောအခါ စတုမဟာရာဇ်တာဝတိံ သာမှစ၍ ဗြဟ္မာ့ပြည်တိုင်အောင် နတ်၊ သိကြား၊ ဗြဟ္မာတို့သည် သိကြကုန်၍ **သုဒဿနတောင်တော်**သို့ လာရောက်ကြကုန်၏။ မဇ္ဈိမဒေသ(အိန္ဒိယပြည်)မှလည်း ရဟန္တာရှစ်ပါးတို့သည် ရျှန်အဘိညာဉ်တန်ခိုးဖြင့် ကြွတော်မူလာကုန်၏။ နတ်၊ သိကြား၊ ဗြဟ္မာတို့၏ အာနုဘော်ဖြင့် ဝိုင်းဝန်းကူညီကြသောကြောင့် အမတ်ချုပ်ကြီး**"ဟန်"**သည် တောင်တော်ကို သုတ်သင်ရှင်းလင်း၍ ဌာပနာတိုက်တော်ကို တူးဖော်ရာ၌ အလွယ်အကူနှင့် ပြီးစီးအောင်မြင်လေတော့၏။

ဌာပနာတိုက်တော်သည် အစောက်အားဖြင့် အတောင်(၄၀)၊ အနံ အလျားအားဖြင့် အတောင်(၂၀)ဖြစ်၍ စတုရန်းပတ်လည်အတောင်(၈၀)ရှိ

လေ၏။ ထိုဥာပနာတိုက်တော်တွင် အလျားအားဖြင့် အတောင်(၂၀)အနံထု အားဖြင့် **တစ်မိုက်နှင့်လက်လေးသစ်**ရှိသောမြ၊ စိန်တို့ဖြင့်ခြယ်စီအပ် သော ကျောက်ပြားကိုခင်း၏။ နံရံလေးဘက်တို့၌လည်း ထိုကဲ့သို့မြ၊ စိန်တို့ဖြင့် ခြယ်စီအပ်သောကျောက်ပြားများဖြင့်သာကာရံလေ၏။ ဥာပနာ ရန် ရုပ်တုတော်အစရှိသောအလုံးစုံတို့ သိကြားမင်းသည် အပြည့်အစုံ ဖန်ဆင်းစီစဉ်ပြီးလျှင် နတ်၊ သိကြား၊ ဗြဟ္မာတို့သည် မိမိတို့၏နေရာ၊ ဘုံဗိမ္မာန်သို့အသီးသီးပြန်ကြလေကုန်၏။

**(စာရင်းအလုံးစုံကိုဥာပနာရာ၌ဖော်ပြအံ့)**

## ဆံတော်မြတ်ကို ဥာပနာရန်ပင့်ဆောင်ခန်း

**ပူဇော်ပွဲကြီး**

ထိုသို့ဥာပနာတိုက်တော်ကို သုဒဿနတောင်တော်တွင် ပြုပြင်စီ စဉ်ပြီးနောက် အမတ်ချုပ်ကြီး**"ဟာန်"**သည် နောက်လိုက်များနှင့်တကွ ဒုံ ဖိုင်းတူမြို့သို့ ပြန်လာပြီးလျှင် ဘုရင်မဏ္ဍလီပ်(သမန္တရာဇာ)နှင့်တကွ သူ ဌေးကြီးပိဏ္ဍိက၊ သူဌေးကတော်သုမနကလျာဏီ၊ စူဠသာလ၊ မဟာသာလ တို့အား အကြောင်းအရာအစုံအလင်ကိုပြန်ကြားပြောပြရာ ဘုရင်မင်းမြတ် နှင့်တကွ ပြည်သူ/သားအားလုံးတို့သည် သောင်းဖြဖြ လွန်မင်းစွာ ဝမ်းမြောက်ကြလျက် ဆံတော်ဓာတ်မြတ်ကို သုဒဿနတောင်၊ ဥာပနာ တိုက်တော်သို့ ပင့်ဆောင်ရန် လမ်းခရီးသုတ်သင်ပြုပြင်ခြင်း အစရှိသည့် အလုံးစုံသောအစီအစဉ်ကို ပြုပြင်ကြကုန်၏။

ထိုအစီအစဉ်များပြီးဆုံးသောအခါ ပြည်သူ/သားတို့သည် အလွန် အကြူးအထူးထက်သန်သောစိတ်ရှိကုန်သည်ဖြစ်၍ ဆံတော်ဓာတ်မြတ် ကိန်းဝပ်ရာ ရတနာရွှေကြုတ်ကို မြင်းကသောရထားပေါ်သို့တင်ပြီး ညီညာ

ပြေပြစ်ချောမောသောလမ်းခရီးဖြင့် သုဒဿနတောင်တော်ဌာပနာတိုက် သို့ ရှေ့ရှုပင့်ဆောင်ကြကုန်၏။ ဘုရင်မင်းမြတ်နှင့်တကွအားလုံးသောပြည် သူ/သားအပေါင်းတို့သည် အဆန်းတကြယ်အသွယ်သွယ်သောပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ကြကုန်လျက် အမျိုးမျိုးအဖုံဖုံတူရိယာမျိုးစုံတို့ကို တီးမှုတ်၊ ကခုန်၊ သီဆိုကြကုန်ပြီး ကြီးကျယ်ခမ်းနားလှသောပွဲလမ်းသဘင်ကြီးကျယ်စွာဖြင့် ပူဇော်ကန်တော့၍ လိုက်ပါကြလေကုန်၏။

## ဆံတော်ဓာတ်မြတ်ရပ်တန့်တော်မူရာ

**တန့်တောကြီး**

ဒုံဖိုင်းတူမြို့(ဇောင်းတူမြို့)နှင့်သုဒဿနတောင်တော်သည် နှစ်ယူဇနာကျော်မျှဝေးကွာသော်လည်းလမ်းခရီးအကြား၌ ပူဇော်ခြင်းတို့မှာ တစ်မျိုးပြီးတစ်မျိုး တိုး၍တိုး၍ အမျိုးမျိုးအခမ်းခမ်းတို့ဖြင့် ဆန်းကြယ်လှစွာ ပူဇော်ကြလျက် ယဉ်ကျေးသာယာဖြည်းညင်းစွာလာရခြင်းကြောင့် ဒုံဖိုင်းတူမြို့(ဇောင်းတူမြို့)မှ သုဒနတောင်တော်ထိပ်ခရီး၏တစ်ဝက်တွင်တော၌ဖြစ်သောပန်းပွင့်အဖုံဖုံတို့ဖြင့် ဖူးပွင့်ဝေဆာသာယာ စိမ်းစိုသောတောအုပ်ကြီးသို့ ခုနစ်ရက်ကြာမှဆိုက်ရောက်လာကြလေရာ ခပ်သိမ်းသောနတ်လူတို့၏ ပူဇော်ခြင်းအမျိုးမျိုးကို ခံယူ[illegible]မူရန် ရပ်တန့်တော်မူရလေ၏။ ဤသို့ရပ်တန့်၍ ပူဇော်ခံရာတောအုပ်ကြီးကို **"တန့်တောကြီး"**ဟု ခေါ်ကြလေသည်။

**မှတ်ချက်** ။ ။ ထိုတန့်တောကြီးကို ကာလကြာညောင်းသဖြင့် ထန်းတောကြီးဟု အမည်ပြောင်းကာယခုအထိခေါ်ဝေါ်လျက်ရှိကြလေ၏။ ဒုံဖိုင်းတူ ဟူသောစကားသည် မွန်ဘာသာစကားဖြစ်၍ မွန်ဘာသာဖြင့်ရေးသားသောအခါ

(ချင်သံင်စာ) - ဒုံစိုင်းတူဟူ၍ အသံထွက်ပါသည်။

(ချင်) - ဒုံ ကား မြို့

(သံင်) - နိုင်း ကား သောင်

(တ) - တူ ကား တည်သည်၊ ထွန်းသည်။

သောင်ထွန်းမြို့(သို့မဟုတ်)သောင်ထွန်းပေါ်၌ တည်ထားသောမြို့ဟူ၍ အဓိပ္ပာယ်ရှိပါသည်။(ထွန်းရင် မွန်ပထွိတ်)

**ရတနာရွှေကြုတ်တော်**

ထိုတစ်ဝက်ခရီးမှတစ်ဖန်ထွက်တော်မူရာ သုဒဿနတောင် ဌာပနာတိုက်တော်သို့ ဒုံဗိုင်းတူမြို့က စထွက်သည်မှ(၁၄)ရက်ကြာမှပင် ဆိုက်ရောက်ကြလေ၏။ ထိုသို့ရောက်ကြလျှင် ဌာပနာတိုက်တော်၏အလယ်၌ သိကြားမင်းသည်ဖန်ဆင်းထားခဲ့သောရွှေပုခက်ပေါ်သို့ ဆံတော်ဓာတ်မြတ်ကိန်းဝပ်တော်မူရာ ရတနာရွှေကြုတ်ကိုတင်၍

(၁) သိကြားမင်း၊ နတ်မင်းတို့ကို အရှေ့မျက်နှာအရပ်၌။

(၂) ဒုံဗိုင်းတူ(ဇောင်းတူ)မြို့သူ/သားတို့ကို အနောက်အရပ်၌။

(၃) အမတ်ချုပ်ကြီး"ဟန်"နှင့် လူပေါင်းကိုးထောင်ကို စစ်ဝတ်တန်ဆာ၊ လက်နက်ကရိယာအစုံနှင့် မြောက်အရပ်၌။

(၄) ပြဟ္မာမင်းတို့ကို တောင်မျက်နှာအရပ်၌အသီးသီးနေစေပြီးလျှင် အဆန်းတကြယ်အသွယ်သွယ်သောတူရိယာမျိုးစုံတို့ကို သာယာနာပျော်ဖွယ်ရှိအောင် တီးမှုတ်ကာ ပူဇော်ကန်တော့ကြလေကုန်၏။

## ဌာပနာတိုက်တော်အတွင်းပူဇော်ထားသောအစီအစဉ်များကိုပြခြင်း

**ရွှေရုပ်တုတော်များ**

ဤသို့ အသီးသီးပူဇော်ကန်တော့ကြပြီးလျှင် ဆံတော်ဓာတ်မြတ်

ကိန်းဝပ်တော်မှုရာ ရတနာရွှေကြုတ်တော်ကို သိကြားမင်းဖန်ဆင်းထားသော **အလျားလေးတောင်နှစ်မိုက်၊ အနံနှစ်တောင်လက်လေးသစ်၊ ရွှေအချိန်တစ်ရာ့ရှစ်ပိဿာရှိ** ရွှေပုခက်၏အပေါ်သို့ တင်ထားလေသည်။ အတွင်းခံ **ရွှေအချိန်နှစ်ဆယ့်ငါးပိဿာ၊ ခုနစ်ဆယ့်ငါးကျပ်သား၊ အပြင်ကွပ် ငွေအချိန် သုံးဆယ်ပိဿာရှိ၏။ အမြင့်သုံးတောင်နှစ်မိုက်ရှိသော စူဠသာလအရုပ်၊ အနောက်မြောက်ထောင့်မှ မဟာသာလအရုပ်က အရှေ့တောင်ထောင့်မှ မျက်နှာချင်းဆိုင်၍ရွှေပုခက်တော်ကိုထမ်းပြီးနေဟန်** စီမံထားလေ၏။ သိကြားမင်းသည်ဖန်ဆင်း၍ထားခဲ့ပြီးသော **အရှင်သာ ရိပုတ္တရာ**၏ရုပ်တုတော်ကို လက်ယာဘက်၌၊ **အရှင်မောဂ္ဂလ္လာန်**၏ ရုပ်တုတော်ကို လက်ဝဲဘက်၌ ခစားနေဟန်ထား၏။ **အရှင်မဟာကဿပ၊ အရှင်ကုမာရ၊ အရှင်သာရဒွါဇ၊ အရှင်ပိဏ္ဍောလ၊ အရှင်ကောဏ္ဍည၊ အရှင်သီဝလိ၊ အရှင်ဥပါလိ၊ အရှင်အဿဇိ၊ အရှင်ဂဝံပတိ၊ အရှင်အနုရုဒ္ဓါ** စသောအသီတိသာဝကဝင် ရဟန္တာအရှင်မြတ်တို့၏ ရုပ်တုတော်များကို အနောက်ဘက်သို့မျက်နှာမူလျက်အရှေ့မှတောင်တို့ စီတန်းပြီးထား၏။ **အရှင်အာနန္ဒာ**၏ရုပ်တုကိုတောင်ဘက်သို့မျက်နှာမူလျက် ရွှေပုခက်တော်ကို ဖက်မပြီးနေဟန်ထား။ **အရှင်ရဟုလာ၊ ယသော်ဓယာ** တို့၏ရုပ်တုတို့ကိုမူ ရွှေပုခက်တော်၏အနီး၌ အရှေ့သို့မျက်နှာမူလျက် အနောက်ဘက်ကထား၏။ ခမည်းတော်**သုဒ္ဓေါဒန**၊ မယ်တော်**သီရိမဟာမာယာ**၊ မိထွေးတော်**ဂေါတမီ၊ ခေမာ၊ ဥပ္ပလဝဏ်**တို့၏ရုပ်တုပုံတို့ကိုလည်း အနောက် မြောက်ထောင့်သို့မျက်နှာမူလျက် အရှေ့တောင်ထောင့်၌ထား၏။ **သိကြားမင်း၊ သုဝမ္မာ၊ သုစိတ္တာ၊ သုနန္ဒာ၊ သုဇာတာ၊ သမန္တရာဇာ မင်း၊ မိဘုရားသုဘဒ္ဒါဒေဝီ၊ ပိဏ္ဍိကသူ ဌေးကြီး၊ သူဌေးကြီးကတော် သုမနကလျာဏီ**တို့၏ ရုပ်တုတို့ကိုလည်း အရှေ့ဘက်သို့ မျက်နှာမူလျက် အနောက်ဘက်

မနီးမဝေးသောအရပ်၌ထား၏။ **သဟံပတိဗြဟ္မာမင်းကြီး**၏ရုပ်တုကို မြောက်အရပ်ဘက်သို့ မျက်နှာမူလျက် တောင်ဘက်၌ထား၏။

### ရုပ်တုနှင့်ရွှေပန်းခိုင်များ

ထိုမှတစ်ပါး **သူရဿတီနတ်၊ စန္ဒီနတ်၊ ပရမီသွာနတ်၊ မဟာပိန္နဲနတ်၊ ဂေါရမန္တနတ်၊ မဟေသရနတ်၊ ဗိဿနိုးနတ်** ဤကမ္ဘာစောင့်နတ်တို့၏ရုပ်တုတို့ကိုလည်းကောင်း၊ **ဓတရဋ္ဌနတ်၊ ဝိရူဠှကနတ်၊ ဝိရူပက္ခနတ်၊ ကုဝေရနတ်** ဤစတုလောကပါလနတ်မင်းကြီးတို့၏ရုပ်တုတို့ကိုလည်းကောင်း၊ **သာတာဂီရိနတ်၊ ဟေမဝတနတ်၊ ဝေဿဝဏ္ဏနတ်** ဤတန်ခိုးကြီးသောနတ်ဘီလူးတို့၏ရုပ်တုတို့နှင့်တကွ **အဋ္ဌဝီသနှစ်ကျိပ်ရှစ်ပါးသော**နတ်မင်းကြီးတို့၏ရုပ်တုတို့ကိုလည်းကောင်း၊ **ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ပတ္တမြားပန်းခိုင်၊ စိန်သားပန်းခိုင်၊ ပုလဲပန်းခိုင်၊ ရွှေယပ်၊ ငွေယပ်၊ ပတ္တမြားယပ်၊ သားမြီးယပ်၊ ဒေါင်းမြီးယပ်၊ ထန်း ရွက်ယပ်၊ ရွှေတံခွန်၊ ငွေတံခွန်** အစရှိသည်တို့ကို အသီးသီး ကိုင်စေလျက်ပတ်ဝန်းကျင်၌ စနစ်တကျစီစဉ်၍ထား၏။

## ဌာပနာတော်အဖြစ်လှူဒါန်းသောရတနာများနှင့် ကောင်းမှုရှင်များ

### ရွှေစဉ့်အိုးရှစ်ဆယ်

သိကြားမင်းလှူသောရွှေကား(ကုဋေတစ်ဆယ်)၊ သိကြားမင်း၏ မိဖုရားလေးယောက်တို့က အသီးသီးလှူဒါန်းကြသည်ကား (ငွေအချိန်ငါးကုဋေ)၊ သူဌေးကြီးပိဏ္ဍိကနှင့် သူဌေးကတော်သုမနကလျာဏီတို့က(ရွှေငွေ၂သားစပ် တစ်ထောင်)၊ စူဠသာလ၊ မဟာသာလညီနောင်တို့က(ငွေတစ်ထောင်ရှစ်ဆယ်)၊ အမတ်ချုပ်ကြီး"ဟန်"က (ငွေတစ်ထောင်တစ်ဆယ့်ငါး)၊

ဒုံဗိုင်းတူ(ဖောင်းတူ)မြို့သူ/သားတို့က(ငွေတစ်သောင်း)၊ မဏ္ဍလိပ်သမန္တရာဇာမင်းကြီးက **ဇမ္ဗူနုဒရွှေပတ္တမြား** တို့ဖြင့်ခြယ်စီအပ်သော (မကိုဋ်သရဖူတော်တစ်ခု)၊ သုဘဒ္ဒါမိဘုရားကြီးက အဖိုးအနဂ္ဃ အလွန်ထိုက်တန်လှသော (ပတ္တမြားဆံကျင်နှင့် နားတောင်းတစ်စုံ)ပြဟ္မာမင်းကြီးက ဘွဲ့ဖြူပုဆိုး (အထည်ရေ ရှစ်ဆယ်)၊ ရဟန္တာအရှင်မြတ်ရှစ်ပါးတို့က တာဝတိံသာနတ်ပြည်၌ပေါက်သည့်(ပင်လယ်ကသစ်ရှစ်ပွင့်)၊ ဤသို့ အသီးသီးလှူဒါန်းပူဇော်ထားသော ရွှေ၊ ငွေ၊ ပုဆိုး၊ ကသစ်ပန်းရှစ်ပွင့် စသည်တို့ကို ရွှေစဥ့်အိုးအလုံးရှစ်ဆယ်တွင် ထည့်သွင်းပြီးလျှင် တစ်မျက်နှာလျှင် အလုံးနှစ်ဆယ်စီစီတန်းခြံရံ၍ လေးမျက်တို့၌ထား၏။

## ဌာပနာတိုက်တော်၏အစောင့်အရှောက်အရံအတားများ

### နရုပတေ့အင်္ဂတေ

ဤသို့အစီအစဥ်အရကျနစွာထားပြီးလျှင် သိကြားမင်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းသောယန္တရားစက်တို့ကို ဌာပနာတိုက်တော်၏အောက်မှလည်းကောင်း၊ အဝမှလည်းကောင်း စသည်ဖြင့် အလွန်ခိုင်ခံ့လုံခြုံအောင်ဖန်ဆင်းထား၏။ ထိုပြင်ဌာပနာတိုက်တော်၏အစ **အရှေ့မျက်နှာ၌ ဒေဝယက္ခနတ်မင်းကို သံလျက်ကိုင်စေလျက်၊ ဝေဠုသုမနနတ်မင်းကို အနောက်မျက်နှာအရပ်၌ ဆောက်ပုတ်ကို ထမ်းစေလျက်၊ မဟာစန္ဒနတ်မင်းကို တောင်မျက်နှာအရပ်၌ သန်လျက်ကိုင်စေလျက်၊ ဒေဝသုမနနတ်မင်းကို မြောက်မျက်နှာအရပ်၌ လှံကိုင်စေလျက်အမြဲစောင့်၍နေစေ၏။ ဘုမ္မစိုးနတ်မင်းနှစ်ယောက်တို့ကိုကား ဖယောင်းအချိန်နှစ်ရာကို ရွှေဖယောင်းတိုင်နှစ်တိုင်လုပ်၍ ရွှေပုခက်၏ ခေါင်းရင်းနှင့် ခြေရင်းတော်က တစ်တိုင်**

**စီကိုင်၍ မီးပူဖော်လျက်နေစေ၏။** ဤသို့ အစောင့်အရှောက်အနိုင် အလုံသေချာစွာ စီစဉ်ထားပြီးလျှင် ဌာပနာတိုက်တော်အားမြေကျောက်ကို နရပတေ့အင်္ဂတေတို့ဖြင့်)သေချာကျနစွာမွမ်းမံပြီး ပိတ်ဖုံးထားလေသည်။

## ဆံတော်ဓာတ်မြတ်စေတီတော်ပြီးမြောက်ခန်း

**တည်ပြီးသက္ကရာဇ်**

ဤသို့ ဌာပနာတိုက်တော်ကို အခွန့်ရှည်စွာတည်ရှိအောင် အနိုင် အခံ့စီစဉ်ပြီးလျှင် **ရွှေအုတ်ချပ်ရေတစ်သောင်း၊ ပတ္တမြားအုတ်ချပ် ရေတစ်ထောင့်ရှစ်ရာတို့ကို မြေကျောက်သရွတ်ထောင်း၍ ညက်စွာ ကြိတ်နယ်ပြီးလျှင် ကောင်းမွန်သေချာစွာစေတီတော်ပြုလုပ်ထား ၏။ ထိုရွှေအုတ်၊ ပတ္တမြားအုတ်စေတီတော်၏အထက်၌ ကျောက် အုတ်တို့ဖြင့် စေတီတည်ပြန်၏။** ထိုကျောက်အုတ်တို့၏ အထက်၌ သံအုတ်တို့ဖြင့် စေတီတည်ပြန်၏။ ထို သံအုတ်တို့၏ အထက်၌ မြေအုတ်တို့ ဖြင့် စေတီတည်ပြန်၏။ ဤသို့အဆင့်ဆင့်အထပ်ထပ်စေတီတည်ခြင်း ကိစ္စ အလုံးစုံ ပြီးမြောက်လေသော် စေတီတော်မြတ်ကြီးသည် ဉာဏ်တော် အ တောင်(၅၀)၊ လုံးပတ်တော်အတောင်(၂၅၀)ရှိလေသည်။ ဤသို့အားဖြင့် မဟာသက္ကရာဇ်(၁၁၅)ခုနှစ်၊ တန်ခူးလဆန်းတစ်ရက်၊ စနေနေ့ကောင်း မြတ်သောမင်္ဂလာအချိန်အခါတွင်ဌာပနာ တိုက်နှင့်တကွ စေတီတော်မြတ် ကြီး၏ အစီအစဉ်ကိစ္စ ပြီးမြောက်အောင်မြင်လေသတည်း။

## စေတီတော်မြတ်ကြီး၏ဘွဲ့တော်

**ကျိုက်မုဓော**

ဤသို့စေတီတော်မြတ်ကြီးတည်၍ ပြီးဆုံးသောအခါ ဖူးမြော်ပူ

ဇော်ရန်လာကြကုန်သော ပရိသတ်အများတို့သည် စေတီတော်မြတ်ကြီး၏ အချိုးကျနစွာ တင့်တင့်တယ်တယ်သပ္ပာယ်စမွာယ်ပုံတို့ကို ဖူးကြရလျှင် အလွန်ထက်လှသောသဒ္ဓါမြတ်အစဉ်စေတနာအလျဉ်တို့သည် တသွင်သွင်မပြတ်တရစပ်ဖြစ်ပေါ်ကုန်ကြသောကြောင့် ပါလာသမျှသောရွှေ၊ ငွေ၊ ရတနာအဖြာဖြာတို့ကို လှူဒါန်းပူဇော်သောအားဖြင့် ကြွကြွ၊ မြောက်ကြသည့်ကား မိုးသီးမိုးပေါက်ပမာများစွာပင်ဖြစ်ကြကုန်၏။ စေတီတော်မြတ်ကြီးနှင့်တကွ သုဒဿနတောင်ကုန်းတော်ကြီးသည် ရတနာအရောင်တို့ဖြင့် ပြိုးပြိုးပြောင်ပြောင်တင့်တယ်တောက်ပပြီး ရွှေပုံ၊ ငွေပုံ၊ ရတနာပုံကြီးကဲ့သို့ဖြစ်၍နေလေ၏။ စေတီတော်၏ဘွဲ့တော်ကို ကျွန်းပေါ်စက ဘုရားသခင်ဒေသစာရီဖြန့်ချိကြွရောက် ရပ်တော်မူသောနေရာဖြစ်၍ **“ကျိုက်မူတား”**ဟု မွန်ဘာသာဖြင့်ခေါ်တွင်လေ၏။

(ဘာသာပြန်) — (ကျိုက် ကား ဘုရား)

(မူ ကား အစွန်း)

(တား ကား ရပ်သည်) "ရပ်သည့်စွန်းဘုရား"ဟု အဓိပ္ပါယ်ရရှိ၏။ နောက်ကာလမြင့်ကြာပြီး ဝေါဟာရရွေ့လျားလာသဖြင့် မူတား က မူတော၊ ထိုမှတစ်ဖန် မော်တော(မော်ဓော)ဖြစ်ရှိလာသည်ဟူ၏။

မှတ်ချက် ။ ။ ရွှေမော်ဓောသမိုင်းကို အမိန့်တော်နှင့် မွန်ဘာသာမှ မြန်မာဘာသာပြန်ဆိုသူ သာရကာမှူး(ကျော်ထင်အနော်ရထာ)လည်း မိမိပြန်ဆိုသောသမိုင်းအဆုံး သံပိုင်းလက်ာတွင်"ရှင်ချစ်ဗုဒ္ဓေါ လွန်ကျော်ဓောသည့် "မော်တောသမိုက်"စသည့်ဖြင့် ခွဲထားသတ်ပုံနှင့်စပ်ဆိုလျက်ပင်ရှိသည်။ မှန်နန်းရာဇဝင်တော်ကြီး၌ ဒန္တပေဋ္ဌမအက္ခရာ(တ)နှင့်ပင် ရေးသားလျက်ရှိသည်။ ယခုခေတ်စာမူများ၌ စတုတ္ထအက္ခရာ ဓ နှင့် (မော်ဓော)ဟု ရေးသားကြသည်။

## သီရိဓမ္မာသောကမင်းကြီး၏ ရွှေမော်ဓောစေတီတော်မြတ်ကိုပြုပြင်တော်မူခြင်း

**သာသနာနှစ်(၂၁၈)ခုနှစ်**

ထိုနောက် သာသနာနှစ်(၂၁၈)ခုနှစ်ရောက်သောအခါ **သီရိဓမ္မာသောကမင်းကြီး**သည် ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို ထပ်မံပြုပြင်တော်မူသည်။ ထိုနောက်သမလ၊ ဝိမလစသောမင်းအဆက်ဆက်တို့ ပြုပြင်တော်မူကြ၍ ယခုတိုင်ကိုးကွယ်ရကြောင်းရာဇဝင်အတိုကောက်တွင် ပါရှိလေသည်။

မှတ်ချက် ။ ။"သီရိဓမ္မာသောကမင်း"သည် အိန္ဒိယနိုင်ငံကိုအုပ်စိုးသော"အာသောကမင်း"ဖြစ်သည်။ (ဒေါက်တာနိုင်ပန်းလှ၏ သုတေသနစာတမ်း)

## ရွှေမော်ဓောစေတီတော်မြတ်ကြီးကိုမင်းအဆက်ဆက်တို့မြှင့်တင်မွမ်းမံခဲ့သော ညာဏ်တော်နှင့် ဟံသာဝတီပထမမြို့တည်မင်းဆက်နန်းစံအဖြစ်စဉ်များကို ဖော်ပြခြင်း

သယမ္ဘူတွတ်ထား မြတ်စွာဘုရား၏ ဗျာဒိတ်တော်အရ ဟံသာဝတီမင်းနေပြည်တော်တွင် သုဒဿနတောင်တော်မြတ်၌ ဖူးမြင်ရသူအားလုံးတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်လင်စေနိုင်သော**ကျိုက်မုတော**ခေါ် ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ဘုန်းမြင့်၊ ကံမြင့်၊ သမ္ဘာတင့်၍ အကျင့်ပြည့်စုံတန်ခိုးဂုဏ်တို့နှင့် အထူးပြည့်စုံကျော်ကြားကုန်သောရှေးမင်း အဆက်ဆက်တို့သည် ပညာအနှစ်သဒ္ဓါ၊ စေတနာအစစ်ဖြင့် အားသစ်တိုးလျက် မပျက်မကွက်အဆက်မပြတ်ဆည်းကပ်မွမ်းမံ၍မြှင့်တင်ခဲ့ကြသော အစဉ်အလာများကို သမိုင်းအကျဉ်းချုပ် ရာဇဝင်စသည်တို့မှ ထုတ်နှုတ်စိစဉ် ညှိနှိုင်းပြီးလျှင် အတိတ်သာသနာ သချာအရေအတွက် ကောဇာသက္က

ရာဇ်နှင့်တွဲဖက်လျက် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ သက်တော်နှစ်ပရိစ္ဆေဒကိုပါ အလွယ်တကူကြည့်ဖြူလှုစွာ သဒ္ဓါတော်မိုးမပြတ်တိုးပြီး အားကိုးကြည်ညိုနိုင်ကြစေရန် ဖော်ပြလိုက်ပါသည်။

မြတ်စွာဘုရားရွှေပြည်နိဗ္ဗာန်စံလွန်တော်မူသည်မှ သာသနာနှစ်(၁၃၆၉)ခုနှစ်ရောက်လစ် ကောဇာ(၁၈၇)ခုနှစ်တွင် **သမလကုမ္မာ**ဗျာဒိတ်ရလောင်းရာဇာသည် ညီတော်ဝိမလမင်းသားကို အိမ်ရှေ့(ဥပရာဇ်)ထားကာ ဟင်္သာနိမိတ်အကြောင်းဟိတ်ဖြင့် နှိပ်ကမ္ပည်းစာ မော်ကွန်းဖြာလျက်"ဟံသာဝတီ"မည်သောမင်းနေပြည်တော်ကြီးကို ဖန်ဆင်းတည်ထောင်ခဲ့သည်ဟုဆိုသည်။ မှန်ရာဇဝင်ဉပ္ပန္နသုဝဏ္ဏဟံသာဝတီရာဇဝင်သမိုင်းကထာအလိုအရ ဟံသာဝတီကို သမ္မလမင်းတည်သောခုနှစ်မှာ သာသနာနှစ်(၁၁၁၆)ခု၊ တပို့တွဲလပြည့်ကျော်(၁)ရက်ဟုဆိုပါသည်။

**သမလမင်း**

၁။ ကာမ၊ ရူပ၊ အရူပဟု လောကသုံးခွင်ဘုံအပြင်တွင် နှိုင်းယှဉ်မရအတုလမှန်ငြားမြတ်စွာဘုရား၏ ကောဇာသက္ကရာဇ်(၁၈၇)ခုနှစ်တွင် ဟံသာဝတီပြည်၊ ပဲခူး၌ **သမလမင်း** မြတ်နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် သက်တော်(၁၄၀၂)နှစ်ရှိပြီဖြစ်သော ရွှေမော်ဓောစေတီတော်မြတ်ကြီးကို (၄)တောင်မြင့်တင်ပြီး ဉာဏ်တော်(၈၄)တောင်အထိ တိုးတက်ပြုပြင်မွမ်းမံတော်မူ၍ ရတနာ(၉)ပါးတို့ဖြင့် အလွန်တင့်တယ်တောက်ပအောင် တန်ဆာဆင်သောထီးတော်ကိုတင်လှူပြီး ဖိနပ်တော်မှစိန်ဖူးတော်အထိ ရွှေသင်္ကန်းအပြည့်ဆက်ကပ်တော်မူ၏။ ထို**သမလမင်း**မြတ်သည်(၁၂)နှစ် နန်းစံတော်မူပြီး ကောဇာသက္ကရာဇ်(၁၉၉)ခုနှစ်တွင် နန်းကျတော်မူ၏။

**ဝိမလမင်း**

၂။ ထိုနောက်ညီတော် **ဝိမလမင်း**သည် ကောဇာသက္ကရာဇ်(၁၉၉)ခု နှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် သက်တော်(၁၄၁၄)နှစ်ရှိပြီဖြစ်သော ဤရွှေမော်စေတီတော်မြတ်ကြီးကို (၅)တောင်မြှင့်ပြီး ဉာဏ်တော်(၅၉)တောင်အထိ တိုးတက်ပြုပြင်မွမ်းမံ တော်မူ၍ ရွှေထီးတော်ကိုတင်ပြီး စေတီလုံးအပြည့် ရွှေသင်္ကန်းဆက် ကပ်လှူဒါန်းတော်မူ၏။ ထို**ဝိမလမင်းမြတ်**သည်(၁၇)နှစ်နန်းစံပြီး၊ ကောဇာသက္ကရာဇ်(၂၁၆)ခုနှစ်တွင် နန်းကျတော်မူ၏။

**အသားမင်း**

၃။ ထိုနောက်**အသားမင်းသား**(အချို့**အသဿကုမ္မာ**ခေါ်မင်း)သည် အတိတ်သာသနာ(၁၃၉၈)နှစ်၊ ကောဇာသက္ကရာဇ်(၂၁၆)ခုနှစ်တွင် ဟံသာ ဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် သက်တော်(၁၄၃၁)နှစ်ရှိ ပြီဖြစ်သော ဤရွှေမော်ဓောစေတီမြတ်ကြီးကို (၆)တောင်မြှင့်တင်ပြီး ဉာဏ် တော်(၆၅)တောင်အထိတိုးတက်ပြုပြင်စီမံတော်မူ၍ ထီးတော်တင်လှူဒါန်း တော်မူသည်။ ထို**အသားမင်းမြတ်**သည် (၇)နှစ်နန်းစံပြီး ကောဇာသက္က ရာဇ်(၂၁၃)ခုနှစ်တွင်နန်းကျတော်မူ၏။

**အရိန္ဒမမင်း**

၄။ ထိုနောက်**အရိန္ဒမမင်း**သည် အတိတ်သာသနာတော်(၁၄၀၅)ခု နှစ်၊ ကောဇာသက္ကရာဇ်(၂၂၃)ခုနှစ်တွင် ဟံသာဝတီနေပြည်၌ နန်းတက် တော်မူ၏။ ထိုမင်းလက်ထက်၌ ထီးတော်သည် အနောက်မြောက်ထောင့်သို့ ယိမ်းယိုင်တော်မူလျက်ရှိသည်ကို အထူးခိုင်ခံ့တည့်မတ်စေလျက် သက် တော်(၁၄၃၈)နှစ်ရှိပြီဖြစ်သောဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို (၇) တောင်မြှင့်ပြီး ဉာဏ်တော်(၇၂)တောင်အထိ တိုးတက်ပြုပြင်မွမ်းမံ၍ ရွှေ

သက်န်းအပြည့်ဆက်ကပ်တော်မူသည်။ ထို**အရိန္ဒမမင်းမြတ်**သည် (၇)နှစ် နန်းစံပြီး ကောဇာသက္ကရာဇ်(၂၃၀)ပြည့်နှစ်တွင် နန်းကျတော်မူ၏။

## သက္ကရာဇ်(၂၃၇)ခုနှစ်၊ မင်းငါးဆက်မြောက်၌ ပထမဆုံးငလျင်ဘေးကြုံတော်မူခြင်း

**မဟိ ံသရာဇာ**

၅။ ထိုနောက်သားတော်**မဟိ ံသရာဇာ**မင်းသည် အတိတ်သာသနာ (၁၄၁၂)ခုနှစ်၊ ကောဇာသက္ကရာဇ်(၂၃၀)ခုနှစ်တွင် ဟံသာဝတီပြည်၌ မင်းပြုတော်မူ၏။ ထိုစဉ်အခါ–

(၁) မုန်တိုင်းလေပြင်းကြီးစွာထ၍ဤရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ထီးတော်သည် အနောက်မျက်နှာသို့လွင့်စဉ် ခ တော်မူခြင်း။

(၂) စေတီတော်မြတ်၏ ဆပ်သွားဖူးက ရွဲလုံးအထိ ပြိုပျက်တော်ခြင်း။

(၃) တော်လည်းခြင်း။

(၄) ဥက္ကာပျံခြင်း။

ဤနိမိတ်ကြီးလေးပါး ထင်ပေါ်လာသည်။

ထိုမင်းမြတ်သည် သက်တော်(၁၄၄၅)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီမြတ်ကြီးပထမဆုံးအကြိမ်မြေငလျင်ရှိန်ကြောင့်ပြိုပျက်တော်မူရာ (၃)တောင်မြှင့်ပြီး ဉာဏ်တော်(၇၅)တောင်အထိ အသစ်ပြုပြင်မွမ်းမံ၍ ရတနာ(၇)ပါးတို့ဖြင့် တန်ဆာဆင်သော ထီးတော်ကိုတင်ပြီး ရွှေသင်္ကန်း အပြည့်ကပ်လှူတော်မူသည်။ ထို**မဟိ ံသရာဇာမင်းမြတ်**သည် (၁၇) နှစ်နန်းစံပြီး ကောဇာက္ကရာဇ်(၂၄၇)ခုနှစ်တွင် နန်းကျတော်မူ၏။

**မှတ်ချက် ။ ။ ဤသို့နိမိတ်ကြီးလေးပါးထင်ပေါ်လာပြီးနောက် ဟံသာဝတီပြည် သည် (၁၇)နှစ်တိုင်တိုင် အုပ်ချုပ်သူမင်းများကင်း၍ ခေါင်းမဲ့တိုင်းပြည် ဖြစ်ကာဖရိုဖရဲဖြစ်နေစဉ်**

**ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို သံဃာတော်ထေရ်ကြီးများတိုင်ပင်တော်မူကြပြီး အုပ်ထိန်းစောင့်ရှောက်တော်မူကြရကုန်၏။**

**မိဂိန္ဒရာဇာ**

၆။ ထိုနောက်**မိဂိန္ဒရာဇာမင်း**(တချို့မိလိန္ဒရာဇာဟုရှိသည်)သည်ကောဇာသက္ကရာဇ်(၂၆၄)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုအခါစေတီတော်မြတ်ကြီး၏ အနောက်မျက်နှာတွင် တံတိုင်းတစ်ဆယ့်နှစ်တာခန့်ပျက်စီးနေသည်ကိုပြုပြင်တော် မူ၍ သက်တော်(၁၄၇၉)နှစ်ရှိပြီဖြစ် သောဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို (၅)တောင်မြှင့်ပြီး ဉာဏ်တော်အတောင်(၈၀)အထိ တိုးတက်ပြုပြင်မွမ်းမံတော်မူ၍ ရွှေထီးတော်တင်တော်မူ၏။ ရွှေသင်္ကန်းကိုလည်း အပြည့်ဆက်ကပ်လှူဒါန်းတော်မူသည်။ ထို**မိဂိန္ဒရာဇာမင်းမြတ်**သည်(၁၅)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၂၇၉)ခုနှစ်တွင် နန်းကျတော်မူ၏။

**မိဂါဒိပ္ပမင်း**

၇။ ထိုနောက် ပထမ**မိဂါဒိပ္ပမင်း**ကြီးသည် ကောဇာသက္ကရာဇ်(၂၇၉)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းသည် သက်တော်(၁၄၉၄)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီး ၏ ထီးတော်ဆပ်သွားဖူးမှ အောက်သို့သုံးပုံအရောက် ပိန္နဲတိုင်ကျိုး၍ အရှေ့မြောက်သို့ ကိုင်းရှိုင်းလျက်ရှိသည်ကို မြင်တော်မူ၍ (၇)တောင်မြှင့်ပြီး ဉာဏ်တော်(၈၇)တောင်အထိ တိုးတက်မွမ်းမံတော်မူ၍ ရတနာ(၇)ပါးတို့ဖြင့် တန်ဆာဆင်အပ်သောရွှေထီးကို တင်လှူတော်မူသည်။ ရွှေသင်္ကန်းကိုလည်း အပြည့်ဆက်ကပ်တော်မူသည်။ ထိုမိဂါဒိပ္ပမင်းမြတ်သည်(၁၅)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၂၉၄)ခုနှစ်တွင် နန်းကျတော်မူသည်။

**ဂိဇ္ဇဒိယ**

၈။ ထိုနောက်**ဂိဇ္ဇဒိယ**(တချို့**ဂိဇ္ဇ**ဟုရှိသည်)ရာဇာမင်းသည် ကောဇာသက္ကရာဇ်(၂၉၄)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းသည်ရတနာသုံးပါးကို ကြည်ညိုတော်မူ၍ သက်တော်(၁၅၀၉)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီး(၂)တောင်မြှင့်ပြီး၊ ဉာဏ်တော်(၈၉)တောင်အထိ တိုးတက်ပြင်ဆင်အပ်သောဘုံ(၇)ဆင့်ရှိ၊ ထီးတော်မြတ်ကိုတင်လှူတော်မူသည်။ ထို**ဂိဇ္ဇဒိယရာဇာမင်းမြတ်**သည် (၁၀)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၃၀၄) ခုနှစ်တွင် နန်းကျတော်မူသည်။

**ကရဝိကမင်း**

၉။ ထိုနောက်ဘထွေးတော်**ကရဝိကမင်း**သည် ကောဇာသက္ကရာဇ်(၃၀၄)နှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ဘုန်းတန်ခိုးအာဏာအဖြာဖြာနှင့် အထူးပြည့်စုံတော်မူသောကြောင့် ယိုးဒယားပြည်၊ သထုံပြည်၊ တရုတ်ပြည်၊ သီဟိုဠ် အစရှိသော ထိုထိုတိုင်းပြည်ကြီးတို့ကပင် လက်ဆောင်ပဏ္ဏာတော်အထူးကို ဆက်ပို့ခြင်းခံတော်မူရလေသည်။ ထိုကရဝိကမင်းသည် သက်တော်(၁၅၁၉)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို(၃)တောင်မြှင့်ပြီး၊ ဉာဏ်တော်(၉၂)တောင်အထိတိုးတက်ပြုပြင်တော်မူသည်။ ထိုကရဝိကမင်းမြတ်သည်(၁၂)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၃၁၆)ခုနှစ်တွင် နန်းကျတော်မူသည်။

**ပဥ္စာလရာဇာမင်း**

၁၀။ ထိုနောက်**ပဥ္စာလရာဇာမင်း**သည် ကောဇာသက္ကရာဇ်(၃၁၆)ခုနှစ်တွင်ဟံသာဝတီပြည်၌နန်းတက်တော်မူသည်။မြတ်စွာဘုရား၏သာသနာတော်ကို အထူးပင်ယုံကြည်စွာကိုးကွယ်ဆည်းကပ်တော်မူသည်။ ပဥ္စာလ မင်းကို သိကြားမင်း ကပင် စောင့်ရှောက် ကူညီရ လေသည်။ ထိုမင်းသည်

သက်တော်(၁၅၃၁)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို(၈)တောင်မြှင့်ပြီး၊ ဉာဏ်တော်အတောင်(၁၀၀)ပြည့်အောင်ပြင်ဆင်မွမ်းမံတော်မူ၍ ရွှေအချိန် ပိဿာ(၃၀)ကို ပုစွန်ခွံခတ်၍ ရွှေထီးအထက်ဆပ်သွားဖူးကို ရွှေအချိန်(၃)ပိဿာဖြင့် ပြုလုပ်၍တင်လှူတော်မူပြီး ရွှေသင်္ကန်းအပြည့်ကပ်လှူတော်သည်။ ထို**ပဥ္စာလရာဇာမင်းမြတ်**သည်(၁၃)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၃၂၉)ခုနှစ်တွင် နန်းကျတော်မူ၏။

**အတ္တသာရမင်း**

၁၁။ ထိုနောက်**အတ္တသာရမင်း**သည် ကောဇာသက္ကရာဇ်(၃၂၉)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ မြတ်စွာဘုရား၏သာသနာတော်ကို အထူးကြည်ညိုစွာနှင့် အာပေးတော်မူသည်။ ထိုမင်းမြတ်သည် သက်တော်(၁၅၄၄)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီး ကို(၄)တောင်မြှင့်ပြီး ဉာဏ်တော်(၁၀၄)တောင်အထိ တိုးတက်ပြုပြင်၍ ရွှေသင်္ကန်းအပြည့် ဆက်ကပ်လှူဒါန်းပူဇော်တော်မူသည်။ ရွှေဆည်းလည်းခုနစ်ဆယ်နှင့် ငွေဆည်းလည်းတစ်ရာ့ငါးဆယ်တို့ကို ထီးတော်တွင်ဆွဲစေပြီး ရတနာ(၇)ပါးတို့ဖြင့် တန်ဆာဆင်အပ်သောထီးတော်ကိုလည်းလှူဒါန်းတော်မူသည်။ ထို**အတ္တသာရမင်းမြတ်**သည် (၁၅)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၃၄၄)ခုနှစ်တွင် နန်းကျတော်မူသည်။

## သွားတော်ဓာတ်ဌာပနာခန်း

**အနုရာမမင်း**

၁၂။ ထိုနောက်**အနုရာမမင်း**သည် ကောဇာသက္ကရာဇ်(၃၃၄)ခုနှစ် တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းလက်ထက် ဂဝံပတိ ထေရ်ကို သုဝဏ္ဏဘူမိတိုင်း သထုံပြည်ရှင်ဘုရင် သီရိမာသောက ရလိုက်

သောဗုဒ္ဓ၏သွားတော်ဓာတ်တို့အနက် တစ်ဆူကို ဟံသာဝတီက ရခဲ့ရာ မူလဆံတော်ဓာတ်ကိန်းဝပ်ရာစေတီ၌ပင် ဌာပနာပြီးသော(သို့မဟုတ်) အရှေ့မြောက်တနင်္ဂနွေထောင့်မှ ဥမင်လိုဏ်ခေါင်းတူးဖောက်စေပြီး ရွှေပန်းတောင်းနှင့်ထည့်သွင်းဌာပနာတော်မူ၍ ကျောက်၊အုတ်တို့ဖြင့် ခိုင်ခံ့စွာ ပိတ်ပြီးလျှင်)ရွှေမော်ဓောစေတီတော်မြတ်ကြီး(၂၂)တောင်တိုးမြှင့်၍၊ ဉာဏ်တော်(၁၂၆)တောင်အမြင့် ဆောင်စေလေသည်။ ထိုပြင်နဝရတ်(၉)ပါး တို့ဖြင့် အထူးခြယ်လှယ်မွမ်းမံအပ်သော ထီးတော်ကိုတင်လှူပြီး ရွှေ သင်္ကန်းအပြည့် ဆက်ကပ်ပူဇော်တော်မူသည်။ ထို့နောက် **အနုရာမမင်း** သည် (၁၂)နှစ်နန်းစံပြီးသက္ကရာဇ်(၃၅၆)ခုနှစ်တွင် နတ်ရွာလားတော် မူသည်။

**မှတ်ချက်** ။ ။ **စေတီတော်ကို တူးဖောက်၍"သွားတော်ဓာတ်"ကိုဌာပနာ၍ ဆံတော်ကိန်းဝပ်သောဌာပနာတိုက်အနီး၌သာဖြစ်ရပေမည်။ မူလဌာပနာတိုက်ကို လုံးဝမထိခိုက်ဟုမှတ်လင့်။**

## မိဂဒိပ္ပငယ်

၁၃။ ထို့နောက်**ဒုတိယမိဂဒိပ္ပငယ်**မည်သောမင်းသည်ကောဇာသက္ကရာဇ်(၃၅၆)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းသည် သက်တော်(၁၅ရ၁)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို(၄)တောင်မြှင့်ပြီး ဉာဏ်တော်အတောင်(၁၃၀)အထိ တိုးတက်ပြုပြင်၍ ရတနာ(ရ)ပါးတို့ဖြင့်ပြီးသောရွှေထီးတော်တွင် **ရွှေဆည်းလည်း (ရ၀)၊ ငွေဆည်းလည်း(၁၀၀)၊ ပဥ္စလောဟာဆည်းလည်း(၅၀)တို့ကို ဆွဲတင်တော်မူသည်။ စိန်ကျောက်လုံးရေ(၁၀၀)၊ ပတ္တမြားကျောက်လုံးရေ(၅၀)၊ မြကျောက်လုံးရေ (၂၀၀)တို့ကိုလည်း ဆပ်သွားဖူးငုံမြတ်နားတွင် လှပစွာစီခြယ်တော်မူသည်။ ဖိနပ်တော်မှ ချယား**



တမ္ပလောဟ
ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်



မဟာဧယျာမုနိ
ပြည်လုံးချမ်းသာသစ်ကနက် ရုပ်ပွားတော်မြတ်



လောကမာန်အောင်
ရန်ပြေ မာန်ပြေ ရုပ်ပွားတော်မြတ်

အထက်ဖော်ပြပါ ရုပ်ပွားတော် သုံးဆူ သည် ရင်ပြင်တော်ဗုဒ္ဓဟူးထောင့်ရှိ ဂန္ဓကုဋီတိုက်တွင် ကိန်းဝပ်စံပယ်တော်မူသည်။

**သီးအထိ ရွှေသင်္ကန်းအပြည့် ဆက်ကပ်လှူဒါန်းတော်မူသည်။** ထိုမှ တစ်ပါး ပဲခူးချောင်းအနောက်ဘက် **တောခလိုကုန်း၌** အတောင်(၁၂၀)ရှိ သော **"ရှင်ပင်သာလျောင်း"** ရုပ်ပွားတော်ကြီးတစ်ဆူနှင့် စေတီပုထိုး(၁၀) ဆူတို့ကိုလည်း တည်တော်မူ၏။ ပုဂံပြည် စုက္ကတေးမင်းနှင့်နန်းပြိုင်ဖြစ်၏။ (၁၀)နှစ်နန်းစံတော်မူပြီး သက္ကရာဇ်(၃၆၆)ခုနှစ်တွင် နတ်ရွာလားလေ သည်။ (မူလ**ကကုသိနာရုံ**၊ နောင်တွင်**နီဗ္ဗာန်ဆင်းတု**၊ နောင်**ရွှေသာလျောင်း**ဟု အမည်ရသည်။ အနီးတွင် **နောင်တော်ကြီးမြသာလျောင်း**ရှိပါသည်။)

**အဂ္ဂသမန္တရာဇာ**

၁၄။ ထိုနောက်**အဂ္ဂသမန္တရာဇာမင်း**သည် ကောဇာသက္ကရာဇ်(၃၆၆) ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် သာသနာ တော်၏အဆောက်အအုံဖြစ်သော စေတီတော်၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် အတန်တန်သောဟောင်းနွမ်းပျက်စီး သည်များကို အထူးအားဖြင့်အသစ်ဖြစ်အောင် ပြင်ဆင်တော်မူပြီး မြို့တံခါး လေးမျက်နှာ တို့၌ ဇရပ်ကြီးလေးဆောင်ကို ဆောက်လုပ်စေလျက် လှူဖွယ်ဝတ္ထုအစုစု တို့ကိုလှူဒါန်းတော်မူသည့်အပြင် သက်တော်(၁၅၈၁)နှစ်ပြည့် ပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို(၆)တောင်မြှင့်ပြီး ဉာဏ် တော်(၁၃၆) တောင်အထိ တိုးတက်ပြုပြင်၍ **သံအချိန်ပိဿာ(၉၀၀)ကို ထီးတော် အခံပြုပြီး အပေါ်တွင် ကြေးနီ အချိန်ပိဿာ(၂၀၀)ကွပ်၍ အပေါ်က ငွေပြားပိဿာ(၃၀)နှင့် ရွှေအချိန်(၉)ပိဿာကို တင့်တယ်စွာ တန်ဆာဆင်၍ တင်လှူတော်မူသည်။ ထိုပြင်ရွှေဆပ်သွားဖူး၊ ရွှေ ငှက်မြတ်နား အားလုံးစုစုပေါင်း တစ်သောင်းလေးထောင်၊ နှစ်ဆယ့် ငါးကျပ် ရှိလေသည်။ ထိုပြင် ရွှေသင်္ကန်းအပြည့် ဆက်ကပ်လှူဒါန်း**

**တော်မူသည်။** ထို**အဂ္ဂသမန္တ ရာဇာမင်းမြတ်**သည် (၁၂)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၃ရ၈)ခုနှစ်တွင် နန်းကျတော်မူ၏။

## ဥပ္ပလရာဇာ

၁၅။ ထိုနောက် **ဥပ္ပလရာဇာမင်းမြတ်**သည် ကောဇာသက္ကရာဇ်(၃ရ၈)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းသည် သက်တော်(၁၅၉၃)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို(၃)တောင်မြှင့်ပြီး၊ ဉာဏ်တော်(၁၃၉)တောင်အထိ တိုးတက်ပြုပြင်တော်မူ၍ ဖိနပ်တော်လေးမျက်နှာကိုလည်း (၁၅)တောင်စီ ဖွင့်တော်မူပြီး ဖိနပ်တော်မှ ချယားသီးအထိ ရွှေသက်န်းအပြည့် ဆက်ကပ်တော်မူသည်။ ထို**ဥပ္ပလမင်းမြတ်**(၁၂)နှစ် နန်းစံတော်မူပြီး ကောဇာသက္ကရာဇ်(၃၉၀)ပြည့်နှစ်တွင် နန်းကျတော်မူ၏။

## ပုဏ္ဏရိကမင်း

၁၆။ ထိုနောက်**ပုဏ္ဏရိကမင်း**သည် ကောဇာသက္ကရာဇ်(၃၉၀)ပြည့်နှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၍ မင်းကျင့်တရား(၁၀)ပါးနှင့် အညီအုပ်ချုပ်တော်မူ၏။ မိဘ၊ ဆရာ၊ ကြီး ကဲသောပုဂ္ဂိုလ်များကိုလည်း အထူးမြတ်နိုးတော်မူသည်။ အလှူအတန်း၌ အထူးဝါသနာပါသည့်အလျောက် သာသနာတော်ကို ချီးမြှောက်လှူဒါန်းတော်မူသည်။ ထိုမင်းသည် သက်တော်(၁၆၀၅)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို (၇)တောင်မြှင့်ပြီး ဉာဏ်တော်(၁၄၆)တောင်အထိ တိုးတက်ပြုပြင်တော်မူ၍ ဖိနပ်တော်မှ စိန်ဖူးတော်အထိ ရွှေသက်န်းအပြည့် ဆက်ကပ်လှူဒါန်းတော်မူသည်။ ထို**ပုဏ္ဏရိကမင်း**သည် (၁၅)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၄၀၅)ခုနှစ်တွင် နန်းကျတော်၏။

**တိဿမင်း**

၁၇။ ထိုနောက် **တိဿမင်း**သည် ကောဇာသက္ကရာဇ်(၄၀၅)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းသည် မြတ်စွာဘုရား သာသနာတော်ကို မကြည်ညိုသဖြင့် ဟံသာဝတီပြည်ကြီးကို သာသနာတော် အရောင်အလင်းမှ ကင်းဆိတ်စေပြီး အမှောင်အညစ်အဖျင်းတရားတို့ကို ပိတ်ဖုံးစေလေ၏။ ထိုသို့ အယုတ်တရားများ ဖုံးလွှမ်းနေသောအခါ **အတုလသီရိစန္ဒာဒေဝီဘွဲ့ခံမိဘုရားကြီးတလတော်**သည် သာသနာတော် ၏ဂုဏ်ကျေးဇူးအကျိုးတရားတို့ကို အကိုးအကား သက်သေသာဓကတို့ဖြင့် တစ်စ၊တစ်စ ဟောပြောနားချ၍ မနုဿတ္တဒုလ္လဘကို ရရှိသောအခိုက် တွင် လူနတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို အမှန်ရောက်စေနိုင်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်အားထုတ်ကာ သာသနာတော်ကို ကြည်ညို ရန်အထူးအရေးကြီးကြောင်းကို ပိုမိုဟောပြောရာ **တိဿမင်းကြီး**သည် တရားတော်၌ သက်ဝင်ယုံကြည်ပြီး တရားတော်ကိုအလွန်ကြည်ညို၍ သာသနာတော်ကိုချီးမြှောက်တော်မူ၏။ ထိုမင်းကြီးသည် သက်တော် (၁၆၂၀)ပြည့်နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်ကြီးကို (၂) တောင်မြှင့်ပြီး ဉာဏ်တော်(၁၄၈)တောင်အထိ တိုးတက်ပြုပြင်၍ ရွှေထီး တင် ရေစက်ချလှူဒါန်းတော်မူသည်။ စေတီရံ(၁၅)ဆူကို လည်း အသစ် တည်တော်မူပြန်သည်။ ထိုတိဿမင်းကြီးသည်(၁၄)နှစ်နန်းစံပြီး ကောဇာ သက္ကရာဇ်(၄၁၉)ခုနှစ်တွင် နန်းကျတော်မူသည်။

မှတ်ချက် ။ ။ ဤသို့အားဖြင့် သမလမင်းမှအစ တိဿမင်းအဆုံး ဟံသာဝတီ ပြည်၌ မင်းဆက်ပေါင်း(၁၇)ဆက်၏အဆုံး၌ နှစ်ပေါင်း(၃၁၂)နှစ်ပတ်လုံး မင်းမဲ့တိုင်းပြည် ဘဝသို့ကျရောက်ကာ ရွာနိဂုံးကြီးဖြစ်၍နေတော့၏။ ထိုအခါ ပုဂံပြည်၌ အနော်ရထာမင်း ၏လက်နက်ကိုင်"အင်ပါယာ"တွင်ဟံသာဝတီပြည်ကြီးမှာတောရွာကြီးအဖြစ်ပါဝင်နေရလေသည်။

## ဟံသာဝတီ ဒုတိယမြို့တည်မင်းဆက်

**ဗညားဦး**

၁၈ ။ ထိုနောက်ဗညားဦးမင်းသည် ကောဇာသက္ကရာဇ်(၇၁၁)ခုနှစ်တွင် မုတ္တမမြို့မှလာ၍ ဟံသာဝတီပြည်၌ နန်းတော်သစ်ပြုလုပ်စေပြီး နန်းတက်တော်မူ၏။ ဟံသာဝတီပြည်ကိုလည်း တင့်တယ်စည်းကားအောင် ပြုပြင်တော်မူသည်။ ထိုမင်းမြတ်သည် သက်တော်(၁၉၄၆)နှစ်ရှိပြီဖြစ် သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို(၄)တောင်မြှင့်ပြီး၊ ဥဘာဏ်တော်(၁၅၂)တောင်အထိ တိုးတက်ပြုပြင်၍ ပျက်စီးနေသောကုန်းတော်ကြီးကိုလည်း ခိုင်ခံ့အောင်မွမ်းမံတော်မူသည်။ ပိဿာချိန်(၁၅၂၇)ပိဿာရှိ၍ ထိပ်ဝခြောက်တောင်နှစ်မိုက်၊ အရပ်တော် တစ်ဆယ့်တစ်တောင်နှစ်မိုက် ရှိသည့်ထီးတော်ကိုတင်ပြီး ရွှေသင်္ကန်းအပြည့်ဆက်ကပ်လှူဒါန်းတော်မူသည်။ ထို**ဗညားဦးမင်းမြတ်**သည်(၁၄)နှစ် နန်းစံတော်မူပြီး ကောဇာသက္ကရာဇ်(၇၄၅)ခုနှစ်တွင် နန်းကျတော်မူသည်။

## စွယ်တော်ဓာတ်ဌာပနာခန်း

**ဗညားနွဲ့**

၁၉ ။ **ဗညားနွဲ့ဘွဲ့ခံရာဇာဓိရာဇ်မင်း**သည် သက္ကရာဇ်(၇၄၅)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ဤမင်းသည် အင်းဝပထမမင်း ခေါင်၏နှမ **မင်းလှမင်းမြတ်**ခေါ် မင်းသမီးကို မိဘုရားမြှောက်၏။ ထိုမိဘုရားအား**"သုပဘာဒေဝီ"**ဟူသောဘွဲ့ကိုချီးမြှင့်တော်မူ၏။**ရာဇာဓိရာဇ်** ကား ဘုန်းတန်ခိုးအာဏာနှင့် အထူးပြည့်စုံလှ၍ သီဟိုဠ်ကျွန်း **ပဏ္ဍုရာမမင်း**ကလည်း **သုမုတ္တဒေဝီ**မည်သောသမီးတော်၊ ဗုဒ္ဓ၏စွယ်တော်၊ ထိုစွယ်တော်ဓာတ်ထည့်သော ရွှေသပိတ်စသည်တို့ကို ဆက်သလာ၏။

| ဟံသာဝတီ–ပထမမြို့တည်မင်းဆက်ဇယားနှင့် ရွှေမော်ဓောစေတီဉာဏ်တော်အမြင့်မှတ်သားရန် | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | မင်းအမည် | နန်းတက်သက္ကရာဇ် | | နန်းစံ | ဉာဏ်တော် | ရွှေသင်္ကန်း | မှတ်ချက် |
| | | ကောဇာ | ခရစ် | | | | |
| ၁။ | သမလမင်း | ၁၈၇ | ၈၂၅ | ၁၂ | ၅၄ | ✔ | |
| ၂။ | ဝိမလမင်း | ၁၉၉ | ၈၃၇ | ၁၇ | ၅၉ | ✔ | |
| ၃။ | အသဿကုမ္မာ | ၂၁၆ | ၈၅၄ | ၇ | ၆၅ | – | |
| ၄။ | အရိန္ဒမမင်း | ၂၂၃ | ၈၆၁ | ၇ | ၇၂ | ✔ | |
| ၅။ | မဟာ သရာဇာ | ၂၃၀ | ၈၆၈ | ၁၇ | ၇၅ | ✔ | |
| | သံဃထေရ်ကြီးများ | ၂၄၇ | ၈၈၅ | ၁၇ | – | – | မင်းမဲ့ကာလ |
| ၆။ | မိဂိန္ဒရာဇာ | ၂၆၄ | ၉၀၂ | ၁၅ | ၈၀ | ✔ | |
| ၇။ | မဂါဒိပ္ပမင်းကြီး | ၂၇၉ | ၉၁၇ | ၁၅ | ၈၀ | ✔ | |
| ၈။ | ဂိဇ္ဇဒိယရာဇာ | ၂၉၄ | ၉၃၂ | ၁၀ | ၈၉ | – | |
| ၉။ | ကရဝိကရာဇာ | ၃၀၄ | ၉၄၂ | ၁၂ | ၉၂ | – | |
| ၁၀။ | ပဋ္ဌာလရာဇာ | ၃၁၆ | ၉၅၄ | ၁၃ | ၁၀၀ | ✔ | |
| ၁၁။ | အတ္တသာရမင်း | ၃၂၉ | ၉၆၇ | ၁၅ | ၁၀၄ | ✔ | |
| ၁၂။ | အနုရာမမင်း | ၃၄၄ | ၉၈၂ | ၁၂ | ၁၂၆ | ✔ | သွားတော်ဌာပနာ |
| ၁၃။ | မိဂါဒိပ္ပငယ် | ၃၅၆ | ၉၉၄ | ၁၀ | ၁၃၀ | ✔ | |
| ၁၄။ | အဂ္ဂသမန္တရာဇာ | ၃၆၆ | ၁၀၀၄ | ၁၂ | ၁၃၆ | ✔ | |
| ၁၅။ | ဥပ္ပလရာဇာ | ၃၇၈ | ၁၀၁၆ | ၁၂ | ၁၃၉ | ✔ | |
| ၁၆။ | ပုဏ္ဏရိကရာဇာ | ၃၉၀ | ၁၀၂၈ | ၁၅ | ၁၄၆ | ✔ | |
| ၁၇။ | တိသရာဇာ | ၄၀၅ | ၁၀၄၃ | ၁၄ | ၁၄၈ | | အနော်ရထာအောက်ခံမင်းမဲ့ကာလ |

မှတ်ချက် ။ ။ ဟံသာဝတီပြည်၌ မင်းပေါင်း(၁၇)ဆက် စိုးစံပြီးနောက် မင်းမဲ့ဖြစ်ကာ ကောဇာ(၇၃၁)ခုနှစ်တွင် ဆင်ဖြူရှင်ဗညားဦး မုတ္တမမှလာ၍ ဟံသာဝတီမြို့တည်သည်ဟူ၏။

ထိုစွယ်တော်သပိတ်ကို မူလဆံတော်၊ သွားတော်တို့နှင့်အတူ ရွှေမော်ဓောစေတီဌာပနာပြီးသော ပြိုပျက်နေသော စေတီတော်ကြီးကို လည်း(၁၃)တောင်မြှင့်၍ ဉာဏ်တော်(၁၆၅)တောင်အထိ တိုးမြှင့်တော်မူသည်။

မှတ်ချက် ။ ။ ဌာပနာသွန်းရန်အရှေ့တောင်ထောင့်အရပ်က ဥမင်လိုဏ်ကို တူးစေပြီးလျှင်မင်းကြီးနှင့်မိဘုရား၊သားတော်၊သမီးတော်တို့သည်လက်ဖြင့်ခိုင်းမ၍ စွယ်တော်ထည့်ထားသောရွှေသပိတ်ကို ရွှေပြဿဒ်နှင့်တကွသွင်းဆောင်ကြသည်ဟူ၏။

ထိုပြင်ထိပ်ဝ(၈)တောင် (၂)မိုက်၊ အရပ်တော်(၁၇)တောင်၊ ဘုံခုနစ်ဆင့်ရှိသောထီးတော်ကိုလည်း တင်လှူတော်မူသည်။ ရင်ပြင်တော်ကို လည်း (၁၇)တောင်ပတ်လည်တိုး၍ ဖွင့်တော်မူပြန်သည်။ ထို**ရာဇာဓိရာဇ် မင်းမြတ်**လည်း အနှစ်(၄၀)နန်းစံပြီး (၇၈၅)ခုနှစ်တွင် လွန်တော်မူသည်။

**ဗညားဓမ္မရာဇာ**

၂၀ ။ ထိုနောက်သားတော်**ဗညားဓမ္မရာဇာမင်း**သည် ကောဇာသက္ကရာဇ်(၇၈၅)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းသည် သက်တော်(၂၀၀၀)ပြည့်ပြီးဖြစ်သော ဤရွှေမော်ဓောစေတီမြတ်ကြီးကို (၅)တောင်မြှင့်သည်။ ဉာဏ်တော်အတောင်(၁၇၀)ပြည့်အထိ တိုးတက် ပြုပြင်၍ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားအစရှိသော အဖိုးထိုက်တန်ရတနာ တို့ဖြင့် မွမ်းမံခြယ်လှယ်သောထီးတော်ကို တင်လှူတော်မူ၏။ ရွှေသင်္ကန်း ကိုလည်း စေတီလုံးအပြည့်လှူဒါန်းတော်မူသည်။ ထို**ဗညားဓမ္မရာဇာ မင်းမြတ်**သည်(၅)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၇၉၀)ပြည့်နှစ်တွင် နန်းကျတော်မူသည်။

**ဗညားရံ**

၂၁ ။ ထိုနောက် **ဗညားရံမင်း**သည် ကောဇာသက္ကရာဇ်(၇၉၀)ပြည့်

တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းသည် သက်တော် (၂၀၀၅)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို(၂) တောင်မြှင့်သည်။ ဉာဏ်တော်(၁၇၂)တောင်အထိ တိုးတက်ပြုပြင်တော်မူ၍ အဖိုး(၇၀၀ိ)တန်ထိုက်သောပုလဲကျောက်တစ်လုံးကို ဆပ်သွားဖူးတွင် စီတော်မူပြီး ရတနာကိုးပါးတို့ဖြင့်တင့်တယ်စွာတန်ဆာ ဆင်အပ်သော ရွှေ ထီးကို တင်လှူတော်မူသည်။ ရွှေသင်္ကန်းကိုလည်း စေတီလုံးအပြည့် ကပ်လှူတော်မူသည်။ ထို**ဗညားရံမင်းမြတ်**သည် (၁၈)နှစ်နန်းစံတော်မူပြီး ကောဇာသက္ကရာဇ်(၈၀၈)ခုနှစ်တွင် နန်းကျတော်မူသည်။

**ဗညားပရူ**

၂၂။ ထိုနောက်**မိဘုရားရှင်စောပု**၏သားတော်**ဗညားပရူမင်း** သည် ကောဇာသက္ကရာဇ်(၈၀၈)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ သည်။ ထိုမင်းသည်သက်တော်(၂၀၂၃)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓော စေတီတော်မြတ်ကြီးကို (၄)တောင်မြှင့်ပြီး ဉာဏ်တော်(၁၇၆)တောင်အထိ တိုးတက်ပြုပြင်တော်မူ၍ ဖိနပ်တော်လေးမျက်နှာက တစ်ဆယ့်ငါး တောင်စီဖွင့်တော်မူ၏။ ဖိနပ်တော်မှချယားသီးအထိ ရွှေသင်္ကန်းကိုလည်း စေတီလုံးတော်အပြည့်ဆက် ကပ်လှူဒါန်းတော်မူသည်။ ထိုမင်းမြတ်သည် (၃)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၈၁၁)ခုနှစ်တွင် နန်းကျတော်မူသည်။

**ဗညားကျန်း**

၂၃။ ထိုနောက်**ဗညားကျန်းမင်း**သည် ကောဇာသက္ကရာဇ်(၈၁၁)ခု နှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ ၏။ ထိုမင်းသည် သက်တော် (၂၀၂၆)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို ဖိနပ် တော်မှစိန်ဖူးတော်အထိ ရွှေသင်္ကန်းစေတီလုံးအပြည့် ဆက်ကပ်လှူဒါန်း တော်မူသည်။ ထို**ဗညားကျန်းမင်းမြတ်**သည် (၃)နှစ်နန်းစံပြီး ကောဇာ

သက္ကရာဇ်(၈၁၄)ခုနှစ်တွင်နန်းကျတော်မူသည်။

**လိပ်မွတ်တော်**

၂၄။ ထိုနောက်မိဘုရားရှင်စောပု၏တူတော်**လိပ်မွတ်တော်**(အချို့ လိပ်မွတ်ထော်ဟုရှိသည်)မင်းသည် ကောဇာသက္ကရာဇ်(၈၁၄)ခုနှစ် သီတင်းကျွတ်လဆန်း(၁)ရက်နေ့တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏ (၇)လမျှနန်းစံပြီး ၄င်းနှစ်တန်ခူးလဆန်း(၁)ရက်နေ့တွင် နန်းကျလေသည်။ ရွှေမော်ဓောစေတီတော်မြတ်ကြီးကို မွမ်းမံလှူဒါန်းခြင်းမရှိချေ။

**ဘုရင်မရှင်စောပု**

၂၅။ ထိုနောက် **မိဘုရားရှင်စောပု** ကိုယ်တိုင်ပင်**မညားကျန်းတော** ဘွဲ့ကိုခံယူ၍ ကောဇာသက္ကရာဇ်(၈၁၄)ခု နှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုဘုရင်မရှင်စောပုသည် (၁)သဒ္ဓါ၊ (၂)သီလ၊ (၃)သုတ၊ (၄)စာဂ၊ (၅)ပညာ၊ (၆)ဟီရိ၊ (၇)ဩတ္တပ္ပ ဤသူတော်ကောင်းဥစ္စာ(၇)ပါးနှင့် ထူးမွေ့လျော်တော်မူ၍ ဘုန်းတန်ခိုးအာနုဘော်ကြီးလှ၏။ ရတနသုံးပါးကို ကြည်ညိုစွာနှင့် သာသနာတော်မြတ်ကြီးကို အားပေးချီးမြှင့်တော်မူ၏။ များသောအားဖြင့် နေ့စဉ်လိုပင် ဥပုသ်၊ သီလကိုလည်း ဆောက်တည်ကျင့် သုံးလေ့ရှိ၏။ ထိုဘုရင်မရှင်စောပုသည် သက်တော်(၂၀၂၉)နှစ်ရှိပြီ ဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို(၆)တောင်မြှင့်ပြီး ဥဏ် တော်(၁၈၂)တောင်အထိ တိုးတက်ပြုပြင်၍ ဖိနပ်တော်ကို(၇)တောင် ပတ်လည်ဖွင့်တော်မူ၏။ ဖိနပ်တော်မှ စိန်ဖူးတော်အထိ ရွှေသင်္ကန်းကိုလည်း စေတီလုံးအပြည့်ဆက်ကပ်လှူဒါန်းတော်မူသည်။ ထိုဘုရင်မရှင်စောပု သည်(၁၉)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၈၃၃)ခုနှစ်တွင် နန်းကျတော်မူ၏။



ဓမ္မစေတီ ခေါင်းလောင်းတော်

ကောဇာသက္ကရာဇ် (၈၃၃) ခုနှစ်တွင် ဟံသာဝတီပြည်(ပဲခူး) ၌ နန်းတက်တော်မူသော ဓမ္မစေတီမင်းလျှုဒါန်းသည့် ခေါင်းလောင်းတော်၊ အတွင်းအပြင်တွင် ဂါထာများနှင့် အင်းများ ရေးထိုးထားသည်။ ရင်ပြင်ပေါ် အဂ်ီထောင့်တွင်ရှိသည်။



**ဓမ္မစေတီ**

၂၆။ ထိုနောက် သားမက်တော်**ဓမ္မစေတီမင်း**သည် ကောဇာသက္ကရာဇ်(၈၃၃)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုဓမ္မစေတီမင်းသည် ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံနှင့်တကွ ဓာတ်ကျမ်း၊ ဆေးကျမ်း၊ အင်းအိုင်၊ ခါးလှဲ့၊ လက်ဖွဲ့၊ မန္တန်စသည်တို့ကို အထူးတတ်ကျွမ်းတော်မူသည်။ ဆင်ဖြူရှင်လည်းဖြစ်တော်မူ၏။ ဝထိုမင်းမြတ်သည် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အနောက်ဘက်၌ သစ်တပ်တည်ပြီး ရွှေနန်း၊ ရွှေအိမ်၊ ရဲတိုက်၊ လွှတ်တော်၊ ဆင်ကျုံး၊ မြင်း ဇောင်းများကို စီမံဆောက်လုပ်စေပြီး နန်းစံတော်မူသည်။ ထို**ဓမ္မစေတီ** မင်းသည် သက်တော်(၂၀၄၈)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီ တော်မြတ်ကြီးကို(၃)တောင်မြှင့်ပြီးဉာဏ်တော်(၁၈၅)တောင်အထိ တိုးတက်ပြုပြင်တော်မူ၍ **မင်း၏ကိုယ်အလေးချိန်(၄၂)ပိဿာ၊ မိဘုရား၏ကိုယ်အလေးချိန် (၂၅)ပိဿာ၊ နှစ်ရပ်ပေါင်းရွှေ(၆၇)ပိဿာကို မျက်ပါးခတ်၍ ရွှေသင်္ကန်းစေတီလုံးအပြည့် ဆက်ကပ်လှူဒါန်းတော်မူသည်။** ထိုဓမ္မစေတီမင်းမြတ်သည် (၂၁)နှစ် နန်းစံပြီး ကောဇာသက္ကရာဇ်(၈၅၄)ခုနှစ်တွင် နန်းကျတော်မူ၏။

## သက္ကရာဇ်(၈၅၄)ခုနှစ်တွင်
## ထီးတော်မြတ်သည် လေမုန်တိုင်းဒဏ်ကြောင့် လွင့်စဉ်၍မြေသို့ခြင်း

**ဗညားရန်**

၂၇။ ထိုနောက်သားတော်**ဗညားရန်**(တချို့ဟတ္ထိရာဇာဟုရှိသည်) မင်းသည် ကောဇာသက္ကရာဇ်(၈၅၄)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူသည်။ ထိုမင်းလက်ထက်၌ လေမုန်တိုင်းကြီး ပြင်းစွာတိုက်ခတ်

သောကြောင့် စေတီတော်ကြီးသည် မြို့တော်၏မြောက်ဘက် ကြက် မောက် ဘုရားရင်ပြင်ရောက်အောင်လွင့်စဉ်၍ မြေသို့ ခတော်မူသည်။ ထို မင်းမြတ်သည် သက်တော်(၂၀၆၉)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီ တော်မြတ်ကြီးကို(၄)တောင်မြှင့်ပြီး ဉာဏ်တော်(၁၈၉)တောင်အထိ တိုး တက်ပြုပြင်၍ **မင်းကြီး၏ကိုယ်အလေးချိန်ရွှေ(၄၈)ပိဿာကို ရွှေနန်း ကြီးငင်ပြီး ထီးတော်ကိုပြင်ဆင်တုပ်နှောင်၍ ထီးတော်တင်တော်မူ သည်။** ထို့ပြင်ရင်ပြင်တော်၌ အရံစေတီ(၅၂)ဆူကိုတည်တော်မူ၍ ရွှေ သင်္ကန်းကိုလည်း စေတီလုံးအပြည့် ဆက်ကပ်လှူဒါန်းတော်မူသည်။ ထို **ဗညားရန်မင်းမြတ်**သည် (၃၄)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၈၈၈) ခုနှစ်တွင် နန်းကျတော်မူသည်။

### သုရှင်တကာရွတ်ပိ

၂၈။ ထိုနောက်သားတော်**သုရှင်တကာရွတ်ပိမင်း**သည် ကောဇာ သက္ကရာဇ်(၈၈၈)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူသည်။ ထိုမင်းမြတ်သည် သက်တော်(၂၁၀၃)နှစ်ရှိ ပြီဖြစ်သော ဤရွှေမော်ဓောစေ တီတော်မြတ်ကြီးကို(၃)တောင်တိုးမြှင့်၍ ဉာဏ်တော်(၁၉၂)တောင်အထိ တိုးတက်ပြုပြင်၍ထီးတော်တင်တော်မူပြီး ရွှေသင်္ကန်းစေတီလုံးအပြည့် ဆက်ကပ်လှူဒါန်းတော်မူသည်။ ထို**သုရှင်တကာရွတ်ပိမင်းမြတ်**သည် (၁၂)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၉၀၀)ပြည့်နှစ်တွင် နန်းကျတော်မူ၏။

### မင်းတရားရွှေထီး

၂၉။ ထိုနောက် တောင်ငူဘုရင်၏သားတော် **မင်းတရားရွှေထီး(တ ပင်ရွှေထီး)**သည် ကောဇာသက္ကရာဇ်(၉၀၀)ပြည့်နှစ်တွင် ဟံသာဝတီပြည် ၌ နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် စေတီတော်ကို ဖူးမြော်ရာ၌ အ

လွန်အကျူး အထူးကြည်ညိုတော်မူသောကြောင့် အလွန်ချစ်လှစွာသော မိဘုရားကိုလက်တော်နှင့်ဆွဲပြီးလျှင် ရွှေကရားနှင့် ရေစက်သွန်းချ၍ လှူဒါန်းတော်မူသည်။ "စေတီတော်ကိုမူမြှင့်တင်ခြင်းမပြုခဲ့"။ ထိုမင်းမြတ်သည်(၁၂)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၉၁၂)ခုနှစ်တွင် နန်းကျတော်မူ၏။

**သမိန်ဓောထွတ်**

၃၀။ ထိုနောက် **သမိန်စက္ကဝေါဘွဲ့ခံသမိန်ဓောထွတ်မင်း**သည် ကောဇာသက္ကရာဇ်(၉၁၂)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၍ ငါးလမျှအကြာတွင် နန်းကျတော်မူ၏။

**သမိန်ထောရာမ**

၃၁။ ထိုနောက်**သမိန်ထောရာမ**(သပိတ္တေရာမ ဟုတချို့ဆိုသည်)မင်းသည် ကောဇာသက္ကရာဇ်(၉၁၂)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် သက်တော် (၂၁၂၇)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကို(၆)တောင်မြှင့်ပြီး ဉာဏ်တော်(၁၉၈)တောင် အထိတိုးတက်ပြုပြင်တော်မူပြီး စေတီလုံးအပြည့် ရွှေသင်္ကန်း ဆက်ကပ် လှူဒါန်းတော်မူသည်။ ထိုမင်းမြတ်သည်(၂)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၉၁၄)ခုနှစ်တွင် နန်းကျတော်မူသည်။

**ဆင်ဖြူများရှင်ဘုရင့်နောင်**

၃၂။ ထိုနောက်ဆ**င်ဖြူများရှင်ဘုရင့်နောင်မင်း**သည် ကောဇာသက္ကရာဇ်(၉၁၄)ခုနှစ်တွင် ဟံသာဝတီပြည်၌ အရှေ့နန်းတော်ကိုပယ်ဖျက်၍ **ကမ္ဘောဇသာဒီ**အမည်ဖြင့် နန်းသစ်ဆောက်စေပြီး နန်းတက်တော်မူ၏။ ထိုမင်းသည် သာသနာတော်ကို အလွန်လေးစားကြည်ညိုတော်မူသည့် အားလျော်စွာ ပဲခူးမြစ်၏ အနောက်ဘက် တစ်မိုင်ခွဲခန့်ဝေးကွာသောအရပ်

၌ **မဟာစေတီတော်ကြီး**ကိုလည်း တည်တော်မူ၍ ကုသိုလ်တော်တို့ကို များစွာပြုလုပ်တော်မူသည်။ ထိုမင်းမြတ်သည် သက်တော်(၂၁၂၉)နှစ်ရှိပြီ ဖြစ်သောဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို ထီးတော်တင်တော်မူပြီး ရွှေသက်န်းကပ်လှူတော်မူသည်။ ထို**ဘုရင့်နောင်မင်း**သည် (၂၉)နှစ်နန်း စံပြီး ကောဇာသက္ကရာဇ် (၉၄၃)ခုနှစ်တွင် နန်းကျတော်မူ၏။


**နန္ဒမင်း**

၃၃။ ထိုနောက်သားတော်**ငါးဆူဒါယကာနန္ဒမင်း**(မဟာဥပရာဇာ) သည် ကောဇာသက္ကရာဇ်(၉၄၃)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက် တော်မူသည်။ ထိုမင်းမြတ်သည် **ရွှေအချိန်(၁၅)ပိဿာကို နန်းချည်ငင် စေပြီး** သက်တော်(၂၁၅၈)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော် ကြီးဆပ်သွားဖူး၌ရစ်ပတ်ဖွဲ့နှောင်လှူဒါန်းသည့်ပြင် **ရွှေ(၅)ပိဿာကို လည်း ပုစွန်ခွံခတ်စေ၍ ဆပ်သွားဖူးကိုမွမ်းမံပြီးလျှင် ရွှေသက်န်း စေတီလုံးအပြည့် ဆက်ကပ်လှူဒါန်းတော်မူသည်။** ထို ငါးဆူဒါယ ကာ မင်းမြတ်သည်(၁၇)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၉၆၀)ပြည့် နှစ်တွင် နန်းကျတော်မူသည်။

**သီဟသူမင်း**

၃၄။ ထိုနောက်တောင်ငူ**သီဟသူမင်း**သည် ကောဇာသက္ကရာဇ်(၉၆၀) ပြည့်နှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၍ (၃)နှစ်နန်းစံပြီး ကော ဇာသက္ကရာဇ်(၉၆၃)ခုနှစ်တွင် နန်းကျတော်မူသည်။

**ငဇင်ကာ**။ ။ ရခိုင်ဘုရင်လည်း ပေါ်တူဂီကုလားငဇင်ကာ(ဖိလစ် ဒီဗရစ်တို)နှင့် သင်္ဘောသုံးစီး လက်နက်စုံပါဝင်ပြီး ဟံသာဝတီကို လုပ်ကြံ ကြသည်။ ရခိုင်မင်း၊ မုတ္တမစားတို့နှင့်ပေါင်း၍ ဟံသာဝတီကိုလုပ်ကြံပြီးနန်း



'ဘုရင့်နောင် သမီးတော်'
ရာဇဓါတုကလျာမင်းသမီး လှူဒါန်းခဲ့သော
ရွှေချကျောက်ပျဉ်
၁၃၁၃ (၁၉၅၁) ခု
စေတီတော်မြတ်ကြီး ကို ပြန်လည်
တည်ဆောက်စဉ် တနလာ်ထောင့် ပထမပန်းတင်ခုံ
အလယ်ရှိ ဌာပနာတိုက်ခန်းမှ တူးဖော်ရရှိသည်။
ဓါတုကလျာစာတန်းနှင့် သက္ကရာဇ် ၉၆၀
ရေးထိုးထားသည်။



'မင်္ဂလာ ပန္နက်တိုင်များ'
၁၃၀၉ ခု၊ တပို့တွဲလဆန်း (၄)ရက်
၁၉၄၈ ခု၊ ဇန်နဝါရီလ (၂၄)ရက်
စနေနေ့ နံနက် (၉)နာရီ မင်္ဂလာအချိန်တွင်
စေတီ ပြန်လည်တည်ဆောက်ရန်
ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပရာ၌
အသုံးပြုခဲ့သော ပန္နက်တိုင်များ။



'သထုံဘုရင် သိရိမာသောကမင်း(အငယ်)
၏ ဦးခေါင်းပုံ'
(ဘီလူးရန်နိုင်ဘုရား ဒါယကာ)
၁၃၁၃ (၁၉၅၁) ခု၊ စေတီတော်မြတ်ကြီး
အသစ်ပြန်လည် တည်ဆောက်စဉ်
ဌာပနာတိုက် တစ်ခုအတွင်းမှ တူးဖော်ရရှိသည်။

(အဆိုပါ သမိုင်းဝင်ပစ္စည်းများကို ရွှေမော်ဓောပြတိုက်တွင်လေ့လာကြည့်ရှုနိုင်ပါသည်)

| ဟံသာဝတီ-ဒုတိယမြို့တည်မင်းဆက်ဖယားနှင့် ရွှေမော်ဓောစေတီဉာဏ်တော်အမြင့်မှတ်သားရန် | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | မင်းအမည် | နန်းတက်သက္ကရာဇ် | | နန်းစံ | ဉာဏ်တော် | ရွှေသင်္ကန်း | မှတ်ချက် |
| | | ကောဇာ | ခရစ် | | | | |
| ၁။ | ဗညားဦး | ၇၃၁ | ၁၃၆၉ | ၁၄ | ၁၅၂ | ✔ | ရွှေသင်္ကန်း အပြည့်ကပ် |
| ၂။ | ရာဇာဓိရာဇ် | ၇၄၅ | ၁၃၈၃ | ၁၀ | ၁၆၅ | ✔ | |
| ၃။ | ဗညားဓမ္မရာဇာ | ၇၈၅ | ၁၄၂၃ | ၅ | ၁၇၀ | ✔ | |
| ၄။ | ဗညားရံ | ၇၉၀ | ၁၄၂၈ | ၁၈ | ၁၇၂ | ✔ | |
| ၅။ | ဗညားပရူ | ၈၀၈ | ၁၄၄၆ | ၃ | ၁၇၆ | ✔ | |
| ၆။ | ဗညားကျန်း | ၈၁၁ | ၁၄၄၉ | ၃ | | ✔ | |
| ၇။ | လိပ်မွတ်ထော် | ၈၁၄ | ၁၄၅၂ | ၇ လ | | | |
| ၈။ | ရှင်စောပု | ၈၁၄ | ၁၄၅၂ | ၁၉ | ၁၈၂ | ✔ | |
| ၉။ | ဓမ္မစေတီ | ၈၃၃ | ၁၄၇၁ | ၂၁ | ၁၈၅ | ✔ | |
| ၁၀။ | ဗညားရန် | ၈၅၄ | ၁၄၉၂ | ၃၄ | ၁၈၉ | ✔ | |
| ၁၁။ | သူ့ရှင်တကာရွှတ်ပိ | ၈၈၈ | ၁၅၂၆ | ၁၂ | ၁၉၂ | ✔ | |
| ၁၂။ | မင်းတရားရွှေထီး | ၉၀၀ | ၁၅၃၈ | ၁၂ | | – | |
| ၁၃။ | သမိန်စောထွတ် | ၉၁၂ | ၁၅၅၀ | ၅ လ | | – | |
| ၁၄။ | သမိန်ထောရာမ | ၉၁၂ | ၁၅၅၀ | ၂ | ၁၉၈ | ✔ | |
| ၁၅။ | ဘုရင့်နောင် | ၉၁၄ | ၁၅၅၂ | ၂၉ | | | |
| ၁၆။ | နန္ဒမင်း(ဥပရာဇာ) | ၉၄၃ | ၁၅၈၁ | ၁၇ | [illegible] | ✔ | |
| ၁၇။ | သီဟသူ | ၉၆၀ | ၁၅၉၈ | ၃လ | | | ဟံသာဝတီဒုလ၊တောင်ငူ( )လ |
| က | ငစင်ကာ | ၉၆၃ | ၁၆၀၁ | ၁၁ | | | သံလျှင်နန်းစံ၊ဉရှင်နန်းကျ |
| ခ | မဟာသီဟသူ | ၉၆၁ | ၁၅၉၉ | ၇ | | | အင်းဝနန်းစံ |
| ၁၈။ | အနောက်ဘက် လွန်မင်းတရား | ၉၆၈ | ၁၆၀၉ | ၂၁ | | | သံလျှင်စား၊ကိုကွက်မျက်၊ အင်းဝနန်းစံ |
| ၁၉။ | မင်းရဲဒိပ္ပ | ၉၉၂ | ၁၇၀၀ | ၇လ | | | အင်းဝနန်းစံ . ဟံသာဝတီနန်းစံ |

ဟံသာဝတီမွန်မင်းဆက်ပြတ်ပြီး အင်းဝမင်းလက်အောက်ရောက်ကြသည်။ သို့သော် အင်းဝ၊အမရပူရ၊ မန္တလေးတို့၌ နန်းစိုက်သောမင်းများကလည်း တန်ခိုးကြီးလှသော ပဲခူးမြို့ရွှေမော်ဓောစေတီကို ပြုပြင်ကိုးကွယ်ခဲ့ကြသည်။

| အင်းဝ၊ဟံသာဝတီ၊ရတနာသိင်္ဃ၊အမရပူရ၊မန္တလေးတို့၌နန်းစံသောမင်းများမှ အချို့သည်ရွှေသက်န်းကပ်ခြင်း၊ထီးတော်တင်ခြင်းများပြုလုပ်ပူဇော်ခဲ့ကြောင်းပြဇယား | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | မင်းအမည် | နန်းတက်သက္ကရာဇ် | | နန်းစံ | ဉာဏ်တော် | ရွှေသက်န်း | မှတ်ချက် |
| | | ကောဇာ | ခရစ် | | | | |
| ၂၀။ | သတိုးဓမ္မရာဇာ (သာလွန်မင်း) | ၉၉၁ | | ၉ | | ✔ | ဟံသာဝတီနန်း(၅)နှစ် အင်းဝနန်း(၁၃)နှစ် |
| ၂၁။ | မင်းရဲနန္ဒာမိတ် | ၁၀၁၀ | | ၁၃ | | | အင်းဝနန်းစ |
| ၂၂။ | ပြည်မင်း | ၁၀၂၃ | | ၁၁ | | ✔ | အင်းဝနန်းစံ |
| ၂၃။ | နရာဝရ | ၁၀၃၄ | | ၆လ | | | အင်းဝနန်းစံ |
| ၂၄။ | မင်းရဲကျော်ထင် | ၁၀၃၄ | | ၁၆ | | | အင်းဝနန်းစံ |
| ၂၅။ | စနေမင်း | ၁၀၆၀ | | ၂၆ | | | အင်းဝနန်းစံ |
| ၂၆။ | တနင်္ဂနွေမင်း (မှန်နန်းရှင်) | ၁၀၇၆ | | ၁၉ | | | အင်းဝနန်းစံ |
| ၂၇။ | ဆင်ကျားရှင် | ၁၀၈၆ | | ၂၀ | | ✔ | ဟံသာဝတီ သိန်ခြားနန်းစံ |
| ၂၈။ | မြမိုင်းတိရာဇာ (ဗညားဒလ) | ၁၁၀၆ | | ၁၁ | | ✔ | ဟံသာဝတီနန်းစံ |
| ၂၉။ | ကြာသပတေးမင်း | ၁၀၉၅ | | ၁၈ | | | အင်းဝနန်းစံ |
| ၃၀။ | အလောင်းမင်းတရားကြီး | ၁၁၁၄ | | ၉ | | | ရတနာသိင်္ဃနန်းစံ |
| ၃၁။ | နောင်တော်ကြီး | ၁၁၂၂ | | ၃ | | | ရတနာသိင်္ဃနန်းစံ |
| ၃၂။ | သတိုးဓမ္မရာဇာ (ဆင်ဖြူရှင်) | ၁၁၂၅ | | ၁၃ | | | အင်းဝနန်းစံ |
| ၃၃။ | စဉ့်ကူမင်း | ၁၁၄၃ | | ၅ | | | အင်းဝနန်းစံ |
| ၃၄။ | ဖောင်းကားစားမောင်မောင် | ၁၁၄၃ | | ၇ ရက် | | | အင်းဝနန်းစံ |
| ၃၅။ | ဘိုးတော်မင်းတရား | ၁၁၄၃ | | ၃၇ | ၁၉၈ | ✔ | အမရပူရနှစ်(၃၀)မပြည့်မြင် သောငခြင်းလောင်းပုံစေတီကို(၁၁၄၉)ခုနှစ်အပြီးတည်။ ဘုရားပွဲတော်တန်ခူးလပြည့် |
| ၃၆။ | ဘကြီးတော်(စစ်ကိုင်းမင်း) | ၁၁၈၁ | | ၁၈ | | | အမရပူရ/အင်းဝ နန်းစံ |
| ၃၇။ | ကုန်းဘောင်မင်းသာယာဝတီမင်း | ၁၁၉၉ | | ၉ | | | အမရပူရ နန်းစံ |
| ၃၈။ | ပုဂံမင်း | ၁၂၀၈ | | ၆ | | | အမရပူရ နန်းစံ |
| ၃၉။ | မင်းတုန်းမင်း | ၁၂၁၄ | | ၂၆ | | | မန္တလေး နန်းစံ |
| ၄၀။ | သီပေါမင်း | ၁၂၄၀ | | ၇ | | | ၁၂၄၇ အင်္ဂလိပ်သိမ်း |
| ၄၁။ | ဝန်ထောက်ဦးပိုက် | ၁၂၄၇ | | | | ✔ | ၁၂၄၄ထီးတင် |

တော်ကိုမီးတိုက်သည်။ ဘုရားဆင်းတု၊ ပိဋကတ်ကျမ်းတတ်ဘုန်းတော်ကြီးများကို လှေဖြင့်ရရိုင်သို့ပို့သည်။ မုတ္တမမင်းနှင့် အမျိုးပြုမိတ်ဖွဲ့၏။

သက္ကရာဇ်(၉၇၄)တွင် ဘဝရှင်မင်းတရားသည် သံလျှင်သို့ချီ၍ တန်ခူးလဆန်း(၈)ရက်တွင် မြို့နှင့်မြို့စားကိုဖမ်းမိသည်။ မြို့လယ်တွင် ဇေင်ကာကိုတံကျင်တင်သတ်စေ၏။ တောင်ငူနှင့်ပြည်ကိုသိမ်းပြီး အင်းဝသို့တိုက်ရန် ဇေင်ကာမှာထားသောသင်္ဘောကြီး(၅)စီးရောက်လာရာ (၄)စီးအပြီးဖမ်းမိသည်။

## အနောက်ဘက်လွန်

၃၅။ ထိုနောက်အနောက်ဘက်လွန်မင်းသည် အင်းဝတွင်နန်းတက်တော်မူပြီး ကောဇာသက္ကရာဇ်(၉၆၃)ခုနှစ်တွင် ဟံသာဝတီ၌ နန်းတက်တော်မူသည်။ ထိုမင်းမြတ်သည် သက်တော် (၂၁၃၈)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို ထီးတော်တင် ရွှေသင်္ကန်းကပ်လှူတော်မူ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း ပြုပြင်တော်မူသည်။ ထို**အနောက်ဘက်လွန်မင်းမြတ်**သည်(၂၄)နှစ် နန်းစံပြီး ကောဇာသက္ကရာဇ်(၉၉၂)ခုနှစ်တွင် နန်းကျတော်မူသည်။

## မင်းရဲဒိပ္ပ

၃၆။ ထိုနောက် **သားတော်မင်းရဲဒိပ္ပ**သည် ကောဇာသက္ကရာဇ်(၉၉၂)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၍ (၇)လမျှနန်းစံပြီး ဘထွေးတော်ကွပ်မျက်၍ နန်းကျလေသည်။

## သတိုးဓမ္မရာဇာ

၃၇။ ထိုသို့မင်းရဲဒိပ္ပကိုကွပ်မျက်ပြီးနောက် **သတိုးဓမ္မရာဇာ(သာလွန်မင်းတရားကြီး)**သည် ကောဇာသက္ကရာဇ်(၉၉၂)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် သက်တော်(၂၂၀၇)နှစ်

ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို ထီးတော်တင်၍ ရွှေသင်္ကန်းစေတီလုံးအပြည့် ကပ်လှူတော်မူသည်။ ထိုမင်းလက်ထက် တွင် **နတ်စက်ရောင်ဆရာဖြစ်မည့် ဧရာမြို့မှ ပဋ္ဌင်းပျိုတစ်ပါးပေါ် လာသည်။** ထို**သတိုးဓမ္မရာဇာမင်းမြတ်**သည် ဟံသာဝတီပြည်၌(၅)နှစ်မျှ နန်းစံပြီး အင်းဝတွင်(၁၃)နှစ် နန်းစံသည်။ ကောဇာသက္ကရာဇ်(၁၀၁၀) ပြည့်နှစ်တွင်နန်းကျသည်။ ထိုမင်းကိုပင် ကောင်းမှုတော်ဒါယကာဟူ၍ လည်းကောင်း၊ သာလွန်မင်းတရားကြီးဟူ၍လည်းကောင်း ခေါ်ဝေါ်သည်။

**မင်းရဲနန္ဒမိတ်**

(ဂ)။ ထိုနောက်သားတော်မင်းရဲနန္ဒမိတ်မင်းသည် ကောဇာသက္ကရာဇ် (၁၀၁၀)ပြည့်နှစ်တွင် အင်းဝပြည်၌ နန်းတက်တော်မူ၏။ **စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရား**ကို တည်တော်မူသည်။ (၁၃)နှစ်နန်းစံပြီး ကောဇာ သက္ကရာဇ်(၁၀၂၃)ခုနှစ်တွင် နန်းကျတော်မူသည်။

**ညီတော်ပြည်မင်း**

(ဃ)။ ထိုနောက်**ညီတော်ပြည်မင်း**သည် ကောဇာသက္ကရာဇ်(၁၀၂၃) ခုနှစ်တွင် အင်းဝပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် ပဲခူးသို့ ကြွ၍ သက်တော်(၂၂၃၈)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ် ကြီးကို ထီးတော်တင်ပြီး ရွှေသင်္ကန်းစေတီလုံးအပြည့် ဆက်ကပ်လှူဒါန်း တော်မူသည်။ ထိုမင်းမြတ်သည်(၁၁)နှစ် နန်းစံတော်မူပြီး ကောဇာသက္က ရာဇ်(၁၀၃၄)ခုနှစ်တွင် နန်းကျတော်မူသည်။

**နရာဝရမင်း**

(င)။ ထိုနောက်သားတော် **နရာဝရမင်း**သည် ကောဇာသက္ကရာဇ် (၁၀၃၄)ခုနှစ်တွင် အင်းဝပြည်၌ နန်းတက်တော်မူ၏။ (၆)လမျှ နန်းစံရလေ

သည်။

**မင်းရဲကျော်ထင်**

(၈)။ ထိုနောက်**ညီတော်မင်းရဲကျော်ထင်မင်း**သည် ကောဇာသက္ကရာဇ်(၁၀၃၄)ခုနှစ်တွင် အင်းဝပြည်၌နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် သက်တော်(၂၂၄၉)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီး ကို ရွှေသင်္ကန်းစေတီလုံးအပြည့် ဆက်ကပ်လှူဒါန်းတော်မူသည်။ ထိုမင်းမြတ်သည် (၂၆)နှစ်နန်းစံတော်မူပြီး ကောဇာသက္ကရာဇ်(၁၀၆၀)ပြည့်နှစ်၌ နန်းကျတော်မူသည်။

**မာရ်အောင်ဒါယကာစနေမင်း**

(၁၀) ထိုနောက်သားတော်**မာရ်အောင်ဒါယကာစနေမင်း**သည် ကောဇာသက္ကရာဇ်(၁၀၆၀)ပြည့်နှစ်တွင် အင်းဝပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းလက်ထက်၌ **သံဃာတော်များသည် အတင်ဂိုဏ်း၊ အရုံဂိုဏ်း ဟူ၍ နှစ်ဂိုဏ်းကွဲကြလေသည်။** ထိုမင်းသည် (၁၆)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၁၀၇၆)ခုနှစ်တွင် နန်းကျတော်မူသည်။

**တနင်္ဂနွေမင်း**

(၉) ထိုနောက်သားတော်**မှန်နန်းရှင်(ခေါ်)တနင်္ဂနွေမင်း လောကမာရ်အောင်** ဒါယကာ(ငင်းဘုရားအင်းဝ၌ရှိသည်)သည် ကောဇာသက္ကရာဇ်(၁၀၇၆)ခုနှစ်တွင် အင်းဝပြည်၌ နန်းတက်တော်မူသည်။ ထိုအခါ ဟံသာဝတီမြို့ဝန်သည် မတရားမှုဖြင့်အနိုင်အထက်ပြုမူခြင်း အားကြီးသောကြောင့် ပြည်သူ/သားတို့ တိုင်ပင်ညီညွတ်မှုဖြင့် ငင်းဟံသာဝတီမြို့ဝန်ကိုဖျောက်ဖျက်လိုက်ကြလေသည်။ ထိုနောက် အင်းဝမြို့တော်က **မင်းရဲအောင်နိုင်**ကို မြို့တော်ဝန်ခန့်၍ လွှတ်ပြန်သည်။ ထိုမြို့တော်ဝန်

သစ်သည်လည်း အခွန်စည်းကြပ်ကောက်ခံရာ၌ မညီမညွတ် မမျှတ သော ကြောင့် ဟံသာဝတီပြည်သူ/သားတို့က မကျေမနပ်ရှိကြပြန်လေသည်။ ထိုမြို့ဝန်သည်(၁၉)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၁၀၉၅)ခုနှစ်တွင် အင်းဝ၌ နန်းကျလေသည်။

**ဆင်ကျားရှင်**

၃၈။ ထိုနောက်သရက်အုပ်ရွာသား မောင်ဖုန်းနိုင်(**မှန်နန်းရာဇဝင်နှင့် ဦးဘသန်း ကျောင်းသုံးမြန်မာရာဇဝင်တွင် ပဲခူးမြောက်ဘက် သရက်တပင်ကျေးရွာ၊ ပုဂံမင်းမျိုးနွယ်သောလုပ်ဟူ၍ဖော်ပြပါရှိပါသည်။မှန်နန်း၊စာ-၃၇၃**)သည် ဗုဒ္ဓကေသီဟူ၍ လည်းကောင်း၊ **ဆင်ကျားရှင်**ဟူ၍လည်းကောင်း ဘွဲ့ထူးကိုခံယူပြီး ဟံသာဝတီပြည်သားတို့နှင့် ညီညွတ်အောင် ညှိနှိုင်းတိုင်ပင်ပြီး မြို့ဝန် မင်းရဲအောင်နိုင်ကို လုပ်ကြံဖျောက်ဖျက်၍ ကောဇာသက္ကရာဇ်(၁၀၈၆)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထို**ဆင်ကျားရှင်မင်း(ခ)သမိန်ထော**သည် အင်းဝဘုရင် တနင်္ဂနွေမင်းကို ပုန်ကန်ခြားနား၍ တစ်ထီးတစ်နန်း စီမံလေသည်။ ထိုမင်းသည် သက်တော်(၂၃၀၀)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို ထီးတော်တင်တော်မူ၍ ရွှေသင်္ကန်း စေတီလုံးအပြည့် ဆက်ကပ်လှူဒါန်းတော်မူသည်။ ထိုမင်းမြတ်သည် အနှစ်(၂၀) နန်းစံပြီး ကောဇာသက္ကရာဇ်(၁၁၀၆)ခုနှစ်တွင် မြန်မာမင်းစစ်သည်တော်များလာရောက်တိုက်ခိုက်ရာ မခံနိုင်သောကြောင့် နန်းမှကျ၍ စစ်တောင်းသို့ထွက်ပြေးသွားရလေသည်။

**မှတ်ချက် ။ ။ ထိုသို့ ဆင်ကျားရှင်မင်းစစ်တောင်းသို့ ထွက်ပြေးစဉ်အခိုက် ဟံသာဝတီနယ်ကို စီရင်အုပ်ချုပ်သော ငနိုင် ဆိုသောအရာရှိသည် ဟံသာဝတီပြည်၌ ဘုရင်အဖြစ် နန်းတက်ပြန်လေသည်။**

**ဗြမိုင်းတိရာဇာ**

၃၉။ ထိုနောက်ဟံသာဝတီနယ်စား(ဘုရင်တစ်ဆူလုပ်နေသော ငနိုင်ကိုနှင်ထုတ်၍)အထက်မွန်မင်းတို့၏အနွယ်ဖြစ်သော နောဒိပ္ပအမည်ရှိသောအမတ်ကို ဟံသာဝတီနယ်စားပြန်ခန့်လေသည်။ ထိုနယ်စားအမတ်သစ်သည်လည်း သစ္စတော်ကိုဖောက်ပြီး **ဗြမိုင်းတိရာဇာသေနာဒိပ္ပတိ** **(မှန်နန်းမဟာရာဇဝင်တွင် ဆင်ကျားရှင်မင်း၏ ဆင်ဝန်ဗညားဒလကို ဟံသာဝတီ ဗိုလ်မှူးတပ်မှူးတို့ကမင်းမြှောက်၍ ဗညားဒလမရောက်မီက နန်းတွင်းမှ နန်းတင်ထားသောရဟန်းလူထွက်နဲ့ကိုအား နန်းမှချပြီး ဗညားဒလနန်းတက်သည်ဟုပါရှိသည်)**ဟူသောဘွဲ့ အမည်ထူးကိုခံယူ၍ ကောဇာသက္ကရာဇ် (၁၁၀၆)ခုနှစ်တွင် ဟံသာဝတီပြည်၌ နန်းတက်တော်မူ၏။ ထိုမင်းမြတ်သည် သက်တော်(၂၃၂၁)နှစ်ရှိပြီဖြစ် သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို ဆင်ကျားရှင်လှူခဲ့သော တစ်ဘုံမျှရှိထီးတော်ကို ခြောက်ဘုံထပ်ဆင့်၍ ထီးတော်တင်ပြီး ရွှေသင်္ကန်း စေတီလုံးအပြည့် ဆက်ကပ်လှူဒါန်းပြန်လေသည်။ ထို**ဗြမိုင်းတိရာဇာမင်းမြတ်**သည် (၁၃)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၁၁၁၉)ခုနှစ်တွင် နန်းကျတော်မူသည်။

## အင်းဝ–မြန်မာမင်းများ နန်းဆက်

**ကြာသပတေးမင်း**

(၈၅) ထိုနောက်**လောကာသရဖူဘုရား**(အင်းဝတွင်ရှိသည်) ဒါယကာ **ကြာသပတေးမင်း**သည် ကောဇာသက္ကရာဇ်(၁၀၉၅)ခုနှစ်တွင် အင်းဝနေပြည်၌ နန်းတက်၍(၁၈)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၁၁၁၃)ခုနှစ် တွင် နန်းကျလေသည်။

## ကောဇာသက္ကရာဇ်(၁၁၉၅)ခုနှစ်တွင် ဒုတိယအကြိမ် မြေငလျင်အရှိန်ကြောင့် စေတီတော်ကြီး ပြိုကျတော်မူခြင်း

### အလောင်းမင်းတရားကြီး

၄၀။ **မြမိုင်းတိရာဇာမင်း(ဝါ) ဗညားဒလမင်း**လက်ထက်တွင် မုဆိုးဆက်အစဦးအောင်ဇေယျဟုသမုတ်ကြသော**အလောင်းမင်းတရားကြီး**သည် ကောဇာသက္ကရာဇ်(၁၁၁၄)ခုနှစ်တွင် **မုဆိုးဘိုရွာ**ကို **ရတနာသိင်္ဃ**ဟူသောအမည်ထူးဖြင့် မော်ကွန်းတိုင်စိုက်ထူ၍ နန်းတော်သစ်တည်ဆောက်တော်မူပြီး နန်းတက်တော်မူ၏။ ထိုအလောင်းမင်းတရားကြီးသည် ကောဇာသက္ကရာဇ်(၁၁၁၉)ခုနှစ်၊ ကဆုန်လဆုတ်(၈)ရက်၊ သောကြာနေ့တွင် ဗညားဒလမွန်မင်းနှင့် ရာမညတိုင်း မွန်သုံးရပ်တို့ပြင် ဒွါရဝတီမည်သော ယိုးဒယားနိုင်ငံတော်ကိုပါ တိုက်ခိုက်နှိမ်နင်းအောင်မြင်တော်မူသည်။ ထိုအလောင်းမင်းတရားကြီးသည်(၉)နှစ်နန်းစံ၍ ကောဇာသက္ကရာဇ်(၁၁၂၂)ခုနှစ် နယုန်လဆန်း(၃)ရက်နေ့တွင် နတ်ရွာစံတော်မူသည်။

### နောင်တော်ကြီး

၄၁။ ထိုနောက်သားတော်ကြီးအိမ်ရှေ့ဥပရာဇာသည် ကောဇာသက္ကရာဇ်(၁၁၂၂)ခုနှစ်တွင် ရတနာသိင်္ဃ၌ နန်းတက်တော်မူသည်။ ၎င်းမင်းကို **နောင်တော်ကြီးမင်း**ဟု ခေါ်ကြသည်။(၃)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၁၁၂၅)ခုနှစ်တွင် နတ်ရွာစံတော်မူသည်။

### သတိုးဓမ္မရာဇာ

၄၂။ ထိုနောက်သားတော်မြေဒူးနှင့်စလင်းနှစ်မြို့စား **သတိုးဓမ္မရာဇာ**သည် **ဆင်ဖြူရှင်** ဟူသောဘွဲ့ထူးဖြင့် ကောဇာသက္ကရာဇ်(၁၁၂၅)ခုနှစ် တွင် အင်းဝပြည်၌ နန်းတက်တော်မူသည်။ (၁၃)နှစ်နန်းစံပြီး ကောဇာ

သက္ကရာဇ်(၁၁၃၈)ခုနှစ်တွင် နတ်ရွာစံတော်မူသည်။

**စဉ့်ကူးမြို့စား**

၄၃။ ထိုနောက်ဆင်ဖြူရှင်၏သားတော် စဉ့်ကူးမြို့စားသည် ကောဇာသက္ကရာဇ်(၁၁၃၈)ခုနှစ်တွင် အင်းဝပြည်၌ နန်းတက်တော်မူ၏။(၅)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၁၁၄၃)ခုနှစ်တွင် နတ်ရွာစံတော်မူ၏။

**ဖောင်းကားရွာစားမောင်မောင်**

၄၄။ ထိုနောက် ထိုမင်း၏ဘကြီးတော်အိမ်ရှေ့မင်း၏သား **ဖောင်းကားရွာစားမောင်မောင်**သည် ကောဇာသက္ကရာဇ်(၁၁၄၃)ခုနှစ်တွင် အင်းဝပြည်၌ နန်းတက်ပြီး(၇)ရက်မျှ နန်းစံရလေသည်။

**ဘိုးတော်မင်းတရားကြီး**

၄၅။ ထိုနောက်အလောင်းမင်းတရားကြီး၏ တတိယမြောက်သား တော်ဗဒုံမြို့စားသည် **ဘိုးတော်မင်းတရားကြီး** ဟူသောအမည်ဖြင့် ကောဇာသက္ကရာဇ်(၁၁၄၃)ခုနှစ်တွင် အင်းဝကို သိမ်းယူပြီး အမရပူရ၌ နန်းစံတော်မူသည်။ (မင်း ငါးဆက်မပြုပြင်ဘဲ ထားခဲ့သောအနှစ်သုံးဆယ်တိုင်တိုင် ခေါင်းလောင်းပုံအထိ ပြိုကျနေသော ရွှေမော်ဓောစေတီတော်မြတ်ကြီးသည် ဟံသာဝတီပြည်၌တည်ရှိကြောင်းကို ရန်ကုန်ဝန် တို့က ဘိုးတော်မင်းတရားကြီးအား သံတော်ဦးတင်ကြရာ ဘိုးတော်မင်းတရားကြီးသည် အလွန်သဒ္ဒါပသန္နရှိတော်မူလှ၍ ကောဇာသက္ကရာဇ်(၁၁၄၉)ခုနှစ် တပေါင်းလဆုတ်(၁၀)ရက်၊ကြာသပတေးနေ့တွင် သက်တော်(၂၃၆၄)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို အုတ်ရိုးမွမ်းမံလုပ်ဆောင်၍ ပြီးတော်မူသည်။ တို့ပြင် ရှေးမွန်မင်းများ လက်ထက်ကပြုပြင်ခဲ့ကြသောဉာဏ်တော်(၁၉၈)တောင်၊ အဝန်း(၉၀၀)ရှိသော

စေတီတော်အတိုင်း ဆက်လက်တည်ဆောက်တော်မူရာ ကောဇာသက္ကရာဇ်(၁၁၅၁)ခုနှစ် တန်ခူးလဆန်း(၁၅)ရက် စနေနေ့တွင် ထီးတော်တင် ခြင်း အစရှိသောကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုစုလှူဒါန်းပြီးစီးတော် မူသည်) ထို ဘိုးတော်မင်းတရားကြီးသည်(၃၇)နှစ်နန်းစံပြီး ကောဇာ သက္ကရာဇ်(၁၁၈၁)ခုနှစ်တွင် နန်းကျတော်မူသည်။

**မှတ်ချက်** ။ ။ **ယခုအထိ တန်ခူးလပြည့်နေ့ ပွဲတော်ပြုလုပ်ခြင်းသည် ဘိုးတော်မင်းတရားကြီး ပြုပြင်တည်ဆောက်၍အပြီး ထီးတင်ပွဲပြုလုပ်သည်က အစပြု၍ ဆင်ယင်ကျင်းပပုံဖြစ်လေသည်။**

**စစ်ကိုင်းမြို့စား(ခ)ဘကြီးတော်**

၄၆။ ထိုနောက်မြေးတော်**စစ်ကိုင်းမြို့စားမင်း**သည် ကောဇာသက္ကရာဇ်(၁၁၈၁)ခုနှစ်၊ နယုန်လဆန်း(၁၅)ရက်နေ့တွင် **အမရပူရ**၌ နန်းတက်တော်မူ၍ အင်းဝတွင်(၁၈)နှစ် နန်းစံပြီး ကောဇာသက္ကရာဇ်(၁၁၉၉)ခုနှစ် တွင် နန်းကျတော်မူသည်။ ထိုမင်းကို **ဘကြီးတော်ဘုရား** ဟုခေါ်တွင် သည်။

**ကုန်းဘောင်မင်း(ခ)သာယာဝတီမင်း**

၄၇။ ထိုနောက်**ရွှေဘိုမင်း၊ သာယာဝတီမင်း၊ ကုန်းဘောင်မင်း**ဟု သုံးမည်ရ ကုန်းဘောင်မင်းသည် ကောဇာသက္ကရာဇ်(၁၁၉၉)ခုနှစ်တွင် အမရပူရ၌နန်းတက်တော်မူ၍ (၉)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ်(၁၂၀၈) ခုနှစ်တွင် နန်းကျလေသည်။

**ပုဂံမင်း**

၄၈။ ထိုနောက် သားတော်**ရွှေတောင်မင်း၊ တောင်တွင်းချောင်မင်း၊ ပုဂံမင်း**ဟု သုံးမည်ရသော **ပုဂံမင်း**သည် ကောဇာသက္ကရာဇ်(၁၂၀၈)ခုနှစ်

တွင် အမရပူရ၌ နန်းတက်တော်မူ၍ (၆)နှစ်နန်းစံပြီး ကောဇာသက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် နန်းကျလေသည်။

**မင်းတုန်းမင်း**

၄၉။ ထိုနောက်**ညီတော်မင်းတုန်းမင်း**သည် ကောဇာသက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် မန္တလေး၌နန်းတက်တော်မူ၍ (၂၆)နှစ်နန်းစံပြီး ကောဇာ သက္ကရာဇ်(၁၂၄၀)ပြည့်နှစ်တွင် နတ်ရွာစံတော်မူလေသည်။

**သီပေါမင်း**

၅၀။ ထိုနောက်သားတော်**သီပေါမင်း**သည် ကောဇာသက္ကရာဇ် (၁၂၄၀)ပြည့်နှစ်တွင် မန္တလေး၌နန်းတက်တော်မူ ပြီး (၇)နှစ်မျှနန်းစံနေရာ ကောဇာသက္ကရာဇ်(၁၂၄၇)ခုနှစ် အင်္ဂလိပ်လက်သို့ ပါတော်မူကာ နန်းကျ လေ၏။ အိန္ဒိယပြည်၊ ဘုံဘိုင်မြို့အနီး ရတနာဂီရိ တွင် နတ်ရွာစံလေသည်။

**ဦးဝိုက်**

ဝင်းနောက်အင်္ဂလိပ်မင်းလက်ထက် တရားဝန်ထောက်**ဦးဝိုက်** သည် ကောဇာသက္ကရာဇ်(၁၂၄၄)ခုနှစ်၌ သက်တော်(၂၄၅၉)နှစ်ရှိပြီဖြစ် သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီး ကို ထီးတော်တင်၍ ရွှေသင်္ကန်း ကပ်လှူဖူးလေသည်။

## (၁၂၇၄)ခုနှစ်၊ တတိယအကြိမ်ငလျင်ဘေးအန္တရာယ်ကြောင့် စေတီတော်မြတ်ကြီး ပျက်စီးတော်မူပြန်ခြင်း

**စိန်ဖူးတော်စာတမ်း**

ကောဇာသက္ကရာဇ် (၁၂၃၄)ခုနှစ်၊ တပို့တွဲလကွယ် ကြာသပတေး

နေ့(၁)နာရီ(၁၅)မိနစ်အချိန်တွင် ငလျင်ကြီးပြင်းထန်စွာတုန်လှုပ်ပြန်ရာ သက်တော်(၂၄၈၉)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးသည် ဆပ်သွားဖူးအထက်မှစ၍ သံတိုင်တစ်ပိုင်းနှင့် ငှက်မြတ်နားစိန်ဖူးတော်များပါ ကျိုးပြတ်ပျက်စီးကာကျတော်မူလေရာ ရာဟုထောင့်စေတီတော်မြတ်၏ ပထမအရစ်တွင်တင်နေတော်မူလေ၏။ရွှေမော်ဓော ဘဏ္ဍာတော်ထိန်းလူကြီးမင်းတို့က အဆောတလျင်သိမ်းဆည်းကြရာ ငှက်မြတ်နားနှင့် စိန်ဖူးတော်များကို ပင်ကိုယ်အတိုင်းရရှိလေသည်။ ထိုစိန်ဖူးတော် နှင့် ငှက်မြတ်နားတော်တို့တွင်ပါရှိသောကဗ္ဗည်းစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## စိန်ဖူးတော်တွင်ပါသောစာတမ်း(မူအတိုင်း)

*(၁၂၄၄)ခု၊ ကဆုန်လဆန်း(၁၂)ရက်၊ စနေနေ့တွင် ပဲခူးမြို့ဝန်ထောက်တော်မင်း **ဦးဝိုက်**၊ ဝန်ထောက်ကတော်မယ်အို၊ မွေးသမီခင်ကျေးဖူးရှင်နှင့်တကွ သင်္ဂဟ ဉာတကာတစ်စုတို့နှင့် ရွှေစိန်ဖူး(၉၀)ကျပ်သားရှိသောကောင်းမှုတော်မြတ်ကို လှူဒါန်းတော်မူပြီးလျှင် ရတနာအတိပြီးသောရွှေစိန်ဖူးတော်၊(၁၀)ရတီအချိန်ရှိသောစိန်ကိုမွမ်းမံ၍ ဦးဝိုက်၏သားမက် သစ်ကုန်သည်သူဌေး **မော်လမြိုင်၊ ကတိုးကော့နပ်မှ ကိုမွန် ထော်၊ မဓောမေ**၊ သမီးခင်ပွန်းတို့ကောင်းမှု နိဗ္ဗာန်ဆုကို နတ်လူသာဓုခေါ်စေသော်။*

## ငှက်မြတ်နားတွင်ပါသောစာတမ်း(မူအတိုင်း)

**ဓောဘွားကြီးဓောလဖော်**

*ရမည်းတိုင်း၊ သံပိုင်းရွှေဖြာ၊ ဟံသာဝတီ၊ ဌာနီခွဲ ကြုံး၊ ပဲခူးမြို့ ရွှေမော်ဓောဘုရား၏ထီးတော်မြတ်၊ ငှက်မြတ်နားကို ဂန္ဓာရဝတီ၊ ဌာနီပြည့်*



**ထီးပုံစေတီတော်**

စေတီတော်ကြီး ရင်ပြင်ပေါ် အဂ္ဂါထောင့်တွင် တည်ထားသည်။



ပျော်ဘွယ်ကြီး (ကျောက်တော်ကြီး) ဘုရား

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပျော်ဘွယ်ကြီးရွာ မင်းလမ်းနေ ဦးလိပ်ကျောက်နှင့်
ဒေါ်နှစ် တို့က ပျော်ဘွယ်ကြီး (ကျောက်တော်ကြီး) ရုပ်ပွားတော်မြတ်ကြီး နှင့် တန်ဆောင်းတော်ကြီး
တို့ကို ကောဇာသက္ကရာဇ် ၁၂၇၄ (၁၉၁၂) ခုနှစ်တွင် လှူဒါန်းခဲ့သည်။
ရုပ်ပွားတော်မြတ်ကြီးမှာ ရင်ပြင်တော် ဗုဒ္ဓဟူးထောင့်တွင် စံပယ်တော်မူသည်။ ဥာဏ်တော်
အမြင့် (၁၁)ပေ၊ ဒူးခွင်မှာ (၈ပေ ၁၁–လက်မ) ရှေ့နောက်(ပြက်) (၄ပေ ၂လက်မ) ရှိသည်။

*ရှင်ဘုရင်စောလဖော်သခင်ကြီးဘုရား၊ သခင်မဘုရား(၂)ပါးတို့သည် မော်လမြိုင်မြို့ဘုရားဒါယကာမောင်သာဖံအား စီမံရန်လွှဲအပ်ပြီးလျှင် ကုသိုလ်တော်ပွား ပြုလုပ်လှူဒါန်းရာ အများဒါယကာတို့ သဒ္ဓါကြည်ဖြူစင်၍ ကူဝင်လှူဒါန်းကြသော အရပ်ရပ်ရွှေအချိန်(၄၁၀ိ၊ ၅ပဲ၊ ၃ရွေး)၊ ငွေအချိန်(၁၅၄၀)ကျပ် အဖိုးတန်အစုစုပေါင်း(၂၁၇၆၈ ကျပ်၊ ၁၀ပဲ)။*

## (၁၂၇၉)ခုနှစ်၊ စတုတ္ထအကြိမ်မြေငလျင်အရှိန်ကြောင့် စေတီတော်မြတ်ကြီး ပျက်စီးတော်မူပြန်ခြင်း

### ငှက်ပျောဖူးတော်

ကောဇာသက္ကရာဇ် (၁၂၇၉)ခုနှစ်၊ ပထမဝါဆိုလဆုတ်(၂)ရက်၊ (၁၉၁၇)ခုနှစ်၊ ဇူလိုင်လ(၅)ရက် ကြာသပတေးနေ့ နံနက် အရုဏ်တက်(၄နာရီ၊ ၄၅မိနစ်)အချိန်တွင် မြေငလျင်ကြီး ပြင်းထန်စွာတုန်လှုပ်ပြန်ရာ သက်တော်(၂၄၉၄)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးသည် ပဲ့တင်သံကြီးပေါ်ပေါက်လျက် သွက်သွက်ခါတော်လဲပြီး တစ်ပြိုင်တည်ဖောက်ခွဲလိုက်လိုက်သည့်ပမာ **ငှက်ပျောဖူးမှစ၍ ခေါင်းလောင်းပုံအထိ ပြိုကွဲပျက်စီးတော်မူရပြန်လေသည်**။ ဤစတုတ္ထအကြိမ်ပြိုပျက်တော်မူသော **ငှက်ပျောဖူးပုံတော်တစ်ပိုင်းသည် ယခုတိုင် စေတီတော်၏ တနင်္ဂနွေထောင့်၌တည်ရှိနေ၍** ၄င်းအပေါ်တွင် စေတီငယ်တစ်ဆူတည်ထားလျက်ရှိသည်ကို အထင်အရှားပင်ဖူးမြော်နိုင်လေသည်။

### လူထုဘုရား

ဤစတုတ္ထအကြိမ်လျင်ဘေးသင်သောအချိန်တွင် ရှေးအခါက လိုသာသနာပြု မင်းကောင်းမြတ်တို့ ကင်းပြတ်နေသောကြောင့် မြို့ရွာခရိုင်

နယ်နှင့်တကွ မြန်မာပြည်အတွင်းရှိ ဗုဒ္ဓဘာသာအစစ်သူတော်ကောင်းဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် မိမိတို့သာလျှင်သာသနာပြုပုဂ္ဂိုလ်များဖြစ်ထိုက်သောခေတ်သို့ရောက်လာပြီတကားဟု မိမိတို့၏ တာဝန်ကိုကျေပွန်အောင်စုပေါင်း၍ ညီညွတ်စွာစည်းဝေးတိုင်ပင်ကြပြီး မူလရှိရင်းစေတီဟောင်း၏ ဉာဏ်တော်(၁၉၈)တောင်တွင် (၄တောင်၊ ၂မိုက်)တိုးမြှင့်၍ ဉာဏ်တော်(၂၀၂တောင်၊ ၂မိုက်)အထိ ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို ပဓာနထားလျက် သဒ္ဓါအား စေတနာအညွန့်အဖူးတို့ဖြင့် အထူးကြီးစားအားထုတ်ကာ ထပ်မံတည်ထားကိုးကွယ်ကြလေသတည်း။

## (၁၂၉၂)ခုနှစ် ပဉ္စမအကြိမ်မြေငလျင်ဘေးကြီးအရှိန်ကြောင့် စေတီတော်မြတ်ကြီး ပျက်စီးတော်မူပြန်ခြင်း

**ပထမပစ္စယာတိုင်တိုင်**

ကောဇာသက္ကရာဇ်(၁၂၉၂)ခုနှစ်၊ ကဆုန်လဆန်း(၉)ရက်၊ တနင်္လာနေ့ ည(၈)နာရီ၊ (၁၅)မိနစ်အချိန်တွင် ဆန်ကောပေါ်တွင် ဆီးဖြူသီးတင်၍ လှိမ့်လိုက်သလို ရုတ်တရက်အားဖြင့် တော်လည်းငလျင်ပဲ့တင်ဟည်းကာ သည်းထန်ပြင်းပြစွာတုန်လှုပ်ပြန်ရာ သက်တော်(၂၅၀၇)နှစ်ရှိပြီဖြစ်သော ဤရွှေမော်ဓောစေတီတော်မြတ်ကြီးသည် အောက်ပထမပစ္စယာအထိ အကြီးအကျယ်ပျက်စီးပြိုကျပြီး မြေသို့ခတော်မူရပြန်လေသည်။ ပဲခူးမြို့အတွင်းရှိ အိမ်၊ တိုက် အပေါင်းလည်း၊ အဆောက်အအုံပေါင်းနှင့်တကွ တန်ဆောင်း၊ ဇရပ်၊ အထပ်ထပ်တို့သည်လည်းရပ်တည်မရဘဲ၊ ပြိုလဲပျက်စီးကာ မြို့တွင်း၌မီးအကြီးအကျယ် လောင်ခြင်းခံရလေသည်။



**မြေခ ငှက်ပျောဖူးတော်ကြီး**

ကောဇာသက္ကရာဇ် (၁၂၇၉) ခုနှစ်၊ ပထမဝါဆိုလဆုပ် (၂)ရက်၊ (၁၉၁၇-ခု) (ဇူလိုင်လ ၅-ရက်) ကြာသပတေးနေ့ နံနက် (၄နာရီ၄၅မိနစ်) အချိန်တွင် ပဲခူးမြို့၌ (စတုတ္ထအကြိမ် တုန်လှုပ်ခဲ့သော ပြင်းထန်သော ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး ပြိုကျ ပျက်စီးခဲ့သည်။

စေတီတော်၏ ငှက်ပျောဖူးတော်ကြီး မှာ ရင်ပြင်ပေါ် တနလ်ာထောင့် သို့ မြေခတော် မူခဲ့သော်လည်း အစိတ်စိတ်အမွှာမွှာ ကွဲသွားခြင်း မရှိသဖြင့် စေတီတော်ကြီး၏ အံ့ဖွယ်တစ်ပါး ဖြစ်နေသည်။




စေတီတော်ကြီး ရင်ပြင်ပေါ် ဗုဒ္ဓဟူးထောင့် ခြေတော်ရာတန်ဆောင်းအတွင်း တည်ရှိသည်။

## အနှစ်နှစ်ဆယ် ဒုက္ကရစရိယာ

ယခုပဉ္စမအကြိမ်လျှင်ဘေးအရှိန်တွင် ဘုရားတွင်မကဒါယကာများကိုပါ အကြီးအကျယ်မြို့နယ်ပါပျက်စီးကြလေသောကြောင့် ရွှေတောင်ကြီးသဖွယ် အလွန်သပ္ပါယ်သောစေတီတော်မြတ်ကြီးပျက်စီးကွယ်ပျောက်နေသည်ကို အသစ်ပေါ်ပေါက်၍ ထွန်းလင်းတောက်ပအောင် မပြုလုပ်နိုင်ခဲ့သည်မှာ (၁၃၁၂)ခုနှစ်အထိ နှစ်ပေါင်း(၂၀)မျှကြာခဲ့လေသည်။

### မျှော်လင့်ခြင်း

(၁၂၇၉)ခုနှစ် ပြိုကျ၍ မြေခစဉ်က မြို့နယ်ခရိုင်နိုင်ငံအတွင်းရှိ သပ္ပုရိသဂိုဏ်းဝင်သူတော်စင်တို့သည် ညီညွတ်မှု ဉာဏ်အမြင်ဖြင့် ပြုပြင်တည်ဆောက်ရာ အောင်မြင်ခဲ့သလို ယခုအခါတွင်လည်း ဗုဒ္ဓဘာသာဝင်မြတ်စွာဘုရားကိုသက်ဝင်ယုံကြည်သူအပေါင်းတို့သည် စည်းရုံးညီညွတ်မှုအားကိုပမာနထား၍ သဒ္ဓါအား၊ စေတနာအညွန့်အဖူးတို့သည် အထူးကြည်ကြည်ဖြူဖြူနှင့် ဝိုင်းဝန်းကူညီအားပေးပြီး ပြုပြင်တည်ဆောက်လျှင် အကြင်သို့သော ကျက်သရေတော်အစုံ တန်ခိုးဂုဏ်ရောင်အလင်းတို့ဖြင့် ပြောင်ဝင်းသပ္ပါယ်ကြည်ညိုဖွယ်အထပ်ထပ်နှင့် ပြည့်စုံသော၍ရွှေမော်ဓောစေတီတော်မြတ်ကြီးကို အမှန်မုချဆည်းကပ်ဖူးမြော်ကြရမည်ဟု အထူးယုံကြည်လျက်ရှိပါကြောင်း။

## ဂျပန်ခေတ်အတွင်း၌ အသစ်တည်ရန် ကြိုးစားကြပြန်ကြခြင်း


### အောင်ချိန်မကျ

မြန်မာနိုင်ငံတော်ကို နှစ်ပေါင်း(၁၀၀)ကျော်မျှစိုးမိုးအုပ်ချုပ်မင်း


လုပ်နေသော အင်္ဂလိပ်အစိုးရသည် ကောဇာသက္ကရာဇ်(၁၃၀၄)ခုနှစ်တွင် မြန်မာပြည်အတွင်းသို့ တိုက်ခိုက်နှိမ်နင်းအတင်းဝင်ရောက်လာသော ဂျပန်စစ်သည်များအား ခုခံတွန်းလှန်ခြင်းငှာမစွမ်းနိုင်သောကြောင့် မြန်မာပြည်ကြီးကို စွန့်လွှတ်ထွက်ပြေးသွားကြရာတွင် မြန်မာပြည်သည် ဂျပန်လက်အောက်သို့ကျရောက်ပြန်လေသည်။

ထိုကဲ့သို့ တစ်မင်းမှသည် တစ်မင်းသို့၊ တစ်ခေတ်မှသည်တစ်ခေတ်သို့ နှစ်ပရိစ္ဆေဒများစွာပြောင်းလဲခဲ့သော်လည်း ဆံတော်ဓာတ်မြတ်၏ ကိန်းဝပ်တော်မူရာရွှေမော်ဓောစေတီတော်မြတ်ကြီးမှာမူ မထူးမပြောင်းဘဲ မြဲ့ဘဲ့သာ စက်လျှောင်းလျက်တည်နေတော်မူနေရသည်ကို ပဲခူးမြို့ပေါ်ရှိ လူကြီးမင်းများနှင့် ရွှေမော်ဓောဂေါပကတော်ထိန်းအဖွဲ့ဝင်တို့က တိုင်တိုင်ပင်ပင်ပြုပြင်လိုကြောင်း သံဃာတော်မြတ်အပေါင်းတို့အား လျှောက်ထားတောင်းပန်သြဝါဒနာခံ၍ စေတနာသန်သန် ပညာဉာဏ်၊ သဒ္ဓါအစစ်တို့ဖြင့် အားသစ်ကြိုးစားပြီး အင်္ဂါထောင့်မှစ၍ မွမ်းမံပြုပြင်ကြလေ၏။

စစ်ခေတ်အတွင်းဖြစ်၍ အုတ်၊ အင်္ဂတေအထွေထွေတို့သည် အလွန်ရှားပါးလှသော်လည်း တန်ခိုးကျက်သရေတလက်လက်ဝေလျက် နှစ်သက်ကြည်ညိုနိုင်စေသောစေတီတော်အသစ်ကြီးကို ဖူးမြင်ပူဇော်လိုကြသောမြို့ရွာနယ်ပါ၊ များစွာသောသဒ္ဓါကြည်လင်စေတနာရှင်အပေါင်းတို့သည် သောင်းသောင်းဖြဖြ အုတ်၊ အင်္ဂတေ၊ သဲမြေများနှင့် ရွှေ၊ ငွေ၊ ရတနာအဖြာဖြာတို့ကို ရက်ရက်ရောရောနှမြောမဖက် သဒ္ဓါတိုးတက်ပြီးလှူဒါန်းကြသည့်အပြင် မိမိတို့ခန္ဓာကိုယ်ဖြင့် မြတ်စွာဘုရား၏ ဝေယျာဝစ္စတို့ကို ပြုလုပ်ဖို့ရန် အလွန်ကြုံကြိုက်ခဲလေစွဟု အမြင်မှန်ဖြင့်ဆင်ခြင်ကြဆ၏ ကိုယ်တိုင်ပင် ကာအုတ်စီခြင်း၊ အုတ်၊ အင်္ဂတေ၊ သဲစသည်တို့ကိုခြေတော်ရင်းမှ ကုန်းတော်ပေါ်အထိ မောပန်းသည်ကို ပဓာနမထားဘဲ သယ်ပို့ကြသည်မှာအလွန်ပင်စည်ကားလှပေသည်။



လျှင်ဒဏ်ကြောင့် ပြိုပျက်နေသော စေတီတော်မြတ်ကို ပြန်လည်တည်ဆောက်နေဆဲ
ရိုက်ကူးထားသော ပုံတော်



လျှင်ဒဏ်ကြောင့် ပြိုပျက်နေသော စေတီတော်မြတ်ကို ပြန်လည်တည်ဆောက်နေဆဲ
ရိုက်ကူးထားသော ပုံတော်



မုခ်ဦးတိုင်

၁၃၁၃၊ (၁၉၅၁)ခုနှစ်၊ ရွှေမော်ဓောစေတီတော်ကြီး အသစ်ပြန်လည်တည်ဆောက်စဉ် ရင်ပြင်ပတ်လည်တွင် ကွန်ကရစ်လောင်းရန်၊ အနက် (၁၃)ပေရှိ ကျင်းကြီး(၃၂)ကျင်း တူးသည်။ စနေထောင့်ကျင်းကြီးထဲမှ အထက်ပါမုခ်ဦးတိုင်ကို တွေ့ခဲ့သည်။ ရှေးဟောင်း သုတေသီများက (ဒုတိယ) ဟံသာဝတီခေတ် ကောဇာသက္ကရာဇ် ၇၄၅ (ခရစ်–၁၃၈၃) ခုနှစ်တွင် နန်းတက်သော “ရာဇာဓိရာဇ်” မင်းလက်ထက် ရွှေမော်ဓော ရင်ပြင်ရှိ မုခ်ဦးတိုင် ဟု ခန့်မှန်းသည်။

ထိုကဲ့သို့ ညီညွတ်စွာကြိုးစားအားထုတ်ကြသဖြင့် အတော်အတန် ခရီးပေါက်ပြီးမြောက်နေဆဲတွင် အင်္ဂလိပ်မင်းနှင့်မဟာမိတ်တပ်သားများသည် မြန်မာပြည်ကို ဂျပန်လက်မှတစ်မဟုတ်ချင်း အတင်းတိုက်ခိုက်၍ယူလိုက်ပြန်သဖြင့် ဘုရားတည်ဆောက်ပြုပြင်မှုကိစ္စသည် အလိုလိုရပ်စဲပြီးသွားရပြန်လေသည်။

## ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ မြန်မာနိုင်ငံတော်ပထမသမ္မတကြီးနှင့်ဝန်ကြီးချုပ်ကြွရောက်ပန္ဒက်တော်ချခြင်း

လွတ်လပ်ပြီး

အင်္ဂလိပ်ကို ဂျပန်နှင့်ပေါင်းတိုက်ထုတ်ခဲ့ပြီး၊ ဂျပန်က ဆက်လက်အုပ်စိုးကာ မြန်မာပြည်သူများကို ညှင်းပန်းနှိပ်စက်အုပ်ချုပ်သောဖက်ဆစ်ဂျပန်ကို ဗိုလ်ချုပ်အောင်ဆန်းအကြီးအမှူးပြု၍ တော်လှန်ရေးဆင်နွှဲကြပြန်သည်။ အင်္ဂလိပ်က ဝိုင်းကူပြီး၊ နိုင်ငံကိုထိန်းထားပြန်သဖြင့် လူမျိုးစုံ၊ ဘာသာစုံ ဆင်းရဲချမ်းသာ အလွှာများ စုပေါင်းညီညွတ်မှု၊ ပြည်ထောင်စုအားဖြင့် အင်္ဂလန်အရောက်သွားပြီး တိုင်းပြည်လွတ်လပ်ရေးပေးရန် ဆွေးနွေးတိုက်ပွဲဝင်မှုကြောင့် လွတ်လပ်ရေးရရန်သေချာသည့်အခိုက် ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်သော် လည်း တစ်ဗိုလ်ကျ၊ တစ်ဗိုလ်တက် ပြည်ထောင်လွတ်လပ်ရေးစိတ်ဖြင့် နိုင်ငံကို တင့်တယ်စွာရပ်တည်ရန် ဝန်ကြီးချုပ်ဦးနုဦးဆောင်အစိုးရက အုပ်ချုပ်ကြသည်။

မြန်မာနိုင်ငံတော်အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ် တည်ထောင်၍ ကမ္ဘာတစ်လွှားကို ကြွားကြွားဝင့်ဝင့်

ကျက်သရေမြင့်မြင့်နှင့် အဆင့်အတန်းတိုးမြှင့်ကာ **ကောဇာသက္ကရာဇ် (၁၃၀၉)ခုနှစ်၊ ပြာသိုလဆုတ်(၉)ရက်၊ တနင်္ဂနွေနေ့၊ (၁၉၄၈)ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့**တွင် ကမ္ဘာကိုကြေညာပြီးနောက် စေတီတော်မြတ်ကြီးကို အမြန်ဆုံးတည်ဆောက်ပြုပြင်၍ အသစ်ဖူးမြင်လိုကြသော ဘဏ္ဍာတော်ထိန်းလူကြီးမင်းများနှင့် မြို့ပေါ်ရှိမြို့မိမြို့ဖဂုဏ်သရေရှိလူကြီးမင်းများတို့သည် တိုင်ပင်စည်းဝေးကြကြ၍ ဤရွှေမော်ဓောစေတီတော်မြတ်ကြီးကို တိုင်းပြည်အုပ်ချုပ်သောရှေးမင်းကောင်းမင်းမြတ်တို့သည်သာ အဆက်မပြတ် အထပ်ထပ်ပြုပြင်တည်ဆောက်ခဲ့သဖြင့်သာ ယခုအထိ တည်တံ့တော်မူခဲ့ရပေသည်။ ယခုအခါမြန်မာနိုင်ငံတော်သည် အချုပ်အခြာ အာဏာပိုင် ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးမင်းအဖြစ် သမ္မတမြှောက်၍ အုပ်ချုပ်ကြရပြီ။ သို့အတွက် ယခုအခါ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဒါယကာတော် ပေါ်ပေါက်လာပေပြီဟု အားရဝမ်းမြောက်စွာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအဦးအစ ပထမသမ္မတကြီးနှင့်တကွ ဝန်ကြီးများအား နေ့ကောင်းအခါမြတ် သတ်မှတ်ရွေးချယ် စီမံပြီးဖိတ်ကြားရာ ကောဇာသက္ကရာဇ်(၁၃၀၉ခု၊ တပို့တွဲလဆန်း(၁၄)ရက်၊ စနေနေ့)တွင် မင်္ဂလာရက်မြတ် အစီအစဉ်အရ ကြွရောက်တော်မူလာကြ၍ ပန္နက်တော်ချမင်္ဂလာသဘင် ကို စေတနာထက်သန်စွာ ဆင်ယင်ကျင်းပတော်မူရာ နယ်ရှေ့မြို့ပါ ရွာများစွာမှကြီးငယ်ထောင်သောင်းရှင်လူအပေါင်းတို့သည် ရွှေမော်ဓော ဘုရားကြီးအပြီးတည်တော့မည်၊ ဖူးမြင်ကြရတော့မည်ဟု အလီလီ သဒ္ဓါ ဓောစေတနာဝေဖြာလျက် ဝမ်းမြောက်ဝမ်းသာရွှင်လန်းစွာနှင့် ပန္နက်တော်ချမင်္ဂလာသဘင်သို့ လာရောက်ကြသည်မှာ ကြက်ပျံမကျအလွန် စည်ကားလှပါသည်။




ရင်ပြင်တော်ရှိ စေတီပဟောင်းများကို (၁၃၁၇)ခု၊ ဝါခေါင်လ၊ (၁၉၅၆) ခုနှစ်တွင် စုပေါင်းတည်ဆောက်ခဲ့သည်။

# ရွှေမော်ဓောစေတီတော်မြတ်၏ရင်ပြင်တော်၌ သရီရဓာတ်တော်များကိန်းဝပ်စံပယ်တော်မူခြင်း

**ဓာတ်တော်နှင့်ဝန်ကြီးချုပ်ဦးနု**

မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံတော်အတွင်းရှိ အားလုံးသောရဟန်းရှင်လူတို့ ကြည်ကြည်ဖြူဖြူလွယ်လွယ်ကူကူနှင့် ငြိမ်းချမ်းရေးနိမိတ်ယူပြီး ဖူးမြော်ပူဇော်ကြစေရန် မဇ္ဈိမဒေသအိန္ဒိယပြည်နှင့် သီဟိုဠ်ကျွန်းတို့မှ မြတ်စွာဘုရား၏ သရီရဓာတ်တော်၊ မွေတော်မြတ်နှင့် တကွ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလန်၊ အဂ္ဂသာဝက မထေရ်မြတ်နှစ်ပါးတို့၏ ဓာတ်တော်၊ လာဘ်လာဘအရာတွင် ဧတဒဂ်တင်ခြင်းခံတော်မူရသော အရှင်သီဝလိမထေရ်မြတ်၏ ဓာတ်တော်တို့ကို ကောဇာသက္ကရာဇ်(၁၃၁၁)ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၇)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မြန်မာနိုင်ငံတော်သို့ ပင့်ဆောင်၍ ရန်ကုန်မြို့၌ ခေတ္တကိန်းဝပ်စံပျော် အပူဇော်ခံနေစဉ် ပဲခူးမြို့၊ ခရိုင်အတွင်းရှိလူကြီးမင်းတို့နှင့် စစ်ဘက်အရာရှိကြီးတို့ တိုင်ပင်ပြီး ဓာတ်တော်ပင့်ဆောင်ရေးအဖွဲ့ကြီးတို့ကိုဖွဲ့စည်းပြီး၊ ပဲခူးခရိုင်အတွင်းရှိရဟန်း၊ ရှင်လူတို့အလွယ်တကူကြည်ဖြူစွာ ပူဇော်နိုင်ကြစေရန် ဓာတ်တော်များကို ပဲခူးမြို့သို့ပင့်ဆောင်ခွင့်ပြုပါရန် ဆိုင်ရာပုဂ္ဂိုလ်ကြီးများထံသို့ ခွင့်တောင်းကြရာ အခွင့်ရသဖြင့် ကောဇာသက္ကရာဇ်(၁၃၁၁)ခု နှစ်၊ တပေါင်းလဆန်း(၅)ရက်နေ့တွင် ပဲခူးမြို့သို့ပင့်ဆောင်လာပြီး ဤရွှေမော်ဓောစေတီတော်မြတ်ကြီး၏ရင်ပြင်တော်ပေါ်ရှိ ဘဏ္ဍာတော်တိုက်သစ်တွင် တပေါင်းလဆန်း(၅)၊(၆)၊(၇)၊(၈)ရက်နေ့များ၌ နံနက်အ ရုဏ်တက်အထိ ဓာတ်တော်များသည် ကိန်းဝပ်စံပျော်၍ အပူဇော်ခံတော်မူပါသည်။

**စည်ကားလှခြင်း**

ဤကဲ့သို့ အထူးကြည်ညိုခံယူတော်မူစဉ် ပဲခူးမြို့နယ်ခရိုင်အတွင်း ရှိရဟန်းရှင်လူပုဂ္ဂိုလ်ဟူသမျှတို့သည် အလွန်ဝေးလှသောအရပ်ဒေသမှ ကြွရောက်လာတော်မူသော ဓာတ်တော်အစုံတို့ကို ဖူးမြော်ရန် အလွန်ကြုံကြိုက်ခဲလှပေတကားဟု အားရပါးရပြင်းထန်လှသော စိတ်ဆန္ဒဖြင့် သောင်းသောင်းဖျဖျလာရောက်ဖူးမြော်ကြရာ နံနက်အရုဏ်တက်ချိန်မှ ည (၁၀)နာရီအတွင်း အလျင်းမပြတ်ပရိသတ်မျိုးစုံတို့ဖြင့် တိုး၍မပေါက် အောင် မကြုံစဖူးဘဲ အလွန်ထူးကဲစွာစည်ကားများပြားခဲ့ပါသည်။

**မှတ်ချက်** ။ ။ ၄င်း(၃)ရက်အတွင်းလှူဒါန်းပူဇော်သောငွေပေါင်းမှာ(၉၆၀၀၀/-) ကျော်ဖြစ်ပါကြောင်း။

## ရွှေမော်ဓောစေတီတော်၏ရင်ပြင်ပေါ် အင်္ဂါထောင့်၌ ဗောဓိပင်ပျိုစိုက်ပျိုးခြင်း

**ဝန်ကြီးချုပ်ဦးနု**

မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်တော်များနှင့် အတူ မဇ္ဈိမဒေသအိန္ဒိယပြည်မဟာဗောဓိအသင်းကြီးမှ ပရိဘောဂစေတီအစစ် အမှန်ဖြစ်သော ဗောဓိပင်ပျို(၁၀၀)ကျော်တို့ကို (တီလ်)ခေါ်စစ်သင်္ဘော ကြီးဖြင့် ပင့်ဆောင်တော်မူခဲ့ရာ ပဲခူးမြို့ရွှေမော်ဓောစေတီတော်၏ရင်ပြင် ပေါ်တွင် စိုက်ပျိုးပူဇော်လိုပါ၍ ဗောဓိပင်ပျိုတစ်ပင်ကို မျှတပါမည့် အကြောင်းဖြင့် ပဲခူးမြို့ ဓာတ်တော်ပင့်ဆောင်ရေးအဖွဲ့က သက်ဆိုင်ရာ လူကြီးမင်းများထံတောင်းပန်သောကြောင့် ကြည်ကြည်ဖြူဖြူ ပင့်ဆောင် ယူခွင့်ရရှိပါသည်။ ကောဇာသက္ကရာဇ်(၁၃၁၂)ခုနှစ်၊ ကဆုန်လပြည့်၊




အိန္ဒိယနိုင်ငံ မဟာဗောဓိအသင်းကြီးမှ ပေးပို့လှူဒါန်းသော မဟာဗောဓိပင်ပျိုကို
ရင်ပြင်ပေါ် အဂ္ဂိထောင့်တွင် ၁၃၁၂ခုနှစ်၊ ကဆုန်လပြည့်(၃၀–၄–၅၀) တနင်္ဂနွေနေ့၊
နေ့(၁၂)နာရီ အချိန်၌ စိုက်ပျိုးပူဇော်ခဲ့သည်။ ဓါတ်ပုံ(၁–၅–၂၀၁၄)

တနင်္ဂနွေနေ့ နံနက်(၈)နာရီအချိန်တွင် ပဲခူးမြို့ညောင်ဝိုင်းရပ်၊ သွန်းဘုရားကြီးမှစ၍ မြို့ပေါ်သို့လှည့်လည် အပူဇော်ခံရာတွင် မြို့ပေါ်မှအသင်းအဖွဲ့အသီးသီးနှင့် ဆေးလိပ်ရုံအမျိုးသမီးများပါမကျန် စိတ်အားထက်သန်စွာဖြင့် လိုက်ပါပူဇော်ကြသည်မှာ သိုက်မြိုက်စည်ကားလှပါကြောင်း။

ထိုသို့မြို့ကို လှည့်ပတ်ကာ အပူဇော်ခံပြီးလျှင် ဗောဓိပင်ပျိုကိုစိုက်ပျိုးပူဇော်ထားမည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ရင်ပြင်တော် အဂ္ဂိထောင့်သို့ ပင့်ဆောင်၍ နေ့(၁၂)နာရီအချိန်တွင် သံဃာတော်အရှင်သူမြတ်များသည် ပရိတ်ဒေသနာတော်များကို ရွတ်ဖတ်တော်မူကြပြီး ဗောဓိပင်ပျိုပင့်ဆောင်ရေးအဖွဲ့ ဥက္ကဋ္ဌအရေးပိုင် ဦးသန်းက ပရိဘောဂစေတီတော်အစစ်ဖြစ်သောဗောဓိပင်ပျိုကို စိုက်ပျိုး၍ထားရာ ယခုအခါအများပင်ပူဇော်လျက်ရှိနေကြပါသည်။

## ဘုရားဖူးကျက်ပြင်ခြင်းအကျိုး

**ဖေယတုသဗ္ဗမင်္ဂလံ**

အတုမရှိသောမြတ်စွာဘုရား၏ရုပ်ပွားစေတီတော်မြတ်သည် ကာလရှည်လျား၍ နွမ်းပါးပျက်စီးယိုယွင်းသည်ကို ကြည်ညိုရိုသေလေးမြတ်စွာပြင်ဆင်ရသောသူတို့သည် ယခုဘဝ၌ပင်အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ ဥစ္စာပစ္စည်းမယိုယွင်းခြင်း၊ အစရှိသောအကျိုးတရားတို့ကိုခံစားရမည့်အကြောင်းရှိလေသည်။ နောက်ဘဝ၌လည်း ဘုရားကို တင့်တယ်အောင်ပြုဖူးသောအကြောင်းနှင့်လျော်စွာ အကျိုးပေး၍ တင့်တယ်သောအမျိုး၌သာ ဖြစ်ရခြင်း၊ ကံထောက်မခိုက်ကြုံ၍ မကြွယ်ဝသောသူအဖြစ်၌ပင် ဖြစ်ရသော်လည်း မ,စကြည့်ရှုသူပေါ်ခြင်း၊ ဘုရားကို တင့်တယ်အောင်ပြုဖူးသောကြောင့် တင့်တယ်ယဉ်ကျေးစွာအဆင်းလှပခြင်း၊ အဝတ်

အစား၏ လုပတင့်တယ်ခြင်း၊ ဆွေမျိုးဥစ္စာပြည့်စုံခြင်း၊ ပျက်သည်ကို မပျက်အောင်ပြုပြင်ခြင်းကြောင့် အသက်ရှည်စွာနေရခြင်း၊ ချစ်သောသူတို့ နှင့် တာရှည်စွာပေါင်းဖက်ရခြင်း၊ ဥစ္စာမြဲသောအကျိုးတို့ကိုရလေသည်။ ရှေးသူတော်ကောင်းတို့၏ ကောင်းမှုတိမ်မြုပ်သည်ကို မတိမ်မြုပ်အောင် ပြု၍ ထင်ပေါ်သကဲ့သို့ တိမ်မြုပ်သိမ်ဖျင်းသောဘဝသို့မကျနိုင်ကုန်။ ဂတိများ၍နွမ်းပါးသောဘဝသို့ပင် ရောက်သော်လည်း ချီးမြှောက် မ,စသူ ပေါ်၍ ကျော်ဇောတင့်တယ်ခြင်းအဖြစ်သို့ရောက်လွယ်ခြင်းအကျိုးတို့နှင့် ပြည့်စုံရာသည်။ အဆုံးဘဝ၌လည်း အတုမရှိသောဘုရားကို ပြုပြင်ရသော ကြောင့် ဘုရားမ,၍ အတုမရှိသောနိဗ္ဗာန်ကို အမှန်ရောက်ရလိမ့်မည်ဟု မှတ်ကုန်ရာသည်။ ထိုကြောင့် ဘုရားပျက်ကိုပြုပြင်၍ အသက်လည်းရှည်၊ ဥစ္စာလည်းတည်၊ ပြည်နိဗ္ဗာန်ကိုလည်းရောက်ရမည်အကြောင်း ကြောင့် ကောင်းစွာပြင်ဆင်ကုန်ရာသည်။

**ခဏ္ဍာဖုလ္လိယထေရ်**

အဘယ်သူတို့သည် ဤသုံးပါးသောချမ်းသာကိုရလေသနည်းဟူမူကား။ ဤကမ္ဘာမှသည် ကိုးဆယ့်နှစ်ကမ္ဘာထက်က **ဖုဿဘုရား**ထင်ရှားပွင့်တော်မူသည်။ ထိုဘုရားသာသနာတော်၌ ဒါယကာတစ်ယောက်သည် ဆင်ဖျက်ဆီး၍ တောကြီးအလယ်၌ပျက်စီးလျက် မြက်သစ်ပင်ဖုံးလွှမ်း၍နေသောစေတီတော်ကိုမြင်လျှင်ဘုရားရှင်၏ဂုဏ်ကို နှလုံးသွင်း၍ မညီညွတ်သည်ကို ညီညွတ်အောင်လုပ်ဆောင်ပြီး အုတ်၊ အင်္ဂတေတို့ဖြင့် အပြေ အပြစ်ချောမောစွာပြုပြင်စီရင်ခဲ့ဖူးသောကောင်းမှုကြောင့် ဘဝဆက်တိုင်း အပါယ်လေးပါးသို့မလား။ ဘုရားပျက်ကိုပြင်သောကောင်းမှုကြောင့် စကြာမင်း တစ်ဆယ့်ခြောက်ကြိမ်ဖြစ်၍ လူနတ်တို့၏ စည်းစိမ်ကို ကြိမ်ဖန်များစွာ ခံစားပြီးမှ အဆုံးဘဝ၌ ငါတို့ဘုရားလက်ထက်လူဖြစ်လာ၍ ရဟန်း ပြုလျှင်

ပဋိသမ္ဘိဒါစသောဂုဏ်တို့နှင့်ပြည့်စုံစွာရဟန္တာဖြစ်၍ ရှေးဘဝက ဘုရားပျက်ကို ပြင်ခဲ့ဖူးသောအကြောင်းနှင့် လျော်စွာ **ခဏ္ဍဖုလ္လိယထေရ်** ဟု ထင်ရှားလျက် နိဗ္ဗာန်သို့ရောက်ကြောင်းကို အပဒါန်ပါဠိတော်၌ စာပါလာသည်။ယင်းသို့လာသည်ကိုနှလုံးသွင်း၍ ယခုအခါဘုရားပျက်ကိုပြင်ဆင်သောသူတို့သည်လည်း ထိုခဏ္ဍဖုလရိယထေရ်ကဲ့သို့ နိဗ္ဗာန်တရားတော်မြတ်ကိုရကြကုန်ရာသည်။

**ရှင်မဟာကစ္စည်း**

ရှင်မဟာကစ္စည်းအလောင်းသည် ကဿပမြတ်စွာဘုရားစေတီတော်ကို တည်လုပ်သောအခါရွှေအမှတ်ပြု၍ အုတ်တစ်ချပ်လှူခဲ့ဖူးသောကောင်းမှုကြောင့် အဆင်းလှခြင်း၌ တေဒဂ်ရသည်ကို နှလုံးသွင်း၍ ယခုအခါ အုတ်လှူသောသူတို့သည်လည်း အရှင်မဟာကစ္စည်းအလောင်း ရွှေအမှတ်ပြု၍ လှူလေသကဲ့သို့ ရွှေအုတ်အမှတ်ပြု၍ လှူအပ်ကုန်၏။

**ပန်းနှင့်အုတ်လှူအကျိုး**

ပဒုမဒေဝီမိဘုရားသည် ရှေးဘဝ၌ ရှင်ပစ္စေကဗုဒ္ဓါအား ပေါက်ပေါက်ပွင့်ငါးရာလှူ၍ ပစ္စေကဗုဒ္ဓငါးရာမယ်တော်ဖြစ်ရပါလို၏ ဟုဆုတောင်းဖူးသောကြောင့် ပစ္စေကဗုဒ္ဓါငါးရာမယ်တော်ဖြစ်ကြောင်းကို ဟောတော်မူသောဒေသနာတော်နှင့်အညီ ပေါက်ပေါက်ပွင့်ဟူသောအလှူကိုလည်းကောင်း၊ ယခုအခါအုတ်ချပ်များစွာလှူသောအလှူကိုလည်း ကောင်းဆုတောင်း၍ လှူအပ်ကုန်၏။

## အနုသာသနီ နိဂုံး

ဤမျှသောစကားအစဉ်ဖြင့် ရွှေမော်ဓော**စေတီယံဝံသကထာ**

ကို ပြဆိုရာဖြစ်သောအခန်း(ကဏ္ဍ)အဝဝသည်ပြီးဆုံးခြင်းသို့ရောက်လတ်သတည်း။

**သတိပြုဖွယ်ရာ**

သမိုင်း၊ ရာဇဝင်စသောရှေးဟောင်းမှတ်တမ်းမှတ်ရာများသည် လောကောပစာရဖြစ်သည့်ပြင် စင်စစ်

(က) ခေတ်အမျိုးမျိုးပြောင်းလဲလာခြင်းကြောင့်လည်းကောင်း။

(ခ) အဆင့်ဆင့်ရေးကူးခဲ့ခြင်းများကြောင့်လည်းကောင်း။

တစ်စတစ်စချို့ယွင်းတိမ်းပါးပြီး ခုနှစ်၊ သက္ကရာဇ်စသည်တို့လွဲများဖြစ်ရှိတတ်ပုံကို အာရုံပြု(စိတ်ဝင်စား)ကာ "ယုတ္တံဂဏှေယျပညဝါ"ဟု မှာဆိုသည့်အတိုင်း လောကယုတ္တိ၊ သဘာဝယုတ္တိရှိရာကိုသာ သာရအားဖြင့် မှတ်ယူကြရာသည်။

**ယုတ္တာ ယုတ္တံ ဝိစိန္တေယျ၊ယုတ္တံ ဂဏှေယျ ပညဝါ၊အယုတ္တံ စေ ဝိသဇ္ဇေယျ၊မာနဒေါသံ န စာကရေ။**

ပညာဝါ၊ ပညာရှိသူခမိန်သည် **ယုတ္တာ ယုတ္တံ**၊ သင့်၊ မသင့်ကို **ဝိစိန္တေယျ**၊ ဉာဏ်ဖြင့်ချိန်ကာကြံဆ ရာ၏။ **ယုတ္တံ**၊ အသင့်ယုတ္တိရှိသော အရာကို။ **စေ ပဿတိ**၊ အကယ်၍များ တွေ့မြင်ငြားအံ့။ **စေ**၊ ဤသို့တွေ့မြင်ခဲ့သည်ရှိသော်။ **ဂဏှေယျ**၊ မှတ်ယူရာ၏။ **အယုတ္တံ** မသင့်သော အချက်ကို။ **ဝိသဇ္ဇေယျ**၊ စွန့်ပစ်လိုက်ရာ၏။ **မာနဒေါသံ**၊ ငါတစ်ယူကား၊ ဤမည်သောပညာရှိကြီးပါတကားဟု ပလွှားသောအမျက်မာန်ကို။ **န စ ကရေ** "တုတ်ထိုး၊ အိုးပေါက်"ပုံကိုထောက်၍ ကမောက်ကမ မပြုကျင့်ရာ သတည်း။

## ပြန်လည်တည်ဆောက်ပြီးသော
## ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ သမိုင်းကဏ္ဍသစ်

လွန်ခဲ့သောသက္ကရာဇ်(၁၂၇၉)ခုနှစ်၊ ပထမဝါဆိုလဆုတ်(၂)ရက် ကြာသပတေးနေ့ နံနက်အရုဏ်တက်(၄)နာရီ(၄၅)မိနစ်၊ အချိန်တွင် ပထမ မြေငလျင်တုန်လှုပ်ပြီးနောက် အတန်ငယ်ရပ်ဆိုင်းသွားပြီးလျှင်(၁)မိနစ်မျှ အကြာတွင် အလွန်ပြင်းထန်သောငလျင်ကြီး ထပ်မံတုန်လှုပ်၍ လာပြန်ရာ ပဲ့တင်သံ၊ တော်လည်းသံ၊ မြည်ဟည်း၍ ထီးတော်ကြီးတွင် တပ်ဆင်ထား သောဆွဲလည်းသံများ သောသောညံပေါ်ထွက်လာပြီးနောက် တစ်ပြိုင် နက် စေတီတော်မြတ်ကြီး၏ငုက်ပျောဖူးမှအစ အောက်ကြာလံ၊ ကြာနှ၊ ကြာမှောက်မှစ၍ ခေါင်းလောင်းပုံအထက်ဖောင်း(၃)ရစ်အထိ အရှေ့ရပ် တနင်္လာဘက်မှ တနင်္ဂနွေထောင့်သို့ အနည်းငယ်ယွန်းကာ မြင်းမိုရ်တောင် ကြီး ပြိုလဲသည့်အလားကဲ့သို့ ပြိုကျပျက်စီးခဲ့ရလေသည်။ ထိုသို့ပြိုကျပျက် စီးရသည်မှာ ဘိုးတော်မင်းတရားကြီးတည်ဆောက်ပြီးသည့်အချိန်မှ ပထမဆုံးအကြိမ်ဟု ယူဆဖွယ်ဖြစ်၏။ စေတီတော်ပြိုပျက်သည့်အကြောင်း ခြင်းရာနှင့်စပ်လျဉ်း၍ ပညာရှိတို့ဖွဲ့ဆိုကြသောကဗျာများအနက် မဟာ ဗောဓိသတင်းစာပါ–

### တုသိတာမှ ဒါယကာသိဘူးထင့် ဝိတိကဗျာ

**နော၊ သတ္တာ၊ ဒွေးဧေပ၊ ရှေးသက္ကရာဇ် ကိန်းညီ၊**
**ဝါဆိုလ ပုဗ္ဗမီဝယ်၊ ကျော်တိတိ ၂ ရက်။**
**မှသီက ကြွက်ရာဇာ၊ ဗြိုဟ်ဖီဝါ ထွန်းသည့်နံနက်။**
**ဟံသာကွန့် မော်ဓောရှင်ကို၊ တော်ငလျင်ဖြိုဖျက်။**
**ဖောင်သံဂီ အထက်သို့၊ ထီးရွှေခွက်ဆုံးတိုင်။**

**ခြည် ခြောက်ရောင်မြေဝယ်လူး၊ မြစိန်ဖူး ညွှတ်လို့သာယိုင်။**
***ကောဝိဠ နန်းပိုင်ငယ်၊ ကယ်နိုင်လျှင်ကယ်ပါအုံး(ငယ်)လို့။**
**ပြည်လုံး ဋိယိကာ၊ လူး၍မြေမှာ။**
**ဘုံလေးဆင့်"တုသိတာ"တွင် ဒါယကာ သိဘူးထင့်လေး။**

ထိုအချိန်ကာလက ပြိုကျပျက်စီးခဲ့သောစေတီတော်မြတ်ကြီး၏ ဉာဏ်တော်မှာ(၁၉၈)တောင်မြင့်မားခဲ့၏။ ၎င်းအချိန်က ပြိုကျသောငှက်ပျောဖူးကြီးမှာလည်း အလွန်ခိုင်ခံခြင်းများကြောင့် တစ်စုံတစ်ရာ ကွဲအက်ပျက်စီးခြင်းမရှိပေ။ ဘိုးတော်မင်းတရား၏ ကောင်းမှုတော်ဖြစ်သောအဆိုပါငှက်ပျောဖူးကြီးကိုနောင်လာနောက်သားအများပြည်သူတို့ ကြည်ညိုပူဇော်ဖူးမြော်နိုင်ကြစေရန် ရည်သန်၍ ဂေါပကဘဏ္ဍာတော်ထိန်းလူကြီးများက ဖယ်ရှားဖျက်ဆီးခြင်းမပြုဘဲ မူလနေရာတွင်ပင် အလိုက်သင့်တည်နေသည်ကို လက်ရှိဂေါပကအဖွဲ့ဝင်လူကြီးများကလည်း ယခုစေတီတော်ကြီး ပြန်လည်တည်ဆောက်ရာ၌ မူလအတိုင်းပင်ဆက်လက်ထားရှိရန် ပြဋ္ဌာန်းဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ခေါင်းလောင်းပုံအထက်ဖောင်း(၃)ရစ်က ပြိုကျပျက်စီးခဲ့သော စေတီတော်ကြီးကို ဂေါပကဘဏ္ဍာတော်ထိန်းလူကြီးများနှင့်ကွယ်လွန်သူ အင်ဂျင်နီယာဦးကျန်စသောအပေါင်းပါပြည်သူ/သားဗုဒ္ဓဘာသာဝင်တို့သည် ခေါင်းလောင်းပုံပန်းဆွဲအထက်မှ ဆက်၍ ဗဟိုတွင် သံတိုင်စိုက်ထူပြီး ခေါင်းပွဲပြုလုပ်တည်ဆောက်ခဲ့ကြရာ (၁၂၈၂)ခုနှစ်အတွင်းမှာ ပြီးစီးအောင်မြင်၍ ထီးတော်တင်ပွဲကြီးကိုပင် ဆင်နွှဲနိုင်ခဲ့ကြပါသည်။ ထိုစဉ်က ဘိုးတော်မင်းတရားကြီးတည်ဆောက်လှူဒါန်းခဲ့သောသော ဉာဏ်တော်ထက်(၄တောင်၂မိုက်)မြှင့်၍ တည်ဆောက်ပြုပြင်ခဲ့ခြင်းကြောင့် ထိုစေတီတော်သစ်ကြီး၏ ဉာဏ်တော်မှာ(၂၀၂)တောင်၊(၂)မိုက်အထိမြင့်မားကာ လွန်စွာသပ္ပာယ်ကြည်ညိုဖွယ်ရာ ကောင်း



၁၂၉၂–ခုနှစ် ကဆုန်လဆန်း ၉–ရက်နေ့ ည ၈ နာရီ ၁၅ မိနစ် အချိန် မြေငလျင်ဒဏ်ဖြင့်
ပြိုပျက်ပြီးနောက် ရိုက်ကူးထားသော ပုံတော်

လှပေသတည်း။

## (၁၂၉၂)ခုနှစ် ငလျင်ဘေးဒဏ်

လင်းသို့ကြည်ညိုဖွယ်ကောင်းသည့်အလျှောက် ပဲခူးမြို့သူ၊ မြို့သားများနှင့်တကွ နိုင်ငံတော်အတွင်းရှိ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့မှာ ကြည်ညိုဖူးမြော်၍ပင် ရောင့်ရဲတင်းတိမ်ခြင်းမရှိသေးမီ (၁၂၉၂)ခုနှစ်၊ ကဆုန်လဆန်း(၉)ရက်၊ ည(၈)နာရီ(၁၅)မိနစ်အချိန်တွင် တော်လည်း ပဲ့တင်မြည်ဟည်းကာ သည်းထန်ပြင်းပြစွာ မြေငလျင်တုန်လှုပ်ပြန်ရာ ထိုထီးတော်ကြီးမှာ အောက်ပထမပစ္စယာအထိ အကြီး၊အကျယ်ပျက်စီးပြိုကျပြီး မြေခတော်မူရရှာပြန်လေသည်။ ထိုသို့ငလျင်ဘေးဒဏ်ကြောင့် ရွှေတောင်ကြီးသဖွယ် အလွန်သပ္ပာယ် တင့်တယ်လှသော စေတီတော်မြတ်ကြီးအား အသစ်တစ်ဖန်ပြန်လည်တည်ဆောက်ရန် နည်းအမျိုးမျိုးဖြင့်ဂေါပက၊ ဘဏ္ဍာတော်ထိန်းလူကြီးများက ကြိုးပမ်းအားထုတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် မအောင်မြင်ဘဲဖြစ်ခဲ့ရသည်မှာ ကြေကွဲဖွယ်ရာတည်း။

## ဘီလူးရန်နိုင်ရုပ်ပွားတော်နှင့် ယက္ခမယ်တော်

ခရစ်နှစ်ဘီစီ(၃၁၈–၂၆၅)ကာလအတွင်း သုဝဏ္ဏဘူမိသထုံပြည်တွင် ထီးနန်းစိုးစံတော်မူသော သီရိမာသောကရာဇာ(ဒုတိယ)လက်ထက်တွင် အိန္ဒိယနိုင်ငံ၌ သီရိဓမ္မာသောကမင်းကြီးတတိယသံဃာယနာတင်ပြီးကာလ ကိုးတိုင်း၊ ကိုးဌာနသို့ ဗုဒ္ဓသာသနာပြု ရဟန်းတော်များကြွရောက်ကြသည်။ သုဝဏ္ဏဘူမိသထုံပြည်သို့ ဘီစီ(၃၀၈)ခုနှစ်၊ သာသနာ(၂၃၅)ခုနှစ်တွင် သောဏထေရ်၊ ဥတ္တရထေရ်၊ အနုရုဒ္ဓထေရ်၊ သောမယထေရ်၊

ကိသဂုတ္တ(ဝါ) တိဿဂုတ္တထေရ်(၅)ပါးတို့ ကြွရောက်လာကြသည်။ ထိုစဉ်က သထုံမြို့တစ်ဝိုက် ပင်လယ်တွင် ရေဘီလူးမတစ်ယောက်သည် နန်းတွင်းမှမွေးဖွားသော ကလေးငယ်များကို ညစဉ်လိုလိုလာရောက်ဖမ်းစားနေကြောင်း သတင်းကြီးနေပေသည်။ ရှင်သောဏနှင့် ရှင်ဉတ္တရမထေရ်တို့မရောက်မီညတွင် နန်းတွင်းမိဖုရားကြီးမှ သားတော်တစ်ပါး ဖွားမြင်ခဲ့ရာ နန်းတွင်းသားတို့က ဘီလူးမရန်ကိုကြောက်၍ အိပ်ဖန်စောင့်ကြရသည်။ အဖြစ်အပျက်ကို တွေ့မြင်ကြသဖြင့် ဗုဒ္ဓသာသနာပြုရန်၊ တစ်ပါးသူအသက်အန္တရာယ်ပြုမည် မဟုတ်ကြောင်း မထေရ်နှစ်ပါးက ပြည်သူတို့ရေဘီလူးမရန်မှ ကင်းဝေးစေရန် အန္တရာယ်ကင်းပရိတ်ရွတ်၍ မနုဿီဟပုံဖန်ဆင်းရာ ရေဘီလူးများ ပင်လယ်ဘက်ပြေးဆင်းကြကုန်သည်။

ရေဘီလူးအန္တရာယ်မှကင်းဝေးကြပြီးနောက် သံဃာတော်မထေရ်ကြီးများက ဗြဟ္မဇာလသုတ်ကို ဟောကြားရာအနယ်နယ်အရပ်ရပ်မှ ပရိတ်သတ်များ လာရောက်နာကြားကြရာ ပြည်သူ(၆၀,၀၀၀)ကျော်မှာ တရားဓမ္မ၌ တည်မြဲကြသည်။ ယောကျ်ား(၃,၅၀၀)ရဟန်းပြုကြပြီး၊ မိန်းမ(၁,၅၀၀)ကျော် ဘိက္ခုနီမ ဝတ်ကြကုန်သည်။ ထိုအချိန်မှစ၍ ထေရဝါဒဗုဒ္ဓသာသနာတော်သည် ရာမညတိုင်းတစ်ခုလုံးပျံ့နှံ့လေတော့သည်။

စူဠသီရိမာသောကမင်းကြီးသည် သာသနာတော်အား အတိုင်းထက်အလွန် ကြည်ညိုလွန်းသည်ဖြစ်၍ သာသနာတော်ထွန်းကားစေရန် ပျိုးထောင်ပေးခဲ့သော အရှင်သောဏနှင့် ဉတ္တရမထေရ်ကို (၂)ပါးတို့ရေဘီလူးကို အောင်နိုင်သည့်အထိမ်းအမှတ်အဖြစ် ဘီလူးရုပ်ပလ္လင်ခံ သည့်ဘီလူးရန်နိုင်ဗုဒ္ဓဆင်းတုတော်ကို သွန်းလုပ်၍ နန်းတော်၌ကိုးကွယ်သမှုပြုခဲ့သည်။

ပလ္လင်၌ ဘီလူးရုပ်ထုထားသောဘီလူးရန်နိုင်ဗုဒ္ဓရုပ်ပွားတော်ကို




**ဆုတောင်းပြည့် ဘီလူးရန်နိုင်ရုပ်ပွားတော်မြတ် နှင့် ယက္ခမယ်တော်**

စေတီတော်ကြီး သောကြာထောင့် ဒုတိယပန်းတင်ခုံရှိ တန်ဆောင်းတော်တွင်
ရုပ်ပွားတော်မြတ် စံပယ်တော်မူသည်။




ဆုတောင်းးပြည့် ဘီလူးရန်နိုင်ရုပ်ပွားတော်မြတ် နှင့် ယက္ခမယ်တော်

စေတီတော်ကြီး သောကြာထောင့်၊ ဒုတိယပန်းတင်ခုံရှိ တန်ဆောင်းတော်တွင်
ရုပ်ပွားတော်မြတ် စံပယ်တော်မူသည်။

လည်း သွားတော်ဓာတ်ထည့်ရာ ရွှေအိုးနှင့်အတူ ပဲခူးတွင် တိုက်စေတီ တည်ထား၍ ပူဇော်သည်။ ထိုတိုက်စေတီတော်ကို **မဓဝါစေတီ** ဟု သမုတ်ပြီးသော် သာသနာနှစ်(၂၃၈)ခုနှစ်တွင် ရေစက်ချလှူဒါန်းသည်။ ဘီလူးရန်နိုင်ရုပ်ပွားတော်ပျက်စီးမည်ကို စိုးရိမ်၍ မြောက်ဘက်ပန်းတင်ခုံ အတွင်းသွင်းကာ ဌာပနာတော်မူသည်။ ထိုရုပ်ပွားတော်ရှိရာနေရာကိုသိရှိစေရန် ခေါင်းလောင်းပုံအထက်ပိုင်း မြောက်အရပ်တည့်တည့် ပန်းဆွဲတွင် ဘီလူးရုပ် ထည့်သွင်းစေ၏။ မြောက်အရပ်တွင်ထားရှိရခြင်းမှာ နတ်မင်းကြီး(၄)ပါးအနက် ကုဝေရဘီလူးနတ်မင်းသည် မြောက်အရပ်ကို စောင့်ရှောက်သဖြင့် ဘီလူးရုပ်ကို မြောက်ဘက်အရပ်၌ ထားရှိခြင်းဖြစ်သည်ဟု မှတ်ယူရန်ရှိပေသည်။

နောက်ဆုံးလူပ်ခဲ့သည့် (၁၂၉၂)ခုနှစ်က ငလျင်သည် ဘုရား၏ပန်းဆွဲတွင် ယခင်ကတည်ရှိခဲ့သည့်ဘီလူးရုပ်(ယခုအခေါ် ယက္ခမယ်တော်)သည် ယခုမြောက်ဘက်အထက်ပစ္စယံတွင်ကျရောက်ခဲ့ရာ ရောက်ရှိသည့်နေရာတွင်ပင် လူအများဖူးမျှော်နိုင်ရန် ပြုပြင်မွမ်းမံခဲ့သည်။ ဘီလူးရန်နိုင်ရုပ်ပွားတော်သည်လည်း ဘုရားပြိုကျစဉ်က အုတ်များအကြားတွင် ပြန်လည်တွေ့ရှိ၍ ယခုဖူးမြင်ရသည့်ဘီလူးရုပ်၏အထက်တွင် ဘီလူးရုပ်ခံပလ္လင်ဖြင့် အပူဇော်ခံလျက် စံပယ်တော်မူနေသည်ကိုတွေ့ရှိကြရပေသည်။ ဘီလူးရန်နိုင်ရုပ်ပွားတော်၏ မူလအလှူဒါယကာ သထုံဘုရင်စူဠသီရိမာသောကမင်း(ဘီစီ ၃၁၈–၂၆၅)၏ရုပ်တု ဦးခေါင်းတော်ကို ရွှေမော်ဓောဘုရားပြတိုက်တွင် အများလေ့လာနိုင်ရန်ပြသထားရှိသည်။

ဘေးရန်ကာကွယ်ရန်၊ လုပ်ငန်းအောင်မြင်ရန် ဆုတောင်းပြည့်ကြောင်း ပြည်တွင်းပြည်ပဘုရားဖူးများက ယုံကြည်အားကိုးကြသည်။

## ပန္နက်တင်နှင့် အုတ်မြစ်ချမင်္ဂလာ

### ပြည်ထောင်စု

၁ ။ မည်သို့ပင်ဖြစ်စေကာမူ ဂေါပကဘဏ္ဍာတော်ထိန်းလူကြီးများမှာ မလျှော့သောလုံ့လဖြင့်စေတီတော်မြတ်ကြီးအား တစ်နည်းနည်းဖြင့် တည်ဆောက်တော့မည်ဟု ချမှတ်သန္နိဋ္ဌာန်အရ သက္ကရာဇ်(၁၃၀၉)ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ (၂၄–၁–၄၈)စနေနေ့ နံနက်(၉)နာရီ (၁၅)မိနစ်အချိန်တွင် နိုင်ငံတော်သမ္မတကြီး စပ်ရွှေသိုက်နှင့်တကွ အစိုးရအဖွဲ့ဝင်တို့ ကိုပါဖိတ်မန္တကပြု၍ သမ္မတကြီးစပ်ရွှေသိုက်ကိုယ်တိုင်က ပြန်လည်တည်ဆောက်မည့် စေတီတော်မြတ်ကြီး၏ပန္နက်များကို မင်းခမ်းမင်းနားများဖြင့် ခမ်းနားသိုက်မြိုက်စွာရိုက်နှက်စိုက်ထူခဲ့ပြီး၊ နောက်တဖန် သက္ကရာဇ်(၁၃၁၃)ခုနှစ်၊ ဦးတန်ခူးလဆန်း(၁၄)ရက်၊ သောကြာနေ့ မွန်းတည့်(၁၂)နာရီအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ရင်ပြင်တော် ကြာသပတေးထောင့်တွင် အုတ်မြစ်ချမင်္ဂလာအခမ်းအနားသစ်တစ်ရပ်ကို ဆင်ယင်ကျင်းပပြန်ရာ အထူးပင်စည်ကားလှကြောင်း။

၂ ။ (၁၃၁၃)ခုနှစ်၊ ဝါခေါင်လပြည့်တနင်္လာနေ့(၁၂)နာရီအချိန် တွင် ဂေါပကအဖွဲ့မှ မြို့လုံးကျွတ်အစည်းအဝေးတစ်ရပ်ကျင်းပပြီးလျှင် ဂေါပကဘဏ္ဍာတော်ထိန်းလူကြီးများနှင့် မြို့ပေါ်မှပုဂ္ဂိုလ်ကြီးများပါဝင် သည့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ကြီးဖွဲ့စည်းကာ စိတ်အားထက် သန်စွာနှင့် စေတီတော်မြတ်ကြီးကို ပြန်လည်တည်ဆောက်ရန် ကြိုးစား ခဲ့ကြသေး၏။ သို့ရာတွင်၎င်းပုဂ္ဂိုလ်များ၏ ကြိုးပမ်းမှုမှာ ထမြောက်အောင်မြင်သင့်သလောက်အောင်မြင်ခြင်းမရှိဘဲလျက်ရှိနေရကား စေတီတော်မြတ်ကြီးပြန်လည်တည်ဆောက်ရေးကြီးထမြောက်အောင်မြင်ခရီး ရောက်ရှိရေးကို ရည်သန်ကာ ဂေါပကဘဏ္ဍာတော်ထိန်းလူကြီးများနှင့် ပြန်လည်



ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီးအား တနင်္လာထောင့်မှ ဖူးမြော်ရပုံ

တည်ဆောက်ရေးအဖွဲ့ဝင်လူကြီးများကို တိုင်ပင်ဆွေးနွေး အကြံဉာဏ်များ ယူရန် တရားလွှတ်တော်ချုပ်တရားဝန်ကြီး ဒေါက်တာဦးအေးမောင်၊ ဟသ်ာတဦးမြ၊ အင်ဂျင်နီယာချုပ်ဦးကျော်စိန်၊ မီးသတ်ဌာန ညွှန်ကြား ရေးအတွင်းဝန် ဦးလှကျော်စသည့် ပုဂ္ဂိုလ်များကြီးများကို ဝန်ကြီးချုပ် က တာဝန်ပေးခဲ့သည်။ ၎င်းပုဂ္ဂိုလ်များသည် ပဲခူးသို့အကြိမ်ကြိမ် လာရောက် ပြီးလျှင် အဆိုပါအဖွဲ့ဝင်လူကြီးများနှင့် စေ့စပ်ဆွေးနွေးတိုင်ပင်၍ နောက် ဆုံး၌ ၎င်းတို့၏ အစီရင်ခံချက်အရ ဝန်ကြီးချုပ်က တရားရေးဝန်ကြီး ဒေါက်တာဦးအေးမောင်မှတစ်ဆင့် စေတီတော်မြတ်ကြီးတည်ဆောက် ရေး၊ ထမြောက်အောင်မြင်ရေးကို အဓိကထားလျက် လက်ရှိခေတ်မီသော ဘဏ္ဍာတော်ထိန်း စကင်းဥပဒေကိုပြင်ဆင်ပြီး ဂေါပက ဘဏ္ဍာတော် ထိန်းအဖွဲ့နှင့်တကွ ပြန်လည်တည်ဆောက်ရေးအဖွဲ့ကိုပါ ဖျက်သိမ်းသည်။ နိုင်ငံတော်အစိုးရကခန့်အပ်သောပုဂ္ဂိုလ်(၃)ဦး၊ ဂေါပကဘဏ္ဍာတော်ထိန်း အဖွဲ့မှရွေးကောက်တင်မြှောက်အပ်ပုဂ္ဂိုလ်(၃)ဦးနှင့် ပြန်လည်တည် ဆောက်ရေးအဖွဲ့မှ ရွေးကောက်တင်မြှောက်အပ်သော ပုဂ္ဂိုလ်(၃)ဦး၊ ပေါင်း(၉)ဦးပါဝင်သောအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်း၍ ပြန်လည်တည်ဆောက် ရေးလုပ်ငန်းကြီးကို ဆက်လက်ဆောင်ရွက်သွားက သင့်လျော်ပေလိမ့် မည်ဟူ၍ အကြံဉာဏ်ဖြင့် မေတ္တာရပ်ခံချက်ကို လိုက်လျောသဘောတူ ညီကြလေသည်။ (၁၉၅၂)ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ပဲခူးခရိုင်၊ တရားမ တရားသူကြီးရုံးတော်၌ နိုင်ငံတော်အစိုးရရှေ့နေချုပ် ကြီး ဦးချန်ထွန်း က တရားလိုပြုလုပ်ကာ လက်ရှိဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ စကင်း ဥပဒေနှင့် ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့တို့ကို ဖျက်သိမ်းပြီးလျှင်–

(၁) ပဲခူးခရိုင်ဝန်

(၂) ပဲခူးခရိုင်အင်ဂျင်နီယာ

(၃) ပင်စင်ရအရေးပိုင်ဦးဘဖိုး

(၄) လူမျိုးစုလွှတ်တော်အမတ်ဦးထွန်းမောင်

(၅) အထက်တန်းရှေ့နေဦးထွန်းမြင့်

(၆) အထက်တန်းရှေ့နေဦးအောင်သိန်း

(၇) သစ်စက်ပိုင်ရှင်ဦးကျော်စိန်

(၈) ဆန်စက်ပိုင်ရှင်ဦးသိန်းဖေ

(၉) ဆန်စက်ပိုင်ရှင်ဦးဘချစ်တို့အား စကင်းဥပဒေသစ်အရ ဂေါပကဘဏ္ဍာတော်ထိန်းလူကြီးများအဖြစ်ခန့်ထားရန် တရားစွဲဆိုရာ ပဲခူးခရိုင် တရားမတရားလူကြီးက (၁၉၅၂ ခုနှစ်၊ ဧပြီလ(၂၅)ရက်နေ့တွင် ၄င်း၏ စွဲဆိုချက်ကိုလက်ခံ၍ဒီဂရီချမှတ်ပေးခဲ့၏။

**အုတ်မြစ်စီ**

(၁)။ ဂေါပကဘဏ္ဍာတော်ထိမ်းအဖွဲ့ စကင်းဥပဒေသစ်အရ ခန့်ထားခြင်းခံရသောဂေါပကဘဏ္ဍာတော်ထိန်းလူကြီးများသည် စိတ်စေတနာထက်သန်စွာဖြင့် စေတီတော်မြတ်ကြီး၏ တည်ဆောက်ရေး လုပ်ငန်းများ ကို မနားမနေကြိုးစားဆောင်ရွက်လာခဲ့ကြသည်များ၏။ အရေးကြီးသောလုပ်ငန်းရပ်များအနက် အင်ဂျင်နီယာချုပ်ဦးကျော်စိန်၏ ညွှန်ကြားချက်အရ စေတီတော်မြတ်ကြီး၏ရင်ပြင်တော်တစ်ပိုက်၌(၁၃၄ပေ)မျှနက်သော အုတ်မြစ်ကျင်းကြီးများ(၃၂)ကျင်းကို တူးကာ ၄င်းကျင်းကြီးများ အတွင်း မီးရထားသံလမ်းမြောက်များစွာချ၍ ကွန်ကရစ်လောင်းပြီး ၄င်းကျင်းကြီးများမှတစ်ဆင့် သံလမ်းများဖြင့်ခံတုံး၊ ပန်းတင်ခုံများမှသည် ပစ္စယာများသို့ ကျားကန်မြောင်း(၃၂)မြောင်းတူးကာ ကွန်ကရစ်လောင်းခြင်း လုပ်ငန်းများ ပြီးစီးခဲ့သည်။ ထိုနောက်စေတီတော်မြတ်ကြီး၏ပန်းတင်ခုံများကို ထပ်မံ၍ အုတ်ရိုးစီခဲ့ရာ ပြီးစီးသွားပြီဖြစ်၍ သက္ကရာဇ်(၁၃၁၄)ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ နံနက်ခင်းမှာ မင်္ဂလာအခါရသည့်အားလျော်စွာ စေတီ

တော်မြတ်ကြီး၏ ပထမပစ္စယာအခြေမှ အုတ်မြစ်လောင်းပြီးလျှင် လုံးပတ်တော်ကြီးကို မင်္ဂလာအခမ်းအနားဖြင့် စတင်အုတ်မြစ်ချခဲ့လေသည်။ အဆိုပါ အခမ်းအနား၌ မြတ်စွာဘုရားအမှူးရှိသောထေရ်သံဃာတော် ဆရာတော်ကြီးများအား ဆွမ်းဘောဇဉ်ခဲဖွယ်တို့ဖြင့် နတ်သိကြားများအား လည်း အမျှအတန်းဝေငှ တည်ဆောက်လုပ်ငန်းကြီး အောင်မြင်ထမြောက် ရေးကို ယိုင်းပင်းကူညီပါရန် မေတ္တာရပ်ခံကြသည်။ ၄င်းနေ့မှာ အဘိဓမ္မာအခါတော်နေ့ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားရှိသော နေ့ထူးနေ့မြတ်နှင့် လည်း ကြုံကြိုက်နေသည့်အတိုင်း အဘိဓမ္မာနေ့အခါတော်ကိုပါ ဆင်ယင်ကျင်းပခဲ့သည်။

## ဌာပနာတိုက်

၄ ။ အထက်ဖော်ပြပါ အုတ်မြစ်ကျင်းကြီးများတူးဖော်ရာတွင် ရင်ပြင်တော်တစ်ဝက်၌ အများမမျှော်လင့်ဘဲလျက် ရာဇဝင်လိုက်စားသောပုဂ္ဂိုလ်များအတွက် တန်ဖိုးရှိသည့်ရှေးဟောင်းသာသနာရေးအဆောက်အဦများကို တွေ့ရသည်။ ပန်းတင်ခုံမှလည်း ရှေးကျသောရုပ်ပွားပုထိုးတော်မြောက်မြားစွာတွေ့ရှိရသည်။ ထိုသို့ထူးဆန်းအံ့သြဖွယ်ကောင်းလှသည့်ရှေးအဆောက်အဦများနှင့် ရုပ်ပွားတော်စသည့်များကို ကြည့်ရှုဖူးမြော်ရန်၊ ၄င်းမြေကျင်းကြီးများအတွင်းသို့ ပြန်လည်မြေမျှော်ဖို့၍ ကွန်ကရစ် မလောင်းမီကာလအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးများ အပြင် အရပ်ရပ်ဘုရားဖူးများလာရောက်ကြသည်မှာ အထူးပင်စည်ကားခဲ့ ပေ၏။ တူးဖော်ရာမှ ရရှိသောရှေးဟောင်းပုထိုးတော်များအနက် အချို့ကို စေတီတော်မြတ် ကြီး၏ ပဌမပစ္စယာရှိ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနှင့် ရာဟုထောင့်စသည့်ထောင့်များ၌ ကိန်းဝပ်စံပျော်တော်မူရန် ထပ်မံဌာပနာပြီး ကျန်အချို့မှာ စက်ပိုင်ရှင် ဒေါ်မြ၏ဂန္ဓကုဋီတိုက်သစ်နှင့် ဦးဘရီ

၏တန်ဆောင်းများတွင် ဌာပနာတိုက်သို့မပင့်ဆောင်မီ ယာယီကိန်းဝပ်စံပယ်လျက်အများပြည်သူတို့၏ ကြည်ညိုဖူးမြော်ခွင့်ပြုပြီးခဲ့ပါကြောင်း။

**အစိုးရနှင့်ပြည်သူ**


၅ ။ ဤစေတီတော်မြတ်ကြီးပြန်လည်လည်ဆောက်ရာ၌ လိုအပ်သော သံထည်အင်ဂျင်စက်စသောပစ္စည်းများကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု အမှူးရှိသော နိုင်ငံတော်အစိုးရ၏ကူညီမှုကြောင့် ရန်ကုန်မြို့ကုက္ကိုင်းရှိ လျှပ်စစ်ပစ္စည်းများ ပိုလျှံရောင်းဝယ်ရေးဘုတ်အဖွဲ့မှ ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့သို့ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြပါသည်။ ထပ်မံလိုအပ်သော မီးရထားသံလမ်းများရရှိရေးကိစ္စအတွက် အခက်အခဲနှင့်ကြုံတွေ့နေပြန်ရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ ကူညီချက်အရ မီးရထားသံလမ်းအဟောင်းများ တန်ချိန်(၂၀၀)ကို စေတီတော်မြတ်ကြီး တည်ဆောက်ရာ၌ အသုံးပြုရန်လှူဒါန်းခဲ့လေသည်။ ဤဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးပြန်လည်တည်ဆောက်ရေးအတွက် မူလကငွေ(၁၀)သိန်းမျှကိုသာ လှူဒါန်းရန်နိုင်ငံတော်အစိုးရက ကြေညာထားပြီးဖြစ်သော်လည်း မြေငလျင်ဘေးဒဏ်ကြောင့် မြေသို့ခရာ၍ နှစ်ပေါင်း(၂၀)ကျော်မျှပြန်လည်တည်ဆောက်ခြင်းငှာမစွမ်းနိုင်ခဲ့သော စေတီတော်မြတ်ကြီးအား ဤအကြိမ်တွင် မည်သည့်နည်းနှင့်မဆို ထမြောက်အောင်မြင်စွာပြန်လည်တည်ဆောက်တော့မည်ဟု ပြင်းပြလှသောစေတနာ ပြဌာန်းအပ်သည့်အလျောက် အဆိုပါငွေ(၁၀)သိန်းမျှနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိပါ။ **ယင်းသို့ ပြန်လည်တည်ဆောက်ရာတွင် အကန့်အသတ် မရှိ၊ ကုန်ကျငွေများကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း နှင့် နိုင်ငံတော်အစိုးရက ထပ်မံအတိအလင်းကြေညာပြီး** ပြည်ထောင်စုနိုင်ငံတော် အတွင်းရှိ ဗုဒ္ဓဘာသာဝင်များ၏ ကိုယ်စား ဂေါပက




စိန်ဖူးတော်အောက်ပန်းလည်တိုင်(အမြင့် ၅၉လက်မ)
(က) အပေါ်ပိုင်းတွင်ပါရှိသည့် ဗုဒ္ဓရုပ်ပွားတော် လေးဆူ
(ခ) အောက်ပိုင်းတွင်ပါရှိသည့် နတ်မင်းကြီးလေးပါး
တို့အား အနီးကပ် ဖူးမြော်တွေ့မြင်ရပုံ




စိန်ဖူးတော်အောက်ပန်းသည်တိုင်(အမြင့် ၅၉လက်မ)
(က) အပေါ်ပိုင်းတွင်ပါရှိသည့် ဗုဒ္ဓရုပ်ပွားတော် လေးဆူ
(ခ) အောက်ပိုင်းတွင်ပါရှိသည့် နတ်မင်းကြီးလေးပါး
တို့အား အနီးကပ် ဖူးမြော်တွေ့မြင်ရပုံ



ရွှေမော်ဓောစေတီတော်ကြီး ၏ ငှက်မြတ်နားတော် အား ဒုတိယအကြိမ်
ပြုပြင်မွမ်းမံရန် မြေပြင်သို့မပင့်ဆောင်မီ ဖူးမြော်ရပုံ (၁၉၉၄)
အလျား ၅၄လက်မ၊ အနံ ၂၇.၅လက်မ၊

ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များက နိုင်ငံတော်အစိုးရအား ဝမ်းမြောက်၊ဝမ်းသာ သာဓုအနုမောဒနာပြုပြီးလျှင် ယင်းသို့သောအကူအညီများရရှိမှုကြောင့်တစ်ရပ်၊ စေတီတော်မြတ်ကြီး၏ တန်ခိုးတော်ကြောင့်လည်းတစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ အများပြည်သူတို့ မျှော်လင့်တောင့်တလျက်ရှိကြသော ခန့်မှန်းသည့်(၁၃၁၅)ခုနှစ်၊ တန်ခူးလပြည့်အချိန်မီ ဤဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ထီးတော်တင်ပွဲအောင်မြင်ထမြောက်စွာ ဆင်နွှဲနိုင်ပေလိမ့်ဟု တရားဝန်ကြီး ဒေါက်တာဦးအေးမောင်နှင့် ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များက ယုံကြည် မျှော်လင့်ခဲ့ကြသည့်အတိုင်းလည်း ထမြောက်အောင်မြင်ခဲ့ပါကြောင်း။

**စိန်ဖူးတော်ကြီး**

၆ ။ သက်တော်အားဖြင့်(၂၅၃၇)နှစ်ရှိပြီဖြစ်သောပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးသည် (၁၂၉၂)ခုနှစ်လှုပ်ခတ်ခဲ့သည့်လျှင်ကြောင့် အောက်ခြေပထမပစ္စယာအထိ ဗုန်းဗုန်းလဲပြိုကျပျက်စီးယိုယွင်းခဲ့ရာ သူဌေးဦးစိန်ဝင်း၏ဖခင် ကွယ်လွန်သူ သူဌေးဦးဘိုးလှိုင်လှူဒါန်းသွားသော**(၆၄)ရတီရှိ ထိပ်စိန်ကြီး**တပ်ဆင်လျက်ရှိသည့် စိန်ဖူးတော်ကြီးနှင့် ငှက်ပျောဖူး၊ ငှက်မြတ်နား၊ ရွှေ၊ ငွေ၊ ကျောက် သံပတ္တမြားအစရှိသည်တို့ကို ထိုစဉ်ကာလသမယက ဗုဒ္ဓကိစ္စကြီးကိုဆောင်ရွက်လျက်ရှိသောဂေါပကဘဏ္ဍာတော်ထိန်းလူကြီးများက ရင်ပြင်တော်ရှိ ဘဏ္ဍာတိုက်ဟောင်းတွင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။ ထိုနောက်ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွား၍ ဂျပန်များဝင်ရောက်လာစအချိန်ဖြစ်သော(၁၃၀၃)ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၂)ရက်၊ တနင်္ဂနွေနေ့ နံနက်(၉)နာရီအချိန်တွင် ယင်းစိန်ဖူးတော်ကြီးနှင့်တကွ အဖိုးတန်ရွှေ၊ ငွေ၊ ဆင်းတု၊ ကျောက်သံပတ္တမြားတို့ကို ဂေါပကဘဏ္ဍာတော်ထိန်းလူကြီး ဦးဘဖံ၊ ဦးဘိုးလှ၊

ဦးအောင်ဘော်၊ ဦးအောင်ပွင့်၊ ဦးဘညွန့်၊ ဦးထွန်းမြင့် တို့နှင့် ဂျပန်ခေတ် ခရိုင်ဝန်ဦးသိန်းဟန်စသည့်လူကြီးများက ယင်းပစ္စည်းများကို ချိန်တွယ်၍ စာရင်းအသစ်ပြုလုပ်ထားရှိခဲ့ပါကြောင်း။

## ဓိန့်ဖူးတော်နှင့်ရွှေ၊ ငွေ၊ ဆင်းတုများကို လျှို့ဝှက်စွာထိန်းသိမ်းခဲ့ရပုံ

ထိုနောက်ဂျပန်ခေတ်တွင် အခါမကောင်းသည်ကို အကြောင်းပြု၍ဂေါပကဘဏ္ဍာတော်ထိန်းလူကြီးဦးဘိုးသိန်း၊ ဦးဘိုးကျော်၊ ဦးဘိုးလှ၊ ဦးအောင်ပွင့်၊ ဦးထွန်းတင်၊ ဦးထွန်းမြင့်တို့က ဇေယျဝတီကျောင်းဆရာတော် ဦးတိက္ခိန္ဒြိယနှင့် မြို့ပေါ်မှလူကြီးအချို့တို့ရှေ့တွင် (၁၃၀၄)ခုနှစ်၊ ပြာသိုလဆန်း(၅)ရက်၊ တနင်္ဂနွေနေ့(၁၀)နာရီအချိန်တွင် ထပ်မံစစ်ဆေးပြီး၊ ဘဏ္ဍာတော်တိုက်ဟောင်းအတွင်း မြေအောက်တွင်း အုတ်အင်္ဂတေအလုံခန်းအတွင်း၌ မီးအာမခံသံသေတ္တာကြီးထဲသို့ထည့်၍ လျှို့ဝှက်စွာမြုပ်နှံသိမ်းဆည်းထားသည်။ ထိုသို့သိမ်းဆည်းခဲ့သည့်ဘဏ္ဍာတော်ပစ္စည်းအရပ်များကို (၁၃၁၄)ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁)ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် ရွှေမော်ဓောစေတီတော်ပြန်လည်တည်ဆောက်ရေးအဖွဲ့၏ အစိုးရကိုယ်စားလှယ်တရားဝန်ကြီးသတိုးသီရိသုဓမ္မဒေါက်တာဦးအေးမောင်နှင့် မဟာသီရိသုဓမ္မဟသ်ာတဦးမြတို့၏ ရှေ့မှောက်တွင် ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များကိုယ်တိုင် ကြည့်ကြပ်အုပ်ချုပ်ကာ လက်နက်ကိုင်ရဲအဖွဲ့သားများ၏အစောင့်အရှောက်နှင့် စတင်တူးဖော်ကြသည်။ မြေအောက်(၁၈)ပေအနက်ခန့်တွင် အုတ်ကန်ပြုလုပ်၍ သံဇကာများဖြင့် ကာရံထားရာ စက်ဖြင့်ခဲယဉ်းစွာတူးဖော်ပြီးမှ ကရိန်းခေါ်မောင်းကုတ်ဖြင့်ကုတ်ယူပြီးကာ ဘဏ္ဍာတော်တိုက်သစ်သို့ ပြောင်းရွှေ့သိမ်းဆည်းထားသည်။ (၁၃၁၄)ခု၊ တန်ခူးလဆန်း(၆)ရက်နေ့တွင် သံသေတ္တာအတွင်းရှိ ဘဏ္ဍာ



ရွှေမော်ဓောစေတီတော်ကြီး ၏ စိန်ဖူးတော် အား ဒုတိယအကြိမ်
ပြုပြင်မွမ်းမံရန် မြေပြင်သို့မပင့်ဆောင်မီ ဖူးမြော်ရပုံ (၁၉၉၄)
အမြင့် ၂၂လက်မ၊ လုံးပတ် ၃၄လက်မ၊




' သမ္မိုင်းဝင် သံသေတ္တာကြီး '

ကောဇာ ၁၃၀၄၊ ခရစ် ၁၉၄၂ ခု၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရွှေမော်ဓောစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် အဖိုးတန်ရွှေငွေ ဆင်းတုတော်များ ကျောက်သံပတ္တမြားစသည့် ပစ္စည်းများ လုံခြုံရေးအတွက် ဘဏ္ဍာတော်တိုက်ပောင်း အတွင်း မြေအောက်အခန်းတွင် လျှို့ဝှက်စွာ သိမ်းဆည်းခဲ့စဉ်က အသုံးပြုခဲ့သော သံသေတ္တာကြီး

(ရွှေမော်ဓောပြတိုက်ရှေ့တွင်ရှိသည်)

တော်ပစ္စည်း အရပ်ရပ်တို့ကို ပဲခူးမြို့ပေါ်မှ ရွှေ၊ ငွေပန်းတိမ်ဆရာကြီးများ၊ မြို့မိမြို့ဖလူကြီးကိုယ်စားလှယ်များ ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များနှင့် ဘဏ္ဍာရေးတာဝန်ခံအဖွဲ့ဝင်များ၏ရှေ့တွင် လက်ရှိစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရာ မှန်ကန်စွာတွေ့ကြရပါသည်။ ယင်းဘဏ္ဍာတော် စိန်ဖူး၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ကို ဘဏ္ဍာတော်တိုက်သစ်အလုံခန်းမကြီးအတွင်း၌ ဂေါ်ရခါးစစ်တပ်အစောင့်အရှောက်ဖြင့် လုံခြုံစွာထားပြီးလျှင် ယင်း စိန်ဖူးတော်ကြီးကိုစေတီတော်ပြန်လည်တည်ဆောက်နေစဉ်အခါ၌ အများပြည်သူရှင်လူရဟန်းတို့အား ဖူးမြော်ခွင့်ပြုခဲ့ပါကြောင်း။

ပြည်ထောင်စုအစိုးရနိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ အာသီသဆန္ဒအရ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ထီးတော်တင်ပွဲ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်ပွဲကို (၁၁၁၅)ခု၊ တန်ခူးလပြည့်နေ့တွင် ဆင်နွှဲရန်ဖြစ်သည်။ ယင်းသို့ကန့်သတ်ထားရှိသောအချိန်အတွင်း ပြီးစီးအောင်မြင်နိုင်ပါရန်အတွက် တရားဝန်ကြီးဒေါက်တာဦးအေးမောင်နှင့် ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်လူကြီးများ နေ့ညမပြတ်လုပ်သားပေါင်း(၈၀၀)ကျော်နှင့် မီးမောင်းကြီးများတပ်ဆင်ပြီးလျှင် အပူတပြင်းတည်ဆောက်ခဲ့ပါကြောင်း။

စေတီတော်ကြီး အသစ်တစ်ဖန်ပြန်လည်တည်ဆောက်ရာ၌ အရပ်ရပ်ကုန်ကျမည့်စရိတ်ကို နိုင်ငံတော်အစိုးရအဖွဲ့က လုံးဝတာဝန်ယူထားငြားလည်း ပြည်သူ၊ ပြည်သားတို့၏စေတနာသဒ္ဓါတရားအလျောက် ငှင်းပြန်လည်တည်ဆောက်ရေးအတွက်လှူဒါန်းနိုင်ကြပါရန် အလှူငွေ များကောက်ခံရာ၌ ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များအပြင် စေတ နာ့ဝန်ထမ်းဘဏ္ဍာရေးတာဝန်ခံလူကြီးမင်းများအဖွဲ့နှင့် အမျိုးသမီးများအဖွဲ့ကလည်း တာဝန်ယူ၍ ယိုင်းပင်းကူညီခဲ့ပါကြောင်း။

ယခုပြန်လည်တည်ဆောက်လျက်ရှိသော စေတီတော်မြတ်ကြီး၌

အသစ်တစ်ဖန်တပ်ဆင်ရန်အတွက် ကျွမ်းကျင်သောပုဂ္ဂိုလ်များ၏ အကူအညီဖြင့် ထီးတော်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ပုံစံအတိုင်း ခေတ်အလိုက်ဘော်သားထီးတော်သစ်ကြီးဖြစ်၍ မူလပုံတော်ဟောင်းများ၏ နမူနာအတိုင်း(အလျား၄ပေ၊၅လက်မ၊ အနံ၂ပေ၊၃ . ၅လက်မ)ရှိ ငှက်မြတ်နားတော်အသစ်နှင့်တကွ စိန်ဖူးတော်သစ်မှာ အမြင့်သန်လျက်အစွန်းအထိ (၁)ပေ၊(၅)လက်မ၊ အဝ(၁၀)လက်မရှိပြီးလျှင်၊ စိန်ဖူးတော်အောက်ခံ အရှည်မှာ(၃)ပေရှိ၍ စိန်ဖူးတော်အထက်သန်လျက်မှသည် အောက်ခြေတိုင်အဆုံးထိ (၄)ပေ၊(၅)လက်မရှိသည် ဖြစ်ပါကြောင်း။

ထီးတော်တစ်ဘုံလျှင် ဘော်သားဖြင့် ပြုလုပ်အပ်သောဆည်းလည်း(၂၄)လုံးစီချိတ်ဆွဲ၍ ဘော်သားဆည်းလည်းပေါင်း(၁၂၀)ဖြစ်ပါ သဖြင့် သာယာချိုအေးလှသောဆည်းလည်းသံများ အမြဲလိုပင်ထွက်ပေါ်လျက်ရှိနေပါသည်။

ထိုပြင်အထက်ဖော်ပြခဲ့သည့်အတိုင်း စေတီတော်မြတ်ကြီးအပြီးတိုင် ပြန်လည်တည်ဆောက်ရန်တာဝန်ကို **နိုင်ငံတော်အစိုးရက လုံးဝတာဝန်ယူထားသည့်အလျောက်** ယင်းသို့ပြန်လည်တည်ဆောက်ပြီးစီးသည့် အခါစေတီတော်မြတ်ကြီးသပ္ပာယ်ကြည်ညိုဖွယ်ရာ ဖြစ်စေရန် မြော်မှန်းကာ **ဂေါပကဘဏ္ဍာတော်ထိန်းလူကြီးဟောင်းတစ်ဦးဖြစ် သောသူဌေးဦးစိန်ဝင်း၊ ဇနီးဒေါ်သန်းမြင့်နှင့် နှမဒေါ်ကြွယ်၊ ညီဦးသက်မင်းတို့က တန်ဖိုးမြောက်များစွာတန်သော ရွှေသားအစစ်၊ ရွှေပြားများကို ငှက်ပျောဖူးတော်၌ စေတီတော်မြတ်ကြီး မပြိုပျက်မီအချိန်က လှူဒါန်းခဲ့သည့်နည်းတူ ငှက်ပျောဖူးတော်သစ်ကိုလည်း ရွှေပြားကပ်ရန်အတွက် သီးသန့်ငွေတစ်သိန်း**ကို လှူဒါန်းပြီးဖြစ်၍ ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များက မိမိတို့နှင့်အတူ အများပြည်သူတို့ပါ ဝမ်းမြောက်ဝမ်းသာ၊ သာဓုအနုမောဒနာပြုကြပါရန် ထည့်သွင်းဖော်

ပြုအပ်ပါကြောင်း။

အထက်တစ်နေရာ၌ဖော်ပြထားခဲ့သည့်အတိုင်း ထိုစဉ်အခါက ဗုဒ္ဓကိစ္စကြီးကို ဆောင်ရွက်လျက်ရှိသောဂေါပကဘဏ္ဍာတော်ထိန်းများ နှင့် ပြင်ပပုဂ္ဂိုလ်ကြီးများပါ စည်းလုံးညီညွတ်စွာပူးပေါင်း၍ နောက်ဆုံး အကြိမ်ပြန်လည်တည်ဆောက်ကိုးကွယ်ခဲ့သည့် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးမှာ ဤသမိုင်းတစ်နေရာ၌ သီးသန့်ဖော်ပြထားသည့် အတိုင်း သက္ကရာဇ်(၁၂၉၂)ခုနှစ်၊ မြေငလျင်ဘေးဒဏ်ကြောင့် မြေသို့ ခရှာသောအချိန်(၂၀၂တောင်၊ ၂မိုက်)အမြင့်ဆောင်၍ ပထမပစ္စယာ၏ လုံးပတ်တော်မှာကား ပေပေါင်း(၉၂၀)ပေမျှသာရှိ၏။ ယခု သက္ကရာဇ် (၁၃၁၅)ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက်၌ ထမြောက်အောင်မြင်ကြီးမားစွာ ပြန်လည်တည်ဆောက်ပြီးစီးပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ အားပေးမှု၊ ဘာသာဝင်ပြည်သူ လူထု၏ကူညီမှုဖြင့် တရားဝန်ကြီးဒေါက်တာဦးအေးမောင်အမှူးရှိသော ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့်ခန့်မှန်းသည်ထက် အချိန်တစ်လစောပြီး (၁၃၁၅)ခုနှစ်၊ နတ်တော်လပြည့်ကျော်(၂)ရက်၊ နံနက်(၉)နာရီ(၄၅)မိနစ်အချိန်တွင်စေတီတော်မြတ်ကြီး၏ သံထည်လုပ်ငန်းအပြီးတိုင်ခဲ့၍ နောက်ရက်သတ္တတစ်ပတ်အကြာဖြစ်သော နတ်တော်လပြည့်ကျော်(၉)ရက်နေ့တွင် အုတ်ထည်လုပ်ငန်းပါပြီးစီးခဲ့လေသည်။ ယင်းသို့ ပြန်လည်တည်ဆောက်ပြီးစီးခြင်းများကိုဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုကြရန်အတွက် **(၁၃၁၅)ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၁)ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဦးဘဦး**သည် မင်းခမ်းမင်းနားဖြင့် ရန်ကုန်မြို့မှကြွရောက်လာသည်။ ပဲခူးမြို့သို့ တင်ကြိုရောက်ရှိနေသော ဝန်ကြီးချုပ်နှင့်အတူ စေတီတော်မြတ်ကြီးအား ကြည်ညိုဖူးမြော်ပြီးလျှင် သံဃာအပါး(၁၀၀၀)တို့အား

ဆွမ်းကြီးလောင်းလှူရာ ပရိသတ်များမှာတိုးမပေါက်အောင် စည်ကား ခဲ့၏။

ထိုနောက်အဖွဲ့၏အစီအစဉ်အရ(၁၃၁၅)ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၆)ရက်နေ့တွင် စေတီတော်မြတ်ကြီး၏ခေါင်းလောင်းပုံအတွင်း၌ပြုလုပ်ထားအပ်သည့် ဌပနာတိုက်ထဲသို့ အများပြည်သူရှင်လူအပေါင်းတို့လှူဒါန်းထားရှိသော ဗုဒ္ဓရုပ်ပွားတော်မြောက်မြားစွာနှင့် ပရိဘောဂတို့ကိုစတင်ပင့်ဆောင်၍ **လျှော်သောဒဏ်ကြောင့်ပြိုပျက်သောအခါမှ သိမ်းဆည်းထားရှိ၍ အဖိုးများစွာထိုက်တန်သော ကျောက်စိမ်းရုပ်ပွားတော်(၃)ဆူ၊ ရွှေဆင်းတုရုပ်ပွားတော်များ**နှင့်တကွ နောက်ထပ်လာရောက်လှူဒါန်းကြသည့် **ငွေဆင်းတုရုပ်ပွားတော်(၃၆၁)ဆူ၊ ငွေစေတီတော်(၅၂၄)ဆူ၊ ငွေပ ဒေသာပင်(၅၄၃)ပင်၊ ငွေဗောဓိပင်(၃၅၁)ပင်၊ ငွေဆည်းလည်း(၉၂၁)၊ ငွေခေါင်းလောင်း(၂၈၉)၊ ငွေကြေးစည်(၈၀)နှင့် အခြားသော ငွေထည်ပစ္စည်း** အရပ်ရပ်တို့ကိုလည်း နောက်နေ့များ၌ ဆက်လက်၍ ရထားပျံဖြင့် ပင့်ဆောင်ပြီးလျှင် ဌာပနာတိုက်အတွင်းရှိခန်းမကြီး၌ သွတ်သွင်းဌာပနာထားပါကြောင်း။

## ထီးတင်ပွဲကျင်းပခြင်းအကြောင်း

(၁၃၁၅)ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက်နေ့၌ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် ပဲခူးမြို့သို့ တစ်ဖန်ပြန်လည်ကြွရောက်ကြီးမှူး၍ ပထမဘုံ ငွေထီးတော်ပထမအဆင့်ကို ရှင်လူရဟန်းပရိသတ်များနှင့် အတူအောင်မြင်စွာတင်လိုက်ကြရာဝယ် အနယ်နယ်မှ ဘုရားဖူးများဖြင့် ကုန်းတော်ရင်ပြင်တော်တစ်ရပ်လုံး ပြည့်နှက်လျက်ရှိနေလေသည်။ ထီးတော်တင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း အမြောက်များပစ်ဖောက်၍ မြန်မာ့လေတပ်မတော်မှ လေယာဉ်ပျံတို့ကလည်း စေတီတော်မြတ်ကြီးကိုလှည့်ပျံ



" မဏိကုဏ္ဍလဘိုးဘိုးကြီး "

ပတ္တမြားနားတောင်းပန်ဆင်သော ဘိုးဘိုးကြီးရုပ်တုနှင့် နတ်နန်း အနောက်ရင်ပြင်မုခ်ဦးအနီးတွင်ရှိသည် ။

ဝဲကာပန်းများကို ကောင်းကင်ဝေဟင်မှကျဲချခြင်းဖြင့် ပူဇော်အထူးကိုပြု လိုက်ကြလေသည်။

(၁၃၁၅)ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက်နေ့တွင် တစ်ဖန် ဆက်လက်၍ ထီးတော်ဒုတိယအဆင့်၊ နောက်လဆန်း(၁၀)ရက်နှင့်(၁၁) ရက်နေ့များတွင် ကျန်တတိယ၊ စတုတ္ထနှင့် ပဥ္စမဆင့်များကိုတင်ပြန်လေ သည်။ လဆန်း(၁၂)ရက်နေ့တွင် ရွှေသားကွပ်၊ ငွေဆပ်သွားဖူးတော်ကို အထက်ပါနည်းအတိုင်းတင်ပြီးလျှင်၊ လဆန်း(၁၃)ရက်နေ့တွင် သိန်းပေါင်း များစွာထိုက်တန်၍ ကျောက်မျက်ရတနာများဖြင့်ပြီးသော ရွှေသားငှက် မြတ်နားနှင့် စိန်ပန်းပွင့်၊ စိန်ပန်းခက်ကြီးငယ်အသွယ်သွယ်တပ်ဆင်ခြယ် လှယ်ထားရှိအပ်၍ အချီးကျသော ရွှေသားစိန်ဖူးတော်များကို ၄င်းနေ့ မ တိုင်မီ အောင်မြင်စွာတင်ခဲ့သည်။ ယခင်နေ့များနည်းတူ အောင်မြင် ကြောင်း အထိမ်းအမှတ်ဖြင့် အမြောက်များ ပစ်ဖောက်သည့်အပြင်လည်း အထူးလေယာဉ်ပျံများက စေတီတော်မြတ်ကြီးအား (၁၀၈)ပတ်လှည့်လည် ပျံဝဲကာပန်းပေါက်ပေါက်များကျဲကာ ထပ်လောင်း၍ ပူဇော်ကြသည်။ ထို နေ့က ကုန်းတော်ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးလူထုပရိသတ်များ ကြိတ် ကြိတ်တိုးစည်းကားသည်မှာ ပဲခူးရာဇဝင်တွင်မကြုံခဲ့ပေ။

## အကျဉ်းသားများ လျှော့ရက်နှင့်ဘေးမဲ့လွတ်ငြိမ်းခွင့်ပေးခဲ့ပုံ

ယင်းသို့မကြုံစဖူးထူးကဲစွာစေတီတော်မြတ်ကြီးကို အပြီးတိုင် ပြန် လည်တည်ဆောက်နိုင်သည့်အထိမ်းအမှတ်ဖြင့်လည်း နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ထောင်များအတွင်းရှိ သာမန်အကျဉ်းသမား များ၏ ထောင်ဒဏ်ကို တစ်လလျှော့ခြင်း၊ သေဒဏ်ကျခံနေရသော အ

ကျဦးသမားများအနက်မှလည်း ကံကောင်းသူအချို့ကို မဲဖြင့် သေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်များကိုပေးခဲ့ပါကြောင်း။

ဤသို့လျှင်(၁၂၉၂)ခုနှစ်၊ ကဆုန်လဆန်း(၉)ရက်နေ့က ငလျင်ဘေးဒဏ်ကြောင့် မြေသို့ခရရှာပြီး နှစ်ပေါင်း(၂၃)နှစ်မျှ ပြန်လည်တည်ဆောက်ခြင်ငှာမစွမ်းနိုင်ခဲ့သောမော်ဓောရှင်စေတီတော်မြတ်ကြီးကိုလျင်ခသည်ဒဏ်မှ ခံနိုင်ရန်အတွက် စည်ပင်သာယာရုံးအင်ဂျင်နီယာချုပ်ကြီးဦးကျော်စိန်စီစဉ်ပေးအပ်သောစနစ်အရ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခဲ့ရာ ထီးတော်မှစ၍ ငှက်မြတ်နားစိန်ဖူးတော်ကိုပါ တင်နိုင်၍ သက္ကရာဇ်(၁၃၁၅)ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၃)ရက်နေ့တွင် အလုံးစုံခမ်းနားသိုက်မြိုက်စွာဖြင့် ပြီးစီးအောင်မြင်ခဲ့လေပြီ။ ဝမ်းမြောက်ဝမ်းသာသာဓုခေါ်ရန်ပင်တည်း။

ထိုသို့စေတီတော်မြတ်ကြီးကို အသစ်တစ်ဖန်ပြန်လည်တည်ဆောက်ပြီး၍ အများပြည်သူတို့လာရောက်ကြည်ညိုဖူးမြော်ကြသည်ကို ရွှင်လန်းဝမ်းမြောက်သည့်အလျောက် ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများက ဤစေတီတည်ဆောက်ရေးအတွက် အစိုးရအဖွဲ့မှ သီးသန့်၍လှူဒါန်းထားသောအလှူတော်ရန်ပုံငွေမှ ယခု မကုန်ကျန်ရှိနေသေးသောငွေ(၄)သိန်းခန့်ကို ပြန်လည်မရုပ်သိမ်းပါ။ ယခုလာမည့် တန်ခူးလ၌ကျင်းပလတ္တံ့သောပွဲတော်အမီ စေတီတော်မြတ်ကြီးအား ဖိနပ်တော်အထိ ရွှေသင်္ကန်းဆက်လက်ကပ်လှူပြီး ကုန်းတော်ရင်ပြင်တစ်ဝိုက်၌လည်းကျောက်ပြားများခင်းပေးပါရန် တရားဝန်ကြီးဒေါက်တာဦးအေးမောင်နှင့် ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များအား တာဝန်ပေးခဲ့သည်။ ဝန်ကြီးချုပ်၏တိုက်တွန်းချက်ကို လက်ခံပြီးဖြစ်သည့်အတိုင်း ယင်းရွှေသင်္ကန်းကပ်လှူ၍ ကျောက်ပြားများခင်းရန်နှင့် စေတီတော်မြတ်သစ်ကြီးနှင့် သင့်တင့်လျောက်ပတ်စွာဖြစ်စေရန်လည်း ရင်ပြင်တော်တစ်ဝိုက်ကို မဟာရံ

တံတိုင်းကာ၍ အာရုံခံမုခ်ဦးတန်ဆောင်းသစ်များကိုပါ တည်ဆောက်ရန် ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ကစိုင်းပြင်းလျက်ရှိနေပါသောကြောင့် ထိုကုသိုလ်တော်များအတွက် မလုံလောက်ထပ်မံလိုအပ်သောငွေများကို ယခုအခါ စေတနာ့ဝန်ထမ်းဘဏ္ဍာရေးတာဝန်ခံလူကြီးများ၏ အကူအညီကိုခံယူကာ အလှူတော်ငွေများကောက်ခံလျက်ရှိနေပါကြောင်း။

ယခုအသစ်တစ်ဖန်ပြန်လည်တည်ဆောက်ပြီးစီးသော၍ဆုတောင်းမော်ဓောရှင်စေတီတော်မြတ်ကြီးမှာ ကမ္ဘာတည်သရွေ့အများ ဘာသာဝင်အပေါင်းတို့ နှစ်ထောင်းအားရရွှင်လန်းစွာကြည်ညိုဖူးမြော်ကြပါစေသော်။

## ရွှေသင်္ကန်းနှင့်ရောင်စုံကျောက်ပြားများ

ပြန်လည်တည်ဆောက်ပြီးသော ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်ကြီးအား လာမည့်(၁၃၁၈)ခု၊(၁၉၅၆)ခုနှစ် ဘုရားပွဲတော်အမီ

(၁) ရွှေချရန်ကျန်ရှိနေသောစေတီတော်ကြီး၏ ပစ္စယာများနှင့် ခြေရင်းတော်မှ ပန်းတင်ခုံအထိ ဆက်လက်ရွှေသင်္ကန်းကပ်လှူရန်။

(၂) ကုန်းတော်ရင်ပြင်တစ်ဝိုက်၌လည်း ရောင်စုံကျောက်ပြားများခင်းရန် ဘဏ္ဍာတော်ထိန်းအဖွဲ့က စိုင်ပြင်းလျက်ရှိနေကြပါသည်။

ရင်ပြင်တော်စနေထောင့်၌ တံတိုင်းအတွင်းရှိ အရံစေတီတော်ဟောင်းများမှ ရရှိသောဓာတ်တော်များကိုစုပေါင်း၍ ဌာပနာထားသောစေတီတော်တစ်ဆူကို **"ဓာတ်ပေါင်းစေတီ"**ဘွဲ့အမည်ဖြင့် ဘဏ္ဍာတော်ထိန်းအဖွဲ့မှတည်ဆောက်ထားရှိရာ အထူးပင်ကြည်ညိုဖွယ်ကောင်းလှပါကြောင်း။ ထိုပြင် အနောက်ဘက်စောင်းတန်းအနီး အလယ်ပစ္စယာ၌ ရပ်ဝေးမှရောက်ရှိလာသော ဘုရားဖူးဧည့်သည်များ ခေတ္တတည်းခိုနေနိုင်ရန် အ

တွက် သာလာယံဇရပ်တစ်ဆောင်ကိုလည်း ဘဏ္ဍာတော်ထိန်းအဖွဲ့က တည်ဆောက်ထားရှိပြီး ဖြစ်ခဲ့ပါသည်။

## ကြေးငွေစာရင်းချုပ်

နိုင်ငံတော်အစိုးရထံမှ သိန်း(၃၀)လှူဒါန်း၍ တိုင်းပြည်လူထုနှင့် သူဌေးဦးစိန်ဝင်းမောင်နှမတစ်စုလှူဒါန်းသောငွေ(၁)သိန်းပါ၊ ပေါင်း(၉) သိန်းခန့်အလှူခံရရှိပြီး လက်ရှိဘဏ္ဍာတော်ငွေ(၈)သိန်းကျော်ဖြင့် မ , တည် ကာ စေတီတော်မြတ်ကြီးပြန်လည်တည်ဆောက်ခဲ့ရာ ယခု(၁၃၁၇)ခုနှစ် အထိသိန်းပေါင်း(၄၅)သိန်းကျော်ကုန်ကျသွားပြီဖြစ်ပါကြောင်း။

## အာရုံခံတန်ဆောင်းများ

စေတီတော်ကြီးတည်ဆောက်ပြီးသည့်နောက်ပိုင်းတွင် ပြိုပျက် လျက်ရှိသော **အနောက်ဘက်စောင်းတန်းအတက်** မုခ်ဦးတန်ဆောင်းမှ ဆက်လက်၍ ကုန်းတော်ရင်ပြင်တော်ပေါ်သို့ **ရန်ကုန်မြို့ မြန်မာအင် ဂျင်နီယာသမဂ္ဂ**တို့က သံတန်ဆောင်းသစ်ကြီးကို ဆောက်လုပ်လှူဒါန်း ကြပါသည်။ ထိုသံတန်ဆောင်းအတွင်း၌ **ဟံသာဝတီဆန်စက်ပိုင်ရှင် ဦးယုံစိန်၊ ဒေါ်စိန်ကြည်**တို့က သံဆွဲတံခါးကြီးများ တပ်ဆင်လှူဒါန်း ထားသဖြင့် စောင်းတန်းနှင့် များစွာပနံရလှပေ၏။

စေတီတော်၏ပတ်ဝန်းကျင်ရင်ပြင်ပေါ်ရှိ **အရှေ့ဘက်အာရုံခံ တန်ဆောင်း**ကို **ရန်ကုန်မြို့၊ ရွှေတောင်တန်းပွဲစားကြီးဦးစံ၊ ဒေါ်တင်** တို့က စေတနာထက်သန်လှစွာဖြင့် အသပြာကြေးငွေအမြောက်အမြား အကုန်ခံ၍ (၁၃၁၈)ခုနှစ်၊ အတွင်းမှာပင် တည်ဆောက်ပြီးမြောက်ခဲ့သော

အရှေ့အာရုံခံတန်ဆောင်ကြီးမှာ တင့်တယ်ဆန်းကြယ်လှပေ၏။

**မြောက်ဘက်မုခ်ဦး** အာရုံခံတန်ဆောင်းကို **ပဲခူးမြို့ အပေါင်ဆိုင် သူဌေးဦးအစစ်နှင့် ဦးဇင်ရင်** ညီအကိုတို့က လှူဒါန်းပါသည်။

**တောင်ဘက်မုခ်ဦး** အာရုံခံတန်ဆောင်းကို ဇိုင်းဂနိုင်းရပ်၊ **ဆန်စက်ပိုင်ရှင်ဒေါ်အေးမြ၊ ဒေါ်စောရင်ညီမ၊ ဒေါ်အုံးတင်ညီအစ်မ** တစ်စုတို့ကလည်းကောင်း။

**အနောက်ဘက်မုခ်ဦး** အာရုံခံတန်ဆောင်းကို **လိပ်ပြာကန်ရပ် ဒေါ်ငွေနှင်း၊ အမှုးရှိသောညီအစ်မတစ်စု**တို့က တာဝန်ယူ၍ ဆောက်လုပ်လှူဒါန်းကြပါသည်။

ထိုပြင် **မြောက်ဘက်စောင်းတန်း**အတက်အဆင်း၌ မြန်မာ့သုခုမအနုပညာလက်စွမ်းဖြင့် ပဲခူးမြို့ **ရွှေစကြာဆေးလိပ်ရုံပိုင်ရှင် ဦးချစ်ဖေ၊ ဒေါ်ငွေရင်၊ အမှုးရှိသောဆေးလိပ်ရုံလုပ်သားများက** ဆောက်လုပ်လှူဒါန်းထားသောစောင်းတန်းမှာလည်း "သိကြားဗိမာန်ဝေဇယန္တာယာပြသဒ်ကို ပြက်ရယ်ပြုနေသည့်ပမာ"လွန်စွာဆန်းကြယ်လှ၍ အထူးပင်သာဓုအနုမောဒနာပြုဖို့ရန်ကောင်းလှပေကြောင်း။

## မီးသင့်ခဲ့သော တောင်ဘက်စောင်းတန်းသစ်ကြီး

ရှေးယခင်က ပန်းသည် အလှကုန်နှင့် နိဗ္ဗာန်ကုန်သည်များ၊ ယွန်းထည်ဆိုင်စသည့်တို့ဖြင့် တင့်တယ်စည်ကားလျက်ရှိသော စေတီတော်ကြီး၏ တောင်ဘက်စောင်းတန်းသစ်ကြီးမှာ လွန်ခဲ့သော(၁၃၂၅)ခု၊ နှောင်းတန်ခူးလဆန်း(၈)ရက်နေ့က ပဲခူးမြို့၊ မြို့တွင်းအရှေ့ရပ်ကွက် တစ်ခုလုံး မီးလောင်ကျွမ်းရာတွင် လေဟုန်နှင့်စောင်းတန်းကြီးပါ မီးကူးစက်လောင်ကျွမ်းပျက်စီးခဲ့ရလေသည်။

ထိုသို့မီးလောင်ပြိုပျက်ပြီးသည့်နောက် အသစ်ပြန်လည်တည်ဆောက်ရေးအတွက် ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့၏ တိုက်တွန်းနှိုးဆော်ချက်အရ

(က) ဝေးနီးမြို့ရွာတို့မှ ပေါ်ပေါက်လာသောအလှူရှင်တို့၏ သဒ္ဓါစေတနာထက်သန်မှုများကြောင့်လည်းကောင်း။

(ခ) ရန်ကုန်မြို့၊ မြန်မာအင်ဂျင်နီယာသမဂ္ဂမှ အင်ဂျင်နီယာကြီး ဦးထွန်းတင်၏စေတနာ့ဝန်ထမ်းအဖြစ်နှင့် ကြီးကြပ်မှုကြောင့်လည်းကောင်း စောင်းတန်းသစ်ကြီးမှာ (၁၃၃၀)ခု၊ နယုန်လဆုတ်(၁၃)ရက်နေ့တွင် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ရှိခဲ့သည်။

အဆိုပါစောင်းတန်းသစ်ကြီးနှင့် ပန်းရလောက်အောင် သနပ္ပင်လမ်းဘက်မှ **အတက်မုခ်ဦးဝတန်ဆောင်းကို ညောင်လေးပင်မြို့ ရက္ခာတော်ဆရာဝန်ကြီးဦးဘသင်နှင့်ဒေါ်ချစ်**တို့က မဟာဗောဓိပုံတော်ဖြင့် ဘုရားဖူးလုပ်သားပြည်သူများ ကြည်ညိုစဖွယ် တင့်တယ် အုတ်အင်္ဂတေထုကြီးစွာဖြင့်ခမ်းနားစွာတည်ဆောက်ခဲ့ကြောင်းကိုလည်း ထပ်လောင်း၍ ညွှန်ပြလိုက်ပါသည်။

လွန်ခဲ့သော(၁၂၉၂)ခုနှစ်၊ ကဆုန်လတွင်လှုပ်သော ငလျင်ဘေးဒဏ်ကြောင့် စေတီတော်ကြီးပြိုပျက်၍ ထီးတော်ပါမြေခရာတွင်တောင်ဘက် စောင်းတန်းလည်း ပါဝင်ပျက်စီး ဖရိုဖရဲဖြစ်နေစဉ်ဘဏ္ဍာရေးချို့တဲ့မှုကြောင့် ၎င်းစောင်းတန်းကိုယာယီအားဖြင့်သာ ပြုပြင်၍ထားခဲ့ရလေသည်။ ယခု(၁၃၁၈)ခုနှစ်သို့ရောက်ရှိမှပင် အလှူရှင်ဒါယကာ၊ဒါယိကာမများ စေတနာအလျောက်ပေါ်ပေါက်လာကြသဖြင့် အဆိုပါတန်ဆောင်းကြီးကို အုတ်၊ အင်္ဂတေတို့ဖြင့် အသစ်တစ်ဖန်တည်ဆောက်ပြီးမြောက်သွားသည်ကို အများပြည်သူတို့ ကြည်ညိုဝမ်းမြောက်စွာ သာဓုခေါ်ရန်ပင်ဖြစ်




ပုဂံအာနန္ဒာဘုရား၏ (မှု) ကိုယူ၍ တည်ဆောက်ခဲ့ရာ (၁၃၁၈)ခု တန်ဆောင်မုန်းလ (၁၉၅၇)ခုနှစ်တွင် ပြီးစီးသည်။

ကြောင်း။

(၁၃၇၄)ခုနှစ်တွင် အင်္ဂတေထုမုခ်ဦးအန္တရာယ်ရှိနိုင်၍ တောင်ဘက်မုခ်ဦးကို မြန်မာမှုပြုလုပ်၍ အလှူရှင်များဒါနနှင့် ဂေါပကအဖွဲ့က အခြားအထက်မုခ်ဦးများအတိုင်း မြန်မာမှုဆောင်ရွက် အသစ်တည်ဆောက်ခဲ့ပါသည်။

## ငါးဆူရှင်ဖမ္ဗူအေးစေတီ

ယမန်နှစ်ကတည်ဆောက်ပြီးစီးခဲ့သော မာတ်ပေါင်းစေတီတော်နှင့် သိဒ္ဓိရှင်စေတီများအလားတူစေတီတော်တစ်ဆူကို ကုန်းတော်ရင်ပြင်ရာဟုထောင့်၌ ဆက်လက်တည်ဆောက်ခဲ့ရာ (၁၃၁၈)ခုနှစ် တန်ဆောင်းမုန်းအတွင်းက အောင်မြင်ပြီးစီးလေသည်။

### ဘွဲ့တော်

ဤစေတီတော်သစ်၌ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်ကြီးကို အသစ်တစ်ဖန်ပြန်လည်တည်ဆောက်စဉ်က တူးဖော်ရရှိသောရှေးဟောင်းဓာတ်တော်နှင့် ရုပ်ပွားတော်မျိုးစုံများကိုပါ ထည့်သွင်း၌ာပနာပြီး လျှင်ပုံတော်မှာ ပုဂံအာနန္ဒာဘုရား၏(မူ)ကို ယူ၍ တည်ဆောက်ပြီး ငါးမျက်နှာ၌ ရုပ်ပွားတော်(၅)ဆူ ပူဇော်ထားသည်ကိုအကြောင်းပြုလျက် **"ငါးဆူရှင်ဖမ္ဗူအေးစေတီ"**ဟုမှည့်ခေါ်ကာ ဘုရားဒါယကာများက ဗုဒ္ဓဘိသေကမင်္ဂလာဖြင့် အနေကဇာတင်ထားပါကြောင်း။

### အာရုံခံ မှန်တန်ဆောင်းတော်

ဂေါပကအဖွဲ့၏ဦးဆောင်စီမံစည်းရုံးမှုဖြင့်(၂၀၁၂)ခုနှစ်တွင် အာရုံခံတန်ဆောင်းတော်များကို မှန်အလုံအာရုံခံများအဖြစ်သို့ ပြုပြင်ဆောက်

လုပ်ခဲ့ပါသည်။ ဘုရားဖူးသူရဟန်းရှင်လူနှင့် ဧည့်သည်များသည် မိုးကာလအတွင်း မိုးပက်ခြင်း၊ လေတိုက်ခြင်းကြောင့် ကုသိုလ်ပြုကြည်ညိုရာတွင် အာရုံပျက်ပြားခြင်းမှကာကွယ်နိုင်သည်။ နွေကာလတွင်လည်းပူပြင်းသောလေများ၊ ဆောင်းကာလတွင်လည်း ဆောင်းလေအေးများကြောင့် အေးချမ်းလွန်းကဲကျန်းမာရေးထိခိုက်မှုမှကာကွယ်နိုင်ပါသည်။ မှန်တန်ဆောင်းတစ်ခုလျှင်သိန်း(၆၀)ခန့်တန်ဖိုးရှိသည်။

(၁) တောင်ဘက်၌ ဝန်ကြီးချုပ်ဦးဉာဏ်ဝင်း၊ ဇနီးဒေါ်မြင့်မြင့်စိုး မိသားစု

(၂) အနောက်ဘက်၌ ဦးလှတင်၊ ဇနီးဒေါ်စန်းစန်းအေး(ရွှေမြင်းပျံရွှေဆိုင်–ပဲခူးမြို့)မိသားစု

(၃) မြောက်ဘက်၌ ကိုငြိမ်းချမ်း၊ ဇနီးမဖြူဖြူအောင်(အောင်သမာဓိရွှေဆိုင်–မန္တလေး)မိသားစု

(၄) အရှေ့ဘက်၌ ဦးမျိုးဆွေ၊ ဇနီးဒေါ်မိမိသက်(စိန်ဟင်း)မိသားစု

တို့က အာရုံခံများကို သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့ကြပါသည်။

## ဤတွင်
## ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးသမိုင်း
## ပြီး၏။

## ရွှေမော်ဓောဘုရားမူလရင်ပြင်ပုံ



## ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်ကြီး၏ ဉာဏ်တော်အမြင့်အတိုင်းအတာများ

| | |
|---|---|
| ရင်ပြင်တော်မှ ပထမပန်းတင်ခုံအထိအမြင့် | (၈)ပေ |
| ပထမပန်းတင်ခုံမှ ဒုတိယပန်းတင်ခုံအထိ | (၉)ပေ |
| ဒုတိယပန်းတင်ခုံမှ ပထမပစ္စယာအထိ | (၃၆)ပေ |
| ပထမပစ္စယာမှ ဒုတိယပစ္စယာအထိ | (၂၄)ပေ |
| ကြေးပိုင်း(ကြေးဝန်း)ငါးဆင့် | (၂၃)ပေ |
| | ၁၀၀ ပေ |
| ခေါင်းလောင်းပုံအမြင့် | (၇၀)ပေ |
| ဖောင်း(ဖောင်းရစ်) | (၄၅)ပေ |
| ကြာမှောက်ကြာလှန် | (၄၅)ပေ |
| ငှက်ပျောဖူး | (၆၂)ပေ |
| | ၂၂၂ ပေ |

**ရင်ပြင်မှ ငှက်ပျောဖူးအထိ (၃၂၂)ပေ**

| | |
|---|---|
| ထီးတော်(ကလာပ်ပါ) | (၁၇)ပေ၊(၆)လက်မ |
| ဆပ်သွားဖူး | (၁၁)ပေ |
| ငှက်မြတ်နား | (၈)ပေ |
| စိန်ဖူးတိုင် | (၃)ပေ၊(၉)လက်မ |
| စိန်ဖူး(ထိပ်အထိ) | (၁)ပေ၊(၆)လက်မ |
| | ၅၀ ပေ၊ ၉ လက်မ |

**ရင်ပြင်မှစိန်ဖူးထိပ်အထိ(၃၇၃)ပေ၊(၉)လက်မ**




ကမာကူရ ဂျပန် ရုပ်ပွားတော်

ဒုတိယကမ္ဘာစစ်အတွင်း ပဲခူးမြို့အနီးတွင် ကျဆုံးသွားသော ဖခင်ဖြစ်သူ MR. GITAROO SUZUKI အားရည်စူး၍ ဂျပန်နိုင်ငံယိုကိုဟားမားမြို့နေ သားဖြစ်သူMR. YOSHIAKI SUZUKI က "ကမာကူရ" (ဂျပန်) ရုပ်ပွားတော်မြတ်ကို (၂၉-၅-၉၆) ရက်နေ့တွင် လှူဒါန်းပါသည်။ တောင်ဘက်စောင်းတန်း ဂန္ဓကုဋီတိုက် အတွင်း စံပယ်တော်မူသည်။

## ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်ကြီး၏ လုံးပတ်တော် အတိုင်းအတာများ

| | |
|---|---|
| ပထမပန်းတင်ခုံ စေတီရံ(၆၄)ဆူလုံးပတ်တော် | (၁၄၁၈)ပေ |
| ဒုတိယပန်းတင်ခုံ စေတီရံ(၅၇)ဆူလုံးပတ်တော် | (၁၁၂၈)ပေ |
| ပထမပစ္စယာ လုံးပတ်တော် | (၉၃၂)ပေ |
| ဒုတိယပစ္စယာ လုံးပတ်တော် | (၆၈၀)ပေ |
| ကြေးဝိုင်း(အောက်ဆုံး) လုံးပတ်တော် | (၆၃၂)ပေ |
| ခေါင်းလောင်းနှုတ်ခမ်း လုံးပတ်တော် | (၃၈၆)ပေ၊(၇)လက်မ |
| ခေါင်းလောင်းထိပ် အကျယ် | (၁၂၃)ပေ |
| လုံးပတ်တော် | (၂၅၂)ပေ |
| အကျယ် | (၈၀)ပေ |
| ကြာမှောက်၊ကြာလှန် ထိပ်ဝအကျယ် | (၃၁)ပေ |
| ငှက်ပျောဖူး(အောက်ခြေ) အကျယ် | (၂၉)ပေ |
| ငှက်ပျောဖူး(ထိပ်ဝ) အကျယ် | (၄)ပေ |
| ထီးတော် ပထမအဆင့်ထိပ်ဝ အကျယ် | (၄)ပေ |

# THE SHWEMAWDAW PAGODA

Load Buddha in His life time Bestowed two sacred Hairs on two devout Buddhist brothers, Mahasala and Cullasala, who bore them back to Bago and enshrined them on the Sudasana Hill and build a pagoda, seventy five reet high, above the spot. In 825 A.D and 840 A.D., Kings Thamala and Wimala raised the heigh of the Pagoda to eighty-one feet and eight-eight respectively. Throughout history it continued to be an important place of religious veneration drawing large crowds and the most powerful of kings. Successive Myanmar and Mon Kings repaired, enheightened or regilded it, and among them King Anurama added one sacred Tooth of the Lord to the relies in 982 A.D. In 1385 A.D., King Rajadarit enshrined another sacred Tooth and extended his merits by building shrines at the Shwemawdaw feeding a thousand monks throughout a seven day festival and offered his weight in gold in a Tula-dana ceremony. Dhamazedi( 1472-1492 )built a stockade west of the Pagoda,set up his elephant stables and dwelt in a palace there. He made offerings at the Pagoda, including two huge copper bells. He raised the height to 277 feet, Byinnyaran (1492-1526)replaced the old *Htee* blown



**မဟာ ဃန ကြေးမောင်းတော်ကြီး**

"အောင်စည်ဆော်ငြိမ်း–ပြည်သာကိန်း" အတိတ်နိမိတ်ဖြင့် ကောဇာသက္ကရာဇ်(၁၃၃၃) ခုနှစ်တွင် စတင်စီစဉ်ခဲ့သော မဟာဃနကြေးမောင်းကြီး ကို အများပြည်သူ ကုသိုလ်တော်အဖြစ် ၁၃၃၈ (၁၉၇၆) ခုနှစ်တွင် အပြီးသွန်းလုပ်ပြီး ရင်ပြင်ပေါ် တနင်္ဂနွေထောင့်တွင် ထားရှိသည်။ ကြေးမောင်းကြီး ကို ရန်ကုန်မြို့ ဆိပ်ကမ်း ကော်ပိုရေးရှင်း မှသွန်းလုပ်ပေးသည်။ ကြေး အလေးချိန် မှာ (၁၃၃၈) ပိဿာ ရှိသည်။ သွန်းလုပ်ပြီးသည့် သက္ကရာဇ် နှင့် ကြေးအလေးချိန် တို့မှာ ကိန်းဂဏန်း (၁၃၃၈) တစ်ခုတည်း ဖြစ်သည်။

down by a high wind in 1492. At his accession. Tabin-Shwe- Hti (1537-1550)decided to have his ears bored at the Shwemawdaw and no where else and accomplished it under the eyes of the Mons who were then ruling Pegu. Bayin naung(1551-1581)broke up his crown and used its jewels to adorn the spire. He build many surrounding monasteries. Alaungpaya (1752-1760)worshipped at the Shwemawdaw and gave solemn thanks for his victories. Bodawpaya (1782-1819)constructed many edifices on the plaform and raised the height to 297 feet. He elevated the *Htee* on the fullmoon day of Tagu in the year 1796 A.D. Since rhen, Tagu fullmoon day has been the festival day of the Pagoda.After the British annexation of Myanmar. Wundauk U Waik put up a new *Htee* in 1882.

The *Htee* touched earth after an earthquake tremor in 1912. Another earthquake in 1917 shattered the Psgoda down to the bell-shape. Part of the *Hnget-pyaw-bu* (plantain bud shaped bulbousspire) hurled down then may still be seen at the north-east corner of the Pagoda. The Pagoda was fully reconstructed by 1920.

On the fifth night of May, 1930, a severe earthquake affected the Pegu area. At 8:15 p.m the Pagoda trempled, swayed and after terrible thundering noises toppled over like a huge mountain. All that remained was



**မဟာ ဃန ကြေးမောင်းတော်ကြီး**

"အောင်စည်ဆော်ငြိမ်း–ပြည်သာကိန်း" အတိတ်နိမိတ်ဖြင့် ကောဇာသက္ကရာဇ်(၁၃၃၃) ခုနှစ်တွင် စတင်စီစဉ်ခဲ့သော မဟာဃနကြေးမောင်းကြီး ကို အများပြည်သူ ကုသိုလ်တော်အဖြစ် ၁၃၃၈ (၁၉၇၆) ခုနှစ်တွင် အပြီးသွန်းလုပ်ပြီး ရင်ပြင်ပေါ် တနင်္ဂနွေထောင့်တွင် ထားရှိသည်။ ကြေးမောင်းကြီး ကို ရန်ကုန်မြို့ ဆိပ်ကမ်း ကော်ပိုရေးရှင်း မှသွန်းလုပ်ပေးသည်။ ကြေး အလေးချိန် မှာ (၁၃၃၈) ပိဿာ ရှိသည်။ သွန်းလုပ်ပြီးသည့် သက္ကရာဇ် နှင့် ကြေးအလေးချိန် တို့မှာ ကိန်းဂဏန်း (၁၃၃၈) တစ်ခုတည်း ဖြစ်သည်။

down by a high wind in 1492. At his accession. Tabin-Shwe- Hti (1537-1550)decided to have his ears bored at the Shwemawdaw and no where else and accomplished it under the eyes of the Mons who were then ruling Pegu. Bayin naung(1551-1581)broke up his crown and used its jewels to adorn the spire. He build many surrounding monasteries. Alaungpaya (1752-1760)worshipped at the Shwemawdaw and gave solemn thanks for his victories. Bodawpaya (1782-1819)constructed many edifices on the plaform and raised the height to 297 feet. He elevated the *Htee* on the fullmoon day of Tagu in the year 1796 A.D. Since rhen, Tagu fullmoon day has been the festival day of the Pagoda.After the British annexation of Myanmar. Wundauk U Waik put up a new *Htee* in 1882.

The *Htee* touched earth after an earthquake tremor in 1912. Another earthquake in 1917 shattered the Psgoda down to the bell-shape. Part of the *Hnget-pyaw-bu* (plantain bud shaped bulbousspire) hurled down then may still be seen at the north-east corner of the Pagoda. The Pagoda was fully reconstructed by 1920.

On the fifth night of May, 1930, a severe earthquake affected the Pegu area. At 8:15 p.m the Pagoda trempled, swayed and after terrible thundering noises toppled over like a huge mountain. All that remained was

a mound of bricks sliced from the bell -shape south-eastward to the first terrace below. This was the fifth time that the Pagoda had been almost completely destroyed in earthquakes. However Myanmar piety and philanthropy soon endeavoured to re-erect the Psgoda. Immediately before and during the war years attempts were made to reconstruct the Pagoda but difficulties in the procurement of the required building materials upset all plans.

With the war's end and regaining of Independence hopes rose again and on the 24th of January, 1948, then the first President of Myanmar drove in the pegs to start the immediate work of broadening the base of the Psgoda. A large Reconstruction Board was formed and the work begun. The Responsible Person laid the foundation stone on the 18th April,1951. The Reconstruction Board in time proved to be too unweildy and need was felt for a smaller, more coherent committee to quicken the work of reconstruction. Under the new scheme, the old Psgoda Trustees and the Reconstruction Board yiedded place to a nine-men Trust Committee which consisted of three members nominated by the Government, three members representing the old Psgoda Trustees, and three elected by the Reconstruction Board. Deputy Commissioner

U Ba Po, Executive Engineer Mr.Lim Gyin Kho and Deputy Commissioner Sithu U Maung Maung were nominatedby the Government, Member of the Chamber of Nationalities U Tun Maung, Pleaers U Tun Myint and U Aung Thein represented the old Trustees, and Millers U TheinPe, U Kyaw Sein and U Ba Chit were elected by the Reconstruction Board. Thado Thiri Thudhamma DR. E Maung supervised the reconstruction on behalf of the Union Government.

Members of the old Pagoda Trust Committee and the Reconstruction Board leavened by a womem'ssection of wives of officials and elders of the town formed a Fund Committee to solicit for public contribution towards the cost of reconstruction. They gave of their time and effort unstintingly as did the public of what it could afford. The public contribution was usually sufficient to meet the daily wage bill over 700 day workers and some 500 night workers. The cost of reconstruction from the first day to May 1953 was met by funds from the Pagoda's private account, about 11 lakhs of rupees, and such contribution as received from the public. To eliminate stoppages and delays for lack of funds. Parliament voted 30 lakhs of rupees. Thus the work of reconstruction was greatly expedited Work was completed at 3 p.m on the

30th December 1953 a year ahead of schedule.

The President Dr.Ba U, The Pesponsible Person Cabinet Ministers and high officials together with an unprecedented crowd of pilgrims from all parts of Myanmar hoisted the new *Htee* and *Seinbu* with memorable ceremony in April 1954. The new *Htee* as designed, befits a Republic. Previous *Htee*, of the times of monarchs, represented a crown; the present *Htee* is in the shape of an umbrella.

## STRUCTURAL DIMEMSIONS


| | | |
|---|---|---|
| Heigh , above the platfrom | 373' 8" | |
| Perimeter | 1418' | |
| Parts of the Pagoda: | | |
| First base | 8' | |
| Second base | 9' | |
| First Terrace | 36' | |
| Second Terrace | 24' | |
| Kyay Waing | 23' | |
| Total | 100' | |
| Bell-dome | 70' | |
| Embossed bands | 45' | |
| Lotus Flowers | 45' | |
| Hngetpyawbu(Plantian Bud) | 62' | |
| Total | 222' | Steel work7 |
| Htee | 27' 6" | |
| Satthwa-hpu | 11' | |
| Vane | 8' | |
| Shaft of Seinbu | 3' 9" | |
| Seinbu(Diamond Bud) | 1' 6" | |
| Total | 51' 9" | |
| Circumference of Bell-mouth | 386' 7" | |
| Diameter of Bell-mouth | 123' | |

## Dimensions of the Shwe Dagon Pagoda for comparison

| | |
|---|---|
| Heigh, above the platfrom | 326' |
| Perimeter | 1420' |
| Diameter of Bell-mouth | 141' |



၁၃၁၅–ခုနှစ် တန်ခူးလပြည့်နေ့၌
ထမြောက်အောင်မြင်စွာ အခမ်းအနား နှင့် တင်သော
ရွှေမော်ဓော စေတီတော်မြတ် ၏ စိန်ဖူးတော်သစ်



သက္ကရာဇ် ၁၉၁၀– ပြည့်နှစ်က
ကျောက်စာဌာနမှ ရိုက်ကူးထားသော ရွှေမော်ဓော ပုံတော်




စိတ္တသုခကျောင်းတော်မှ ရုပ်ပွားတော်

တောင်ဘက်စောင်းတန်း ဂန္ဓကုဋိတိုက် အတွင်း ကိန်းဝပ် စံပယ်တော်မူသည်။

# SHWEMAWDAW PAGODA



BEFORE THE GREAT EARTHQUAKE OF 1930.
၁၉၃၀ ခုနှစ် ငလျင်ကြီး မတိုင်မီ



AFTER THE DISASTROUS EARTHQUAKE.
ငလျင် အပြီး မြေသောငက်ပျောဖူးတွင် စေတီနှင့်မှတ်တမ်း



စေတီတော်ကြီးကို ထီးတော်တင်စဉ် ဖူးမြော်ရပုံ
ဟံသာဝတီ ဓာတ်ပုံဆိုင်မှ ကျေးဇူးပြုသည်။

## ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး သမိုင်းစာအုပ် (ကေဒသမအကြိမ်) တွင် ပြင်ဆင်ရန်အချက်များ

| အမှတ်စဉ် | စာမျက်နှာ အညွှန်း | စာကြောင်းရေ | မှားယွင်းဖော်ပြချက်များ | ပြင်ဆင်ရန်အချက်များ |
|---|---|---|---|---|
| ၁။ | စာမျက်နှာ(ဆ)<br>စာမျက်နှာ(ဆ) | ၁၅<br>၁၇ | ၃၁။ ကောဇာသက္ကရာဇ် (၁၁၉၅) ခုနှစ်တွင်…<br>၃၂။ (၁၂၃၄) ခုနှစ် တတိယအကြိမ်လျှင်… | ၃၁။ ကောဇာသက္ကရာဇ် (၁၁၁၉) ခုနှစ်တွင် ……………………<br>၃၂။ (၁၂၇၄) ခုနှစ်၊ တတိယအကြိမ် လျှင်………………………… |
| ၂။ | စာမျက်နှာ(၂) | ၁၂<br>၂၀/၂၁ | ဒါ၊ ဝိ၊ ဝေ<br>သက္ကရာဇ် (၈၆၄၅) ခုနှစ် ဖြစ်သည်။ | နာ၊ ဝိ၊ ဝေ<br>အဆိုပါသက္ကရာဇ်နှင့်စာသားကို ပယ်ဖျက်ရန်။ |
| ၃။ | စာမျက်နှာ(၁၆)<br>စာမျက်နှာ(၁၇) | ၂၂<br>၃ | (ချင်သံင်စာ)<br>(တ) | (ချင်သံင်တ်)<br>(တ်)တူကားတည်သည် ထွန်းသည်။ |
| ၄။ | စာမျက်နှာ(၁၈)<br>စာမျက်နှာ(၁၈) | ၄<br>၅/၆ | အတွင်းခံ ရွှေအချိန် နှစ်ဆယ့်ငါးပိဿာ၊ ခုနှစ်ဆယ့်ငါးကျပ်သား<br>အပြင်ကွပ်ငွေအချိန် သုံးဆယ်ပိဿာရှိ၏။ အမြင့်သုံးတောင်နှစ်မိုက် ရှိသော ရှုဋ္ဌသာလအရပ်၊ ….. | အတွင်းခံ ရွှေအချိန် နှစ်ဆယ့်ခြောက်ပိဿာငါးဆယ်ကျပ်သား<br>အပြင်ကွပ်ငွေ အချိန်သုံးဆယ်ပိဿာ ငါးဆယ်သားရှိ၍ အမြင့်သုံးတောင် နှစ်မိုက် လက်လေးသစ်ရှိ မဟာသာလ အရပ်၊ ရှုဋ္ဌသာလအရပ်၊….. |

| အမှတ်စဉ် | စာမျက်နှာ အညွှန်း | စာကြောင်းရေ | မူလဖော်ပြချက်များ | ပြင်ဆင်ရန်အချက်များ |
|---|---|---|---|---|
| ၅။ | စာမျက်နှာ(၂၄) | ဒုတိယ စာပိုဒ် စာကြောင်းရေ (၄) မှ (၁၁) အထိ | မြတ်စွာဘုရား ရွှေပြည် နိဗ္ဗာန် စံလွန်တော်မူ သည်မှ................ ........................ (၁၁၁၆) ခု၊ တပို့တွဲ လပြည့်ကျော် (၁) ရက် ဟု ဆိုပါသည်။ | မြတ်စွာဘုရား ရွှေပြည်နိဗ္ဗာန် စံလွန်တော်မူသည်မှ သာသနာနှစ်ရောက်လစ် ကောဇာ (၅၆) ခုနှစ်တွင် သမလကုမ္မာ ဗျာဒိတ်ရ လောင်းရာဇာသည် ညီတော် ဝိမလမင်းသားကို အိမ်ရှေ့(ဥပရာဇ်) ထားကာ ဟသ်ာနိမိတ်အကြောင်း ဟိတ်ဖြင့်နိပ် ကမ္ဘည်းစာမော်ကွန်းဖွာ လျက် "ဟံသာဝတီ" မည်သော မင်းနေပြည်တော်ကို ဇန်ဆင်းတည် ထောင်ခဲ့သည်ဟု ဆိုသည်။ (မွန်ရာဇဝင် သမိုင်းချုပ်တစ်ရပ်မှာ ပုပ္ပါးစောရဟန်း မင်းဖြိုကြွင်း သက္ကရာဇ်(၁၁၇)ခု၊ သာသနာနှစ် (၁၃၆၉) ခုတွင်မှ ဟံသာဝတီ(ပဲခူး) ပြည်တွင် ဗျာဒိတ်ရ "သမလမင်း" နန်းစိုက်စပြု၏။ ဤကား မွန်ရာဇဝင်နှင့် မော်စောသမိုင်း ဟောင်းအလိုတည်း။ |
| ၆။ | စာမျက်နှာ(၃၄) | စာမျက်နှာ တစ်ခုလုံး | ဟံသာဝတီ ဒုတိယမြို့ တည်မင်းဆက် ဗညားဦး ၁၈။ ထို့နောက် ဗညားဦး မင်းသည် ................ သက္ကရာဇ် (၇၄၅) ခုနှစ် တွင် နန်းကျတော်မူသည်။ စွယ်တော်ဓာတ်ဌာပနာ[illegible] ဗညားနွဲ့ ၁၉။ ဗညားနွဲ့ဘွဲ့ခံ ရာဇာ ဓိရာဇ်မင်းသည် .......... ထိုစွယ်တော်ထည့်သော ရွှေသပိတ် စသည်တို့ကို ဆက်သလာ၏။ | စာမျက်နှာ(၃၄)၊ စာမျက်နှာတစ်ခုလုံး မူလဖော်ပြချက်များကို စာမျက်နှာ (၃၅) တွင် ဖော်ပြရန်ဖြစ်ပါသည်။ |

| အမှတ်စဉ် | စာမျက်နှာ အညွှန်း | စာကြောင်းရေ | မူလဖော်ပြချက်များ | ပြင်ဆင်ရန်အချက်များ |
|---|---|---|---|---|
| ၇။ | စာမျက်နှာ(၃၅) | စာမျက်နှာ တစ်ခုလုံး | ဟံသာဝတီ ပထမမြို့တည် မင်းဆက်ဇယားနှင့် ရွှေမောဓောစေတီ ဉာဏ်တော်အမြင့် မှတ်သားရန် အမှတ်(၁)မှ (၁၇) အထိ | စာမျက်နှာ(၃၅) စာမျက်နှာတစ်ခုလုံးရှိ မူလဖော်ပြချက်ဇယား အမှတ်စဉ်(၁)မှ (၁၇) နှင့် မှတ်ချက်ပါ စာသားများကို စာမျက်နှာ(၃၄) တွင် ဖော်ပြရန်ဖြစ်ပါသည်။ |
| ၈။ | စာမျက်နှာ(၃၅) | ဇယား အမှတ်စဉ်(၇) | မဂါဒိပ္ပမင်းကြီး | မိဂါဒိပ္ပမင်းကြီး |
| | စာမျက်နှာ(၃၅) | ဇယား ဉာဏ်တော် | ၈၀ | ၈၇ |
| ၉။ | စာမျက်နှာ(၄၃) | ဇယားအမှတ် စဉ် ၁၇။(က) | ဧဓင်ကာ | ဧဇင်ကာ |
| ၁၀။ | စာမျက်နှာ(၅၀) | စာကြောင်းရေ (၁) | ကောဇာသက္ကရာဇ် (၁၁၉၅) ခုနှစ်တွင် | ကောဇာသက္ကရာဇ် (၁၁၁၉) ခုနှစ်တွင် ........................................ |
| ၁၁။ | စာမျက်နှာ(၅၃) | စာကြောင်းရေ (၂၀) | ကောဇာသက္ကရာဇ် (၁၂၃၄) ခုနှစ် | ကောဇာသက္ကရာဇ် (၁၂၇၄) ခုနှစ် ........................................ |
| ၁၂။ | စာမျက်နှာ(၅၅) | စာကြောင်းရေ (၁၇) | တနင်္ဂနွေထောင့်၌ တည်ရှိနေ၍............ | .......... တနင်္လာထောင့်၌ တည်ရှိနေ၍ .................................... |
| ၁၃။ | စာမျက်နှာ(၈၁) | ပထမစာပိုဒ် စာကြောင်းရေ | အထက်တစ်နေရာ၌....... ............................ | အထက်တစ်နေရာ၌................. ........................................ |
| | | (၂)မှ (၁၁)အထိ | ပြန်လည်တည်ဆောက် ပြီးစီးပါသည်။ | ပြန်လည်တည်ဆောက်ပြီးစီးပါသည်။ ထီးတော် ငှက်မြတ်နားနှင့် စိန်ဖူးတော်များပါ တင်နိုင်ခဲ့သော စေတီတော်မြတ်၏ ဉာဏ်တော်မှာ (ရင်ပြင်တော်မှ စိန်ဖူးထိပ်အထိ ပေပေါင်း ၃၇၃ ပေနှင့် ၉ လက်မ) သို့မဟုတ် (၂၄၉ တောင်နှင့် ၁ မိုက်) အမြင့်ဆောင်၍ ပထမပစ္စယာ၏ လုံးပတ်တော်မှာ ပေပေါင်း ၉၃၂ ပေရှိ၍ ပထမပန်းတင်ခုံတွင် စေတီရံပေါင်း ၆၄ ဆူနှင့် ဒုတိယပန်းတင်ခုံတွင် စေတီရံ ၅၇ ဆူရှိပါကြောင်း ဖော်ပြအပ်ပါသည်။ |